

အလိုတော်ပြည့်စုံဖို့
ကိုယ့်အလင်းကို လင်းကြစို့
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
အမှတ် (၁၀၄)၊ အင်းယားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
2016-2017
SHALOM Magazine
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
SHALOM Magazine 2016-2017
HOLY CROSS
THEOLOGICAL COLLEGE
အလိုတော်ပြည့်စုံဖို့
ကိုယ့်အလင်းကို လင်းကြစို့



# ဥယျောဇဉ်

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် (၂၀၁၆–၁၇) စာသင်နှစ်၏ ရှာလုမ်စာစောင်ကို ထုတ်ဝေနိုင်သည့်အတွက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ဤစာစောင်ဖြစ်မြောက်ရန်အတွက် ဝိုင်းဝန်းပံ့ပိုးသူအားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

ယခုစာသင်နှစ်၏ဆောင်ပုဒ်အဖြစ် ''ဘုရားသခင်၏အလိုတော်ပြည့်စုံဖို့ ကိုယ့်အလင်းကိုလင်းကြစို့'' ဟူသည့်အချက်ကို ဦးတည်လျက်အမှုတော်မြတ်အတွက် လေ့လာသင်ယူခြင်း၊ ပြင်ဆင်ခြင်း၊ ကြိုးစားအားထုတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ပြောင်းလဲသည့်ခေတ်အခြေအနေ၏ စိန်ခေါ်မှုအတွင်း၌ ဘုရားသခင်၏ အမှုတော်မြတ်ကို ကိုယ်၊ စိတ်၊ နှလုံးအကြွင်းမဲ့ ဆက်ကပ်အသုံးတော်ခံနိုင်သည့် အစေခံများဖြစ်ရန် ပြင်ဆင်နေသည့်အရာအတွက် သတိရဆုတောင်းပေးခြင်း၊ ကူညီဖေးမခြင်းများ ဆက်လက်ပြုလုပ်ပေးပါရန် မေတ္တာရပ်ခံပါသည်။

ဤရှာလုမ်စာစောင်အားဖြင့် မိတ်ဆွေတို့အပေါ် ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာအစဉ်တည်ရှိလျက် လောက၏အလင်းများ ဖြစ်ကြပါစေ . . . . . ။

ကျေးဇူးတင်လျက်

ဘုန်းတော်ကြီးရှမွေလစံမြတ်ရွှေ
ကျောင်းအုပ်ကြီး



Rev. Dr. Samuel San Myat Shwe
( B.Th, Ph.D)
Principal



Naw Myat Su Mon
(B.Sc, B.Th, M.T.S, D.Th



Rev. Wai Moo
(B.Th, M.A.T.S, M.Th
Dean of Studient



Rev. Dr. Andrew Zaw Lwin
( B.A, M.Div, Th.M, D.Min)



Sayarma Saga Hkawng Tawng
(B.Sc, B.R.E, M.A.C.E)



Rev. Salai David
( B.A, B.Th, M.A.C.S)



Deacon Enoka
(B.Th, M.Div)



Sayarma Mary Hninn Hninn Aye
(B.Th, B.Sc, M.T.S, M.Th) Ph.D (Candidate)



Rev. Saw John Thet Lwin
(Librarian in charge)



Rev. Canon.Dr. Mark Saw Maung
Doe (B.A, B.D, MTS, Ph.D)



Naw Lwin Thida Myint
(B.Sc, B.Th, M.T.S, M.Th (Candidate)



Rev. Moses Kaser Htaw
(B.Th, M.Div, M.Th (Candidate)



Dr. Cynthia Yin Yin Maw
D.Min



Rev. Dr. Simon Be Bin Htu
( B.Sc, M.Div, M.Th, D.Min)



Dr. U Aung Hla Tun
(E.Enn; (Met), M.E; (Met), D.D)



Rev. Allan Kyaw Myo Naing
(B.Th, M.Div, D.Min (Candidate)



Rev. Winston Aung Myo Tun
(B.Th, B.A, M.A.C.S)



Sayar Joshua Myat Zaw



Sayama Daw Wai Wai Myint
(B.A, M.T.S ) Assistant Librarian



Sayama Naw Mercy See Sein Soe
(B.A, M.Res, MACS) Assistant Librarian



Sayarma Naw Sheba Movin
( B.A)



Deacon Saw Khalay Saw
B.Th., M.Div



Rev. Saw Klo Htoo Wah
B.Sc., B.Th., M.Div



Rev. Smith Ngut Za Thawng
( B.Sc, B.R.E, M.Th (F.D.CS)



**Rev. Daniel Dwe**
(B.A., B.R.E., MACS.)



**Grace Mee Bya**
B.Sc; M.Div.;M.Th.; D.Min.



**Dr. Daw Khin Thida yunt**
B.Sc; B.R.R.; M.Th.; D.Min.



**U Saw David**
Gardener



**U Naw Aung**



**Sayama Naw Martha**
(B.A, B.Th, MACS) Head of Office



**Nant Thandar Win**
Office Assistant



**Nant San Phaung Bwa**
Accountant



**U Saw Myat Thin**
Maintenance



**Nant Yin Yin Win**
Cook



**Saya John Brang Aung**
(B.Th, M.Div (Candidate)



**Ma Po Po Myint Maung**
B.Th, M.Div I (MIT)



**Sa Shine Luke**
B.Th, M.Div I (MIT)



၂၀၁၅- ၂၀၁၆ ပညာသင်နှစ် ဘွဲ့ရကျောင်းသူကျောင်းသားများနှင့် အမှတ်တရ











ဓမ္မဝိဇ္ဇာဘွဲ့ကျောင်းဆင်းများ

# ကျောင်းဆင်းပွဲပုံရိပ်များ





အမှုတော်ဆောင်ခြင်းဆိုင်ရာ မဟာဘွဲ့ကျောင်းဆင်းသူများ







ဘွဲ့ရသူများနှင့် မိသားစုမိတ်ဆုံစားပွဲ



ကျောင်းသားဟောင်းများတွေ့ဆုံပွဲ
















# သုံးပွင့်ဆိုင် မိတ်သဟာရအစီအစဉ်







မောင်မယ်သစ်လွင်ကြိုဆိုပွဲ



ဘုရင်နှင့် မိဖုရား



တရားဟောခြင်းပြိုင်ပွဲမှ ဆုရသူများ



တရားဟောပြိုင်ပွဲမှ ဒိုင်လူကြီးများ



သမ္မာကျမ်းစာနေ့ အထိမ်းအမှတ် ပြိုင်ပွဲဝင်ပြိုင်ပုံ



ကိုယ်တိုင်ရေးစပ်သီချင်းဆိုပြိုင်ပွဲ





အထူးကျောင်းသားနှစ်ဦး



ကျောင်း၏ ဘောလုံးအသင်း









ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးအတွက်
အင်တိုက်အားတိုက် လုပ်အားပေးခဲ့



အမှုတော်ဆောင်ခြင်းဆိုင်ရာ မဟာဘွဲ့ကျောင်းဆင်းများ



စာပေထူးချွန်ဆုရကျောင်းသားမှ
စာတမ်းဖတ်ကြားခြင်း



ဘွဲ့ရကျောင်းသူကျောင်းသားများ

# အယ်ဒီတာ့စကား



မထိုက်တန်သော်လည်းကိုယ်တော်ရှင်၏အမှုတော်မှာ ပါဝင်ဆပ်ကပ်ခွင့်ပေး သည့်အတွက် ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ ဤစာအုပ်ဖြစ်မြောက်ဖို့ ခွန်အားနဲ့လမ်းညွှန်မှု ပေးတဲ့ဘုရားသခင်ကိုကျေးဇူးတင်ပါတယ်။ အဖက်ဖက်မှ ဝိုင်းဝန်းကူညီကြသော နာမည်အားဖြင့် မဖော်ပြသော်လည်း အားလုံးကိုအထူးကျေးဇူးတင်ပါတယ်။ မတတ်ကျွမ်းသော ဤတာဝန်အား ခံယူရရှိသော်လည်း ဘုရားသခင်ပါရှိမှုကြောင့် အခက်ခဲများစွာကို ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ဤစာအုပ်လေးအားဖတ်ရှုခြင်းဖြင့် ဘုရားသခင်ထံမှလာသော ကောင်းကြီးမင်္ဂလာအပေါင်း သွန်းလောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးပါတယ်။ အမှားများပါရှိပါက ခရစ်တော်ပေးသော ချစ်ခြင်းအားဖြင့် ခွင့်လွှတ်ပေးပါရန် ထပ်မံပြီး ဆုတောင်းပေးလျက် ．．．．．．．．။

စောအယ်ဒိုစိုး
တာဝန်ခံအယ်ဒီတာ

# ရှာလုမ်မဂ္ဂဇင်းကော်မတီ
## (၂၀၁၆-၂၀၁၇)

နာယက - ဘုန်းတော်ကြီးဒေါက်တာရှမွေလစံမြတ်ရွှေ
အကြံပေးနှင့် စာမူစိစစ်ရေး - ဘုန်းတော်ကြီး ဝင်စတန်အောင်မျိုးထွန်း
- သင်းထောက်ရှမွေလစောခလေးစော
- ဘုန်းတော်ကြီး စောကလိုထူးဝါး
- သင်းထောက်ဆရာဘရန်အောင်
တာဝန်ခံစာတည်း - စောအယ်ဒိုစိုး
တွဲဖက်တာဝန်ခံစာတည်း - စောဂျွန်ထင်လင်း
သဘာပတိ - စောဘုန်းကျော်လင်း
ဘဏ္ဍာထိန်း - စောဘာဘလုထူး

စာမူစုဆောင်းရေးတာဝန်ခံများ - ဆွတ်ထိန်မွန်အောန်း (အင်တာဗျူး)
ဒေးဗစ်ဆေးငမ် (ဝတ္ထု)
ဆလိုင်းမျိုးဇော်ထွန်း (ကဗျာ)
ဖရန်စစ်ယဲလ်ထင် (ကာတွန်း၊ ဟာသ)
ပေါလ်စိုးလင်းအောင် (ဆောင်းပါး)
ဂျာလီအောင် (သက်သေခံချက်)

ဖြန့်ချိရေးအဖွဲ့ - မောင်လုကာအောင်ဇင်ဦး (ရန်ကုန်)
ဆလိုင်းမိုးသူရကျော် (ပြည်)
ဂျော့ချ်တင်ထွဋ် (မြစ်ဝကျွန်းပေါ်)
စောအယ်မူးဝါး (ဘားအံ)
စောခရစ်မူး (တောင်ငူ)
မောင်မိုးဇက်မြင့်မိုရ်ဝင်း (မန္တလေး)
ဖိလစ်ဆိန်ဂေါန်ခွမ် (မြစ်ကြီးနား)
အောင်လင်းထွန်း (စစ်တွေ)

# ကျေးဇူးတင်စကား



သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ၂၀၁၆–၁၇ ပညာသင်နှစ်၏ ရှာလုပ်မဂ္ဂဇင်းအားထုတ်ဝေခွင့်ရသည့်အတွက် ဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းပါသည်။ စာအုပ်ထုတ်ဝေရန်အတွက် အားပေးသောကျောင်းအုပ် ဆရာကြီးနှင့် တကွ စာမူများကိုရေးပေးကြသော သာသနာပိုင်၊ ဘုန်းတော်ကြီးများနှင့် ဆရာဆရာမများအားလုံးကို အထူးကျေးဇူးတင်ပါသည်။ ကျောင်းသားခေါင်းဆောင်နှင့် ကျောင်းမှသူငယ်ချင်းများ၊ ဆရာ/မ များအားလုံးကိုလည်း ကျေးဇူးတင်ပါသည်။ အထူးသဖြင့် တာဝန်ခံအယ်ဒီတာ စောအယ်ဒိုစိုး၊ စာမူများကိုတည်းဖြတ်ပေးသော ဘုန်းတော်ကြီး ဝင်စတန်အောင်မျိုးထွန်းနှင့် မျက်နှာဖုံး၊ အတွင်းဒီဇိုင်းကို ပုံဖော်ပေးသော သင်းထောက်စောခလေးစောအားလည်းကောင်း၊ စာမူများ ရရှိရန်အတွက် ကူညီပေးကြသော ရှာလုပ်ကော်မတီအဖွဲ့ဝင် တစ်ဦးစီအား အထူးကျေးဇူးတင်ပါသည်။ ယမန်နှစ် ရှာလုပ်မဂ္ဂဇင်းအား ဝယ်ယူအားပေးကြသော မိဘညီအစ်ကို များအားလုံးကို အထူးကျေးဇူးတင်ပါသည်။ ထိုသို့ ဝယ်ယူအားပေးသောကြောင့် ကျွန်တော်တို့ ရှာလုပ်မဂ္ဂဇင်းအား ဆက်လက်ထုတ်ဝေခွင့်ရရှိခြင်း ဖြစ်ပါသည်။ ယမန်နှစ် ရှာလုပ်အဖွဲ့ဝင်များကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ဤရှာလုပ်မဂ္ဂဇင်းအားဖြင့် ဘုရားသခင်၏အလင်းကို ဝေမျှနိုင်မည်ဟုလည်း မျှော်လင့်ပါသည်။

ကျေးဇူးတော်အပေါင်းအစဉ်ရေတွက်လျက်

စောဘုန်းကျော်လင်း
ရှာလုပ်သဘာပတိ

SHALOM MAGAZINE

# မာတိကာ


| | | |
|---|---|---|
| ဘုန်းတော်ကြီးဒေါက်တာစံမြတ်ရွှေ (ကျောင်းအုပ်ကြီး) | ၀၀၁ | ဥယျောဇဉ် |
| | ၀၀၂ | ဓါတ်ပုံစာမျက်နှာများ |
| စောအယ်ဒိုစိုး | ၀၀၉ | အယ်ဒီတာ့စကား |
| | ၀၁၀ | ရှာလုမ်မဂ္ဂဇင်းကော်မတီ ၂၀၁၆–၂၀၁၇ ပညာသင်နှစ် |
| စောဘုန်းကျော်လင်း | ၀၁၁ | ကျေးဇူးတင်စကား |
| ဒေါ်ရှိုင်းနင်းထွန်း | ၀၁၄ | အဆိုအမိန့်များ စုစည်းမှု |
| ပျံ့လွှား (သံတောင်) | ၀၁၅ | ဒိုင်ယာရီ (ကဗျာ) |
| ဥာဏ်ကြီး | ၀၁၅ | ခရစ်တော်၏ ခရီးသည် (ကဗျာ) |
| စောမုတ်ဆိတ် (ကေတု) | ၀၁၆ | ခင်ဗျားဘာနဲ့လွဲသွားတာလဲ (ကဗျာ) |
| လေးနက်မှုလေး ရှိစေချင် | ၀၁၇ | ထီးစောမူး (စာညွှန်း) |
| ဆလိုင်းလူလှ | ၀၁၈ | ကြက်ဥ (ကဗျာ) |
| ပီ | ၀၁၉ | ငါတည်ခင်းသော ဝေဒနာ(ကဗျာ) |
| ပင်ပျိုကမ္ဘည်း | ၀၂၀ | အာပီတို (သံတောင်) |
| မောင်ကောင်းကြီး၊ မိုက်ခ်ဝါးတားစ် (အင်တာနက်) | ၀၂၁ | ကာတွန်း |
| | ၀၂၃ | ရင်တွင်းစကား |
| | ၀၃၅ | ဆရာ/မ၊ ကျောင်းသူ/သားဝန်ထမ်း အင်အား (၂၀၁၅–၁၆) |
| ဥာဏ်ကြီး | ၀၃၇ | တွဲလက်ညီစေ(ကဗျာ) |
| ဆလိုင်းလူလှ | ၀၃၈ | လက်ကျန် (ကဗျာ) |
| ခေတ္တလှူပြည့် | ၀၃၉ | ဟိုးအတိတ်သို့ တမ်းတခြင်း (ကဗျာ) |
| ကိုထူး (ပသိမြေ) | ၀၄၀ | ယနေ့အသင်းတော်များနှင့်ကုသခြင်း နှင့်ဝိညာဉ်ဆိုးများနှင်ထုတ်ခြင်း အမှုတော်မြတ် |
| ပထမနှစ် ကျောင်းသူ/သားများ | ၀၄၅ | နွေရာသီ အမှုတော်ဆောင်ခြင်းဆိုင် ရာကွင်းဆင်းလေ့လာခြင်းခရီးစဉ် |
| ဒေါက်တာစောအောင်လှထွန်း | ၀၄၇ | ဝမ်းမြောက်ဘွယ်သတင်းကောင်း ကြေငြာခြင်း၊ သာသနာပြုစုပျိုး ထောင်ခြင်းနှင့် ခရစ်ယာန်ဖွံ့ဖြိုးရေး |

| | | |
|---|---|---|
| ကိုမျိုး (ပြည်) | ၀၅၃ | မိုင်လေးတပ်စ်မြို့သားများနှင့်စကားစမြည် |
| တတိယနှစ်ကျောင်းသူ/သားများ | ၀၅၈ | Internship ခရီးစဉ် |
| ရှာလုမ်ကော်မတီ | ၀၆၀ | တေးသံရှင် အမွန်းနှင့်တွေ့ဆုံခြင်း |
| ရှာလုမ်ကော်မတီ | ၀၆၆ | ဒါရိုက်တာဂျွန်ပီတာနှင့် တွေ့ဆုံခြင်း |
| | ၀၇၂ | ဒုတိယနှစ်ကျောင်းသူ/သားများ၏ နွေရာသီကွင်းဆင်းလေ့လာခြင်းခရီးစဉ် |
| ပါဒရီအက်စ်ထန်အုပ် | ၀၇၄ | နိုင်ငံတော်တည်ထောင်ပါစေသော် |
| ဝါးဝါးဒို | ၀၇၉ | မေမေ့သားရင်တွင်းစကား |
| ဆဲပင်းမွန်း | ၀၈၂ | ဒုတိယအကြိမ် အချိန်ပိုင်းဆရာအဖြစ် ပေးဆပ်ခြင်း |
| ဏီ (ခုနစ်စင်ကြယ်) | ၀၈၇ | လောကကြီးကို အလင်းဆင်စို့ |
| ဆိုင်မွန်ဂျာလီအောင် | ၀၉၀ | ဂေါ်ပြားမှ ပေါက်ပြားသို့ |
| ဆလိုင်းငွေးလွင် (ဒီးဒုတ်) | ၀၉၃ | ယုံကြည်သူများ ခံစားရသော ဒုက္ခဝေဒနာ |
| ဆိုင်(န်)နရုဏ် | ၀၉၆ | အလင်းတစ်ပွင့် |
| လုကာအောင်ဖင်ဦး | ၀၉၈ | ဒုက္ခဆိုတာ အရောင်ဆိုးထားသော ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာ |
| Phyu Sin | ၁၀၁ | Friends - Special Gifts from God |
| Pee Ku | ၁၀၆ | The Grace of Forgiveness |
| Sheba Movin | ၁၀၈ | Let the Light of God shine through |
| Rev. Salai David | ၁၁၁ | Do Not be Worry |
| ဘုန်းတော်ကြီးအိုက်ခ်နောကာ | ၁၁၅ | ဘုရားသခင့်ကွဲပြားသော ရွေးကောက်တော်မူခြင်း |
| | ၁၁၈ | နောက်ဆုံးနှစ်ကျောင်းသူကျောင်းသားများ၏ ကွင်းဆင်းလေ့လာခြင်းခရီးစဉ် |
| ပုံနှိပ်မှတ်တမ်း | ၁၂၀ | |

# အဆိုအမိန့်များ

စုစည်းတင်ပြသူ ။ ဒေါ်ရှိုင်းနင်းထွန်း (သန့်ရှင်းသောကားတိုင်အသင်းတော်)

၁။ သန်းပေါင်းများစွာသောအံ့သြဖွယ်ရာတို့ကို သမ္မာကျမ်းစာဖွင့်လှစ်ခင်းကျင်းထားပါသည်။
ဂျော့(ချ်)ဟာ့ဘတ်

၂။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုမှန်ကန်ကြောင်းသက်သေပြရန်မလိုပါ။ သမ္မာကျမ်းစာကိုယ်တိုင်က သက်သေခံပါလိမ့်မည်။
ရစ်(ခ်)ဝါရင်

၃။ စိုးရိမ်ခြင်း၊ ပူပန်ခြင်းမှလွတ်မြောက်ရန်အတွက်ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်အပေါ်၌ရပ်တည်ရန် လိုအပ်ပါသည်။
ဒေးဗစ်ကီယုံချို

၄။ အခက်အခဲပြဿနာများကို ယုံကြည်ခြင်း၏အစာအာဟာရအဖြစ်မှီဝဲပါ။ ဂျော့(ချ်)မူးလာ

၅။ အပ်ချုပ်သမား၏အလုပ်သည် အဝတ်စားများကိုချုပ်ဖို့ဖြစ်သလို၊ ခရစ်ယာန်တို့၏အလုပ်သည် ဆုတောင်းခြင်း ဖြစ်သည်။
မာတင်လူသာ

၆။ သင်၏ရန်သူကိုမိတ်ဆွေကဲ့သို့ချစ်ပါ။ သို့ပြုလျှင်သင်သည် ဘုရားသခင်၏မိတ်ဆွေဖြစ်မည်။
ဘာစီလီယာရှလင့်ခ်

၇။ ဘုရားသခင်ကိုစိုးကြောက်သူသည် ဘယ်သောအခါမှလူ့မျက်နှာကိုမကြောက်ပါ။
ဂျွန်နော့စ်

၈။ ကြိုးစားမှု၊ ဆက်ကပ်မှု၊ စိတ်အားထက်သန်ခြင်းရှိသော်လည်း စည်းကမ်းမရှိလျှင်အချည်းနှီးဖြစ်သည်။
ဟတ်ဆင်တေလာ

၉။ သူတစ်ပါးကိုထိခိုက်ခြင်းထက် အလျှော့ပေးခြင်းက ပိုကောင်းပါသည်။ ခွန်းကြီးခွန်းငယ်ပြောခြင်းထက် ကျေးဇူးတစ် ခွန်းက ပိုမိုတန်ဖိုးရှိသည်။ ဝီလျံကယ်လီ

၁၀။ မှန်မှန်ကန်ကန်နေပြီး ဘာမှစကားမပြောတဲ့သူဟာစကားဖောင်ဖွဲ့ပြောတတ်သူထက်တော့ပိုပြီး အင်အားကြီးမားပါတယ်။
ဖီးလစ်(စ်)ဘရု(စ်)

၁၁။ မကောင်းသောလုပ်ရပ်များကိုဝန်ခံနိုင်ခြင်းသည် ကောင်းသောလုပ်ရပ်များ၏ အစပထမဖြစ်နိုင်ပါသည်။
စိန့်ဩဂတ်စတင်း

၁၂။ ဘုရားအလိုတော်ကို ဦးစားပေးဆောင်ရွက်သူတိုင်းပျော်ရွှင်ခြင်းမရှိဘူးဟုပြောတဲ့သူတစ်ဦးမှ မတွေ့ဖူးပါ။
ဝတ်(ချ်)မင်းနီး



# ဒိုင်ယာရီ

ပျံလွှား (သံတောင်)

အတ္တများနဲ့ စိတ်ဓါတ်စေရာ
လျှောက်လှမ်းခဲ့ဖူးတယ်
ဘုရားမဲ့တဲ့ဘဝ အမိုက်ညတစ်ခုလို
စမ်းတဝါးဝါးနဲ့
နှလုံးသားတစ်ထောင့်မှာ
ဒဏ်ရာလေးတစ်ခုရှိခဲ့ဖူးတယ်
သြော် ငါသိခဲ့ပြီ
အဓိပ္ပာယ်မဲ့တဲ့ လဟာပြင်ကြီးတစ်ခု
ဖြတ်လျှောက်ခဲ့မိလေခြင်း။

# ခရစ်တော်ရဲ့ ခရီးသည်

ဦးဘဏ်ကြီး

ဤခရီးနီးလား
နီးတော့နီးသား
လွယ်လွယ်မသွားပါ
အကွေ့အကောက်များစွာ
ရင်ဆိုင်ရမှာ
ကြောက်စိတ်ဖယ်သွား
ခရစ်တော်အားနဲ့
ယုံကြည်ခြင်းခြုံ
သစ္စာတရားငုံ
ဟိုမှာပန်းတိုင်
လက်ဝါးကားတိုင်။






# ခင်ဗျားဘာနဲ့လွဲသွားတာလဲ

စောမုတ်ဆိတ် (ကေတု)

မီးခြစ်ဆံလောက်တော့
သူလိုကိုယ်လို ထတောက်လို့ရတယ်
ခင်ဗျားအပြုံးဟာ
နာရီဘယ်လောက်ကြာဖူးလဲ
ကိုယ်ဟာ ဘယ်အမျိုးလဲဆိုတာ
ကိုယ့်အရိုးကိုယ် ခါတ်မှန်ရိုက်ကြည့်ဖူးလား
မှန်တယ်ထင်လို့ လုပ်ကြတာလေ
ခင်ဗျားမှားတယ်လို့ပြောရင်
ကြည်ကြည်ဖြူဖြူလက်ခွဲနှုတ်ဆက်မှာလား
ယမ်းငွေ့တွေအူထွက်နေတာတောင်
ဦးနှောက်ရှိတော့ ကောင်းကင်ဟာ
ဆေးရောင်စုံသတဲ့
ကြည့်ပေးပါ . . .
ကိုယ်ဘာနဲ့လွဲသွားသလဲဆိုတာ။



# လေးနက်မှုလေးရှိစေချင်

ထီးစောမူး

တကယ်ကျောင်းမတက်ချင်ဘဲနဲ့ ကျောင်းမလာပါနဲ့
ကျောင်းတော်ကြီးကိုဝမ်းနည်းစေတယ်

တကယ်အမှုတော်မဆောင်ချင်ဘဲနဲ့ ကျောင်းမလာပါနဲ့
အသင်းသူ၊ အသင်းသားတွေကို ဝမ်းနည်းစေတယ်

တကယ်စိတ်မပါဘဲ ကျောင်းမလာပါနဲ့
အလှူရှင်များကို အားနာရစေတယ်

တကယ်မဆက်ကပ်နိုင်ဘဲနဲ့ ကျောင်းမလာပါနဲ့
သာသနာပြုခြင်းမျိုးစေ့ကို ချပေးခဲ့တဲ့ခေါင်းဆောင်ကြီးများကို
စိတ်မကောင်းဖြစ်စေတယ်

တကယ်မလိုက်နာနိုင်ဘဲနဲ့ ကျောင်းမလာပါနဲ့
ဆက်ကပ်နေတဲ့သူတွေကို စိတ်ပျက်စေတယ်

တကယ်မစွန့်လွှတ်နိုင်ဘဲနဲ့ ကျောင်းမလာပါနဲ့
အမှုတော်ဆောင်တွေထမ်းရတဲ့ကားတိုင်က သာမာန်ထက်ပိုလေးတာမို့
စွန့်လွှတ်သင့်တာတွေစွန့်ပြီး လိုက်နာသင့်တာလိုက်နာရမှာ သဘာဝပါ

အမှုတော်ဆောင်တွေရဲ့ ဆက်ကပ်မှုကို သူတစ်ပါးအသိမှတ်မပြုလဲ
ဘုရားသခင်ကအသိမှတ်ပြုပြီးသားမို့ လေးနက်စွာအစေခံကြပါစို့။

O17 HCTC



# ကြက်ဥ

ဆလိုင်းလူလှ

အရောင်မတူ အဆင်းတွေကွဲ
ငါနဲ့မတူ ငါ့ရန်သူဟော့
အမှောင်လိုလူ အမြင်တွေမှဲ့
မှဲ့သဲသဲအမြင် အဟုတ်ထင်ပြီး
ဝါးလုံးရှည်ရမ်းတော့ အမုန်းပင်ပွင့်ပြီ
အမုန်းပွင့်ခူးဆွတ် အဆိပ်ကိုဖော်စပ်
အတိတ်ကိုချန်လှပ်ကာ အနာဂတ်အတွက်
အဆိပ်ခတ်ကြပြီ
တစ်လုံးတစ်ဝတည်း အမည်ရဖြေဆေး
ဓာတ်ခွဲခန်းမှာ စမ်းသပ်နေဆဲ
ဆုတောင်းကြပါ ကြိုးစားကြပါ
ဖြေဆေးအမြစ် ခရစ်တော်ပင်တည်း။



# ငါတည်ခင်းသောဝေဒနာ

ပီ

ကြိုမမြင်နိုင်တဲ့စစ်ပွဲတွေကြား
ငိုရရယ်ရနှင့်ဒုက္ခသုခအဖြာဖြာဝေ
အနိမ့်အမြင့်အတက်ကျ
ကာရံမညီဘူး
လူသားတွေရဲ့
ဘောင်ခတ်မှုအောက်မှာ
လောကစံကိုဖြတ်သန်းရှုန်းကန်နေရလေရဲ့
ညြော် . . . . နာကျင်မှုဆိုတဲ့ဝေဒနာတံခါးဝမှာ
ဘဝအမောတွေကို ထိုင်ဖတ်နေရင်း
ငါ့မှာ အရာမထင်တဲ့သမိုင်းတွေကသာ
ထူထပ်ပောင်းနွှမ်းသွားခဲ့လေရ၏။

# ပင်ပျိုးကမ္ပည်း

အာပီတို
(သံတောင်)

အရှင်ပေးတဲ့ခွန်အား
ပျိုးမျှစ်ခြင်းများက
အံ့မခန်းလောက်ပါရဲ့
ခြသေ့်ပျိုနဲ့ ဝံပိုလောက်တော့
ကျုပ်ရဲ့အောက်မှာ လက်မြှောက်အသက်ပျောက်ခဲ့ရတာပေါ့ ။




ကျူးကျော်ရန်စ
ဖိလိတ္တိတပ်က ဂေါလျတ်ဆိုတာ
ကျောချမ်းစရာအသွင်နဲ့
ပြောမပြနိုင်လောက်အောင် လူကောင်ကြီးမား
ကိုယ်ခန္ဓာက ထွားလှပေါ့။

အရှင့်နာမနဲ့ အဲဒီမာရ်နတ်ကို
'လက်ဆမှန်' ကျုပ်လောက်လွဲနဲ့
နောက်ကောက် (ပြည်သခု သကအ) ကျအောင်
ကျုပ်ပစ်ပေါက် နိုင်ခဲ့တယ်။




ဒါပုံပြင်မဟုတ်ဘူး
ကျုပ်ဟန်ထုတ်ပြီး လူထင်ကြီးအောင်
လက်မထောင်ပြနေတာမဟုတ်ဘူး
အရှင့်ရဲ့ 'ကောင်းချီး'ကို
အလွဲမဖြုန်းတီးပစ်ဖို့ ပြီးပြတ်အောင်ပြောနေတာ။

အရှင့်ရဲ့ဆုလာဘ်
သင့်ဘဝနရွယ်စဉ်မှာ
တုပစရာဖြစ်အောင်ပေါ့
အရှင့်ရဲ့အကျိုးတွက်
တိုး၍သင်ဆက်ကပ်ရင်းဖြင့်
သင့်ရဲ့ 'အသီး'နဲ့ရှုမငြီးတဲ့ 'ပင်ပျိုကမ္ပည်း'ကိုတော့
သခင်မှတ်ကျောက်တင်လိမ့်မယ် . . . . .။




သင်၏အရွယ် နုပျိုသည်ကို အဘယ်သူမျှ မထီမဲ့မြင်မပြုစေနှင့်
စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း




သင်လုပ်ချင်တာထက် သင်လုပ်သင့်တာကို အရင်ရှာကြည့်ပါ

# အင်တာနက်

## TREASURE CHEST

Cartoon- Mike WAters




●●●● နက်နဲသောအရာ၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည်
ဝှက်ထားလျက်ရှိကြ၏။ ကောလောသဲ ၂း၃

Cartoon- Mike WAters




သင်တို့ကို သတိနှင့် ကြည့်ရှုတော်မူသောကြောင့် သင်တို့၌ စိုးရိမ်ခြင်းအမှုရှိသမျှတို့ ကို ကိုယ်တော်၌ အပ်နှံကြလော့ ၁ ပေ ၅း၇

# ရင်တွင်းစကား

## ပထမနှစ်



အမည် – ဆိုင်မွန်ဂျာလီအောင်
အသင်းတော် – မောနွေလအသင်းတော် (မိုးကောင်း)
မွေးသက္ကရာဇ် – ၁၂ ◦ ၅ ◦ ၁၉၈၇
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
လူမျိုး – ကချင်
ရင်တွင်းစကား – ကိုယ်တော်ဘုရား အကျွန်ုပ်စိတ်နှလုံးသားထဲမှာ သက်ဆုံးတိုင်ရှိနေပေးပါ။



အမည် – ဆလိုင်းဟင်နရီမိုးသူရကျော်
အသင်းတော် – ရှင်ပေါလုအသင်းတော် (ကြာအင်း)
မွေးသက္ကရာဇ် – ၂၆ ◦ ၃ ◦ ၁၉၉၄
သာသနာပိုင်နယ် – ရန်ကုန်သာသနာပိုင်နယ်
လူမျိုး – ချင်း
ရင်တွင်းစကား – နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြလော့။



အမည် – လုကာအောင်ဇင်ဦး
အသင်းတော် – ရှင်ယောဟန်အသင်းတော် (လမ်းမတော်)
မွေးသက္ကရာဇ် – ၂၇ ◦ ၁၀ ◦ ၁၉၉၆
သာသနာပိုင်နယ် – ရန်ကုန်သာသနာပိုင်နယ်
လူမျိုး – ဗာမာ+ကရင်
ရင်တွင်းစကား – ထွန်တုံးကိုင်ပြီး၊ နောက်လှည့်မကြည့်ပါနဲ့။



အမည် – ဂျော့ချ်တင်ထွဋ်
အသင်းတော် – ရှင်ပေါလုအသင်းတော် (ကျိုက်လတ်)
မွေးသက္ကရာဇ် – ၁၉ ◦ ၉ ◦ ၁၉၉၄
သာသနာပိုင်နယ် – ရန်ကုန်သာသနာပိုင်နယ်
လူမျိုး – ဗမာ+ကရင်
ရင်တွင်းစကား – ကိုယ့်အတွက်ကိုယ် မကြည့်ပါနဲ့။



အမည် – စောဂျွန်ထင်လင်း
အသင်းတော် – ရှင်မာကုအသင်းတော် (၁၃မိုင်)
မွေးသက္ကရာဇ် – ၂၂ ‌‌• ၁၁ • ၁၉၉၅
သာသနာပိုင်နယ် – တောင်ငူသာသနာပိုင်နယ်
လူမျိုး – ကရင် (ဘွဲ)
ရင်တွင်းစကား – အမှုတော်ဆောင်မယ်လို့ဆုံးဖြတ်ပြီးကတည်းက မိမိ၏ငြင်းပယ်ပိုင်ခွင့်နှင့်ရွေးချယ်ပိုင်ခွင့်ကို စွန့်လွှတ်ခဲ့ပါပြီ။




အမည် – ဘားနဒ့်လော့ဒ်အောင်
အသင်းတော် – ကသီဒြယ် (မြစ်ကြီးနား)
မွေးသက္ကရာဇ် – ၂၄ • ၁၁ • ၁၉၉၆
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
လူမျိုး – ကချင်
ရင်တွင်းစကား – ကျေးဇူးတော်ကိုချီးမွမ်းပါသည်။



အမည် – ဂျိမ်း(စ်)တူးနမ်အောင်
အသင်းတော် – ကသီဒြယ် (မြစ်ကြီးနား)
မွေးသက္ကရာဇ် – ၁၆ • ၆ • ၁၉၉၅
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
လူမျိုး – ကချင်
ရင်တွင်းစကား – အောင်မြင်ချင်ရင်တော့ ဘာမှမစဉ်းစားနဲ့။ အရင်ဦးဆုံး ကိုယ့်မှာရှိတဲ့ (မာန်မာနစိတ်)ကို ရိုက်ချိုးပစ်လိုက်ပါ။



အမည် – မောင်ဂွန်ဂျာအောင်
အသင်းတော် – ကားတိုင်ရောင်ခြည် (နမ္မား)
မွေးသက္ကရာဇ် – ၂၄ • ၃ • ၁၉၉၆
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
လူမျိုး – ကချင်
ရင်တွင်းစကား – ချစ်ခြင်းမေတ္တာအစစ်အမှန်သည် ယေရှုခရစ်တော်ဖြစ်တော်မူသည်။



အမည် – မောင်ဂျေလနွန်နော်
အသင်းတော် – ရှင်ပေါလုအသင်းတော် (ဘုမ်ဆန်)
မွေးသက္ကရာဇ် – ၂၆ ‌‌. ၂ . ၁၉၉၆
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
လူမျိုး – ကချင်
ရင်တွင်းစကား – မရှက်၊ မကြောက်၊ မစိုးရိမ်ကြနှင့်။ သင့်ကိုအမှန်တရားက လွတ်မြောက်စေလိမ့်မည်။



အမည် – မစံပယ်ဖြူ (ခ) မေရီခေါ်နန်
အသင်းတော် – မောန္ဓေလအသင်းတော် (မိုးညှင်း)
မွေးသက္ကရာဇ် – ၆ . ၂ . ၁၉၉၄
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
လူမျိုး – ဗမာ+ကချင်
ရင်တွင်းစကား – ကျွန်ုပ်အပြစ်များကိုဖြေလွှတ်တော်မူ၍ အသက်ထက်ဆုံးအမှုတော်မြတ်၌ ပါဝင်ဆောင်ရွက်နိုင်သော အခွင့်ကိုပေးသနားတော်မူပါ။



အမည် – ထက်ရှားကိုကို
အသင်းတော် – ကသီဒြယ် (မြစ်ကြီးနား)
မွေးသက္ကရာဇ် – ၁၄ . ၆ . ၁၉၉၇
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
လူမျိုး – ကချင်၊ဗမာ
ရင်တွင်းစကား – ကျွန်ုပ်တို့ဟာ ပြိုင်ဘက်တွေမဟုတ်ပါ။ ဖြည့်ဘက်တွေဖြစ်ကြတယ်။

# ဒုတိယနှစ်



အမည် – မောင်ဌေးလွင်
မွေးသက္ကရာဇ် – ၁၀ ◦ ၄ ◦ ၈၄
လူမျိုး – ချင်း (အရှို)
ဘုန်းကြီးပိုင်နယ် – ကြာအင်း ( ရှင်ပေါလု )
သာသနာပိုင်နယ်– ရန်ကုန်သာသနာပိုင်
ရင်တွင်းစကား – ယုံကြည်သူများဆုတောင်းခြင်းသည် အလုပ်လုပ်နေခြင်းပင်ဖြစ်သည်။



အမည် – စောအယ်ဒီစိုး
မွေးသက္ကရာဇ် – ၂၅ ◦ ၆ ◦ ၉၅
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေတရုကသီဒြယ်
သာသနာပိုင်နယ် – ဘာအံသာသနာပိုင်နယ်
ရင်တွင်းစကား – ကိုယ်တော့်အလိုတိုင်းဖြစ်စေပါ။



အမည် – မောင်အိုက်ဇက်ဂျာလု
မွေးသက္ကရာဇ် – ၂၈ ◦ ၁၀ ◦ ၉၆
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေါလု ( ဆားမှော် )
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား – ထာဝရကာလသို့ မျက်မှောက်ပြုလျက် ဆက်လက်ပြေးပွဲဝင်ကြစို့။



အမည် – စောဘာဘာလုထူး
မွေးသက္ကရာဇ် – ၁၉◦ ၁၂◦ ၁၉၉၁
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေတရု ကသီဒြယ်
သာသနာပိုင်နယ် – ဘာအံသာသနာပိုင်နယ်
ရင်တွင်းစကား – အတိတ်ကာလမှာ ကျွန်တော်က ''ဗုံး'' တစ်လုံးပေါ့။ ပစ္စုပ္ပန်မှာ
သမ္မာကျမ်းစာအားဖြင့် အသက်တာကိုပြောင်းလဲနေပါတယ်။ အနာဂတ်မှာ
ဘုရားကျောင်းရဲ့ ခေါင်းလောင်းလေးဖြစ်ချင်လို့ပါပဲ။



အမည် – မိုးဇက်မြင့်မိုရ်ဝင်း
မွေးသက္ကရာဇ် – ၂၀ . ၁၁ . ၉၃
လူမျိုး – ဗမာ
ဘုန်းကြီးပိုင်နယ် – သန့်ရှင်းသူအပေါင်း ( ရွှေဘို )
သာသနာပိုင်နယ် – မန္တလေးသာသနာပိုင်နယ်
ရင်တွင်းစကား – လူသားအချင်းချင်း ချစ်ကြပါ။



အမည် – စောအယ်မူးဝါး
မွေးသက္ကရာဇ် – ၁၀ . ၁၂ . ၉၆
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေအသင်းတော် ( ကွမ်ဘီ )
သာသနာပိုင်နယ် – ဘာအံသာသနာပိုင်နယ်
ရင်တွင်းစကား – အသက်တာတစ်လျှောက်ရှိ ကျွန်ုပ်ယုံကြည်ခြင်းကိုသာ
ခိုင်မြဲစေပါ။ အာမင်။



အမည် – ဖိလစ် ဆိန်ဂေါ်န်ခွမ်
မွေးသက္ကရာဇ် – ၂၆ . ၉ . ၉၅
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေအသင်းတော် ( တနိုင်း )
သာသနာပိုင်နယ် – မြစ်ကြီးနား သာသနာပိုင်နယ်
ရင်တွင်းစကား – မထိုက်တန်သော်လည်းဘုရားသခင်ရွေးကောက်တော်မူတဲ့
အတွက် ကျေးဇူးတင်ပါတယ်အဖ။



အမည် – နော်မေရီ အယ်ဂျူလင်း
မွေးသက္ကရာဇ် – ၂ . ၃ . ၉၅
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ယောဟန်အသင်းတော် ( ဒေါ်န )
ဘုန်းကြီးပိုင်နယ် – ဘာအံသာနာပိုင်နယ်
ရင်တွင်းစကား – ဆုတောင်းခြင်းဖြင့် ခွန်အားယူကာ အရာရာအားလုံးကို
အပြုံးနှင့် ရင်ဆိုင်ကျော်ဖြတ်ပါ။

SHALOM MAGAZINE

# တတိယနှစ်



အမည် – မောင်ပီတာလင်းကိုကို
မွေးသက္ကရာဇ် – ၂၆ ◦ ၉ ◦ ၁၉၉၁
လူမျိုး – တရုတ် + ရှမ်း
ဘုန်းကြီးပိုင်နယ် – ဘီလူးမြို့ (ရှင်လုကာ)
သာသနာပိုင်နယ် – မြစ်ကြီးနား
ရင်တွင်းစကား – ငါသည်ယုံမှားသောစိတ်ရှိခဲ့သော်လည်း ငါ့ကိုရေထဲမှကယ်ဆယ်တော်မူပြီ။



အမည် – မောင်တီမောသေဆိုင်းအောင်
မွေးသက္ကရာဇ် – ၂၇ ◦ ၁၁ ◦ ၉၄
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ရှင်မဿဲ (နမ္မတီး)
သာသနာပိုင်နယ် – မြစ်ကြီးနား
ရင်တွင်းစကား – ဆက်လက်ပြီးခွန်အားများပေးတော်မူပါ။



အမည် – သောမတ်စ်ဆိုင်းတူးဂျိုင်
မွေးသက္ကရာဇ် – ၂၂ ◦ ၃ ◦ ၁၉၉၆
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ခရစ်တော်ဘုရင်မင်းဘွဲ့ခံ (ကသီဒြယ်)
သာသနာပိုင်နယ် – မြစ်ကြီးနား
ရင်တွင်းစကား – အရှိကိုအရှိတိုင်း ဆောင်ရွက်လျှက်ပါကိုယ်တော်။



အမည် – ဒေးဗစ်ဆေးငမ်
မွေးသက္ကရာဇ် – ၄ ◦ ၈ ◦ ၁၉၈၅
လူမျိုး – ချင်း
ဘုန်းကြီးပိုင်နယ် – တမူးဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် – မန္တလေး
ရင်တွင်းစကား – အမှောင်ကမ္ဘာကြီးအတွက် အလင်းဖြစ်စေပါ။



အမည် – ဆလိုင်းကျော်ဘိုဘိုဟန်
မွေးသက္ကရာဇ် – ၂၃ ‧ ၄ ‧ ၁၉၈၄
လူမျိုး – ချင်း (အရှို)
ဘုန်းကြီးပိုင်နယ် – ပြည် (ရှင်မာကု)
သာသနာပိုင်နယ် – ရန်ကုန်
ရင်တွင်းစကား – အဆုံးတိုင်အောင် အစေခံနိုင်သောသူဖြစ်ပါစေ။



အမည် – ဆလိုင်းမျိုးဇော်ထွန်း
မွေးသက္ကရာဇ် – ၂၂ ‧ ၇ ‧ ၁၉၉၄
လူမျိုး – ချင်း (အရှို)
ဘုန်းကြီးပိုင်နယ် – ရှင်မာရိ၊ ညောင်လံတိုး
သာသနာပိုင်နယ် – ရန်ကုန်
ရင်တွင်းစကား – ဝမ်းရေးအတွက် မစိုးရိမ်သော်လည်း ဝိညာဉ်အစာ ဝအောင်မကျွေးနိုင်မည်ကို စိုးရိမ်ပါသည်။



အမည် – မောင်အိုက်ဘူး
မွေးသက္ကရာဇ် – ၂၃ ‧ ၅ ‧ ၁၉၉၀
လူမျိုး – ဒိုင် ချင်း
ဘုန်းကြီးပိုင်နယ် – ရှင်လုကာ (ပုံဒွေ)
သာသနာပိုင်နယ် – စစ်တွေ
ရင်တွင်းစကား – ခေါ်တော်မူခြင်း ဆုကျေးဇူးနှင့်အညီ ဘုရားသခင်၏အမှုတော်မြတ်၌ သဘောတစ်ညီတစ်ညွတ်တည်းပါဝင်ဆက်ကပ်ကြကုန်အံ့။



အမည် – ဒေးဗစ်အောင်လင်းထွန်း
မွေးသက္ကရာဇ် – ၉ ‧ ၁၂ ‧ ၉၂
လူမျိုး – ချင်း
ဘုန်းကြီးပိုင်နယ် – ရှင်ပေတရု၊ ပိန္နဲတပင်
သာသနာပိုင်နယ် – စစ်တွေ
ရင်တွင်းစကား – ဟာလေလုယာ ‧ ‧ ‧ ‧ ကိုယ်တော်ကောင်းမြတ်တယ်။



အမည် – ဆလိုင်းသောမတ်စ်ကျော်ရဲ
မွေးသက္ကရာဇ် – ၂၈. ၇. ၁၉၉၅
လူမျိုး – ချင်း
ဘုန်းကြီးပိုင်နယ် – ရှင်မာကု၊ ဥမြောင်
သာသနာပိုင်နယ် – ရန်ကုန်
ရင်တွင်းစကား – ကျရာကဏ္ဍတွင် အမှုတော်ဆောင်နိုင်ရန်ခွန်အားပေးပါ ကိုယ်တော်။



အမည် – Isaac Bawn Ying
မွေးသက္ကရာဇ် – ၂ . ၁၂ . ၁၉၉၃
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ကသီဒြယ်
သာသနာပိုင်နယ် – မြစ်ကြီးနား
ရင်တွင်းစကား – ဘာလိုလိုနဲ့ တတိယနှစ်တောင်ရောက်လာခဲ့ပြီပဲ။
ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်းကိုအစဉ်ရေတွက်လျက်ပါ။



အမည် – Jum Roi Roi Aung
မွေးသက္ကရာဇ် – ၂၇ . ၁၁ . ၉၅
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေ၊ တနိုင်း
သာသနာပိုင်နယ် – မြစ်ကြီးနား
ရင်တွင်းစကား – ကိုယ်တော်ကို တိုး၍သိချင်တယ်၊ ပို၍ရင်းနှီးကျွမ်းဝင်ချင်တယ်။



အမည် – မောင်ဂွမ်ဆန်အောင်
မွေးသက္ကရာဇ် – ၃ . ၈ . ၉၄
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – တနိုင်း၊ ရှင်အန္ဒြေ။
သာသနာပိုင်နယ် – မြစ်ကြီးနား
ရင်တွင်းစကား – ဘုရားသခင်ရဲ့အမှုတော်ကို၊ ဘုရားသခင်ရဲ့အလိုတော်အတိုင်း
ထမ်းရွက်ရင်းဖြတ်သန်းစို့။



အမည် – စောပြည့်စုံ
မွေးသက္ကရာဇ် – ၁၁ ။ ၂ ။ ၁၉၉၁
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ဂျော့ဂျက်
သာသနာပိုင်နယ် – တောင်ငူ
ရင်တွင်းစကား – တပည့်တော်စစ်တစ်ယောက်ဖြစ်လိုပါ၏။



အမည် – မောင်ဖရန်စစ်ယဲလ်ထင်
မွေးသက္ကရာဇ် – ၃၀ ။ ၁၀ ။ ၁၉၉၃
လူမျိုး – ချင်း
ဘုန်းကြီးပိုင်နယ် – ရှင်ယောဟန်
သာသနာပိုင်နယ် – စစ်တွေ
ရင်တွင်းစကား – အလိုတော်ကိုညွှန်ပြမူပါ။



အမည် – စောဖိလစ်ဘုန်းကျော်လင်း
မွေးသက္ကရာဇ် – ၃၁ ။ ၇ ။ ၁၉၈၀
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေတရု (ကသီဒြယ်)
သာသနာပိုင်နယ် – ဘားအံ
ရင်တွင်းစကား – အရာရာထက် အရှင့်ကိုပိုချစ်စေပါ။

# နောက်ဆုံးနှစ်



အမည် – နော်ချယ်ရီးလာ (ခ) နော်မြစန္ဒာ
မွေးသက္ကရာဇ် – ၁၃ ၊ ၂ ၊ ၁၉၉၀
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ကပ္ပလီ၊ ရှင်မာရိအသင်းတော်
သာသနာပိုင်နယ် – ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား –ယုံကြည်သူတစ်ဦးအဖြစ် ရွေးချယ်တဲ့ဘုရားကို ကျေးဇူးတင်ပါတယ်။ ဘုရားသခင်ပေးမယ့်အခြေအနေတိုင်းမှာ ကျေးဇူးတော်ကို ချီးမွမ်းလျက်သီချင်းဆိုနေမှာပါ။



အမည် – မိုက်ကယ်ပြည့်ဖြိုးဟန်
မွေးသက္ကရာဇ် – ၁၂ ၊ ၉ ၊ ၁၉၉၁
လူမျိုး – ဗမာ
ဘုန်းကြီးပိုင်နယ် – ရှင်ပြန်ထမြောက်ခြင်းအသင်းတော် ၊သန်လျှင်
သာသနာပိုင်နယ် – ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား – ဟုတ်ကဲ့။



အမည် – ပီတာဟင်ရာတင်ထန်
မွေးသက္ကရာဇ် – ၂၈ ၊ ၈ ၊ ၁၉၈၉
လူမျိုး – ချင်း (ခူမီး)
ဘုန်းကြီးပိုင်နယ် – မောန္ဒွေလအသင်းတော် ၊မိုဒွန်ဖိုင်
သာသနာပိုင်နယ် – မန္တလေးသာသနာပိုင်နယ်
ရင်တွင်းစကား – ဉာဏ်ပညာကို ပေးတော်မူပါ။ အခက်အခဲကြုံတွေ့သောအခါ၌လည်း ကျော်လွှားနိုင်ရန် ခွန်အားပေးတော်မူပါဘုရား။



အမည် – ဒေးဗစ်ဝင်းမြင့်စိုး၊
မွေးသက္ကရာဇ် – ၁၇ ၊ ၄ ၊ ၁၉၈၃
ဘုန်းကြီးပိုင်နယ် – ရှင်မာရီ၊
လူမျိုး – ကရင်၊
သာသနာပိုင်နယ် – မန္တလေး
ရင်တွင်းစကား – ဒီနှစ်ကျောင်းပြီးဖို့လိုတယ်။



အမည် – ပေါလုစိုးလင်းအောင် (ခ) အိုက်စိုး
မွေးသက္ကရာဇ် – ၂၅ ． ၁ ． ၁၉၉၃
လူမျိုး – ချင်း (ခူမီး)
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေ
သာသနာပိုင်နယ် – စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား – အစပြုတော့မည်။ အသင့်ပြင်ထားသည်။



အမည် – မောင်ဆွတ်ထိန်မုန်အောန်း
မွေးသက္ကရာဇ် – ၆ ． ၁ ． ၁၉၉၆
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – တြိနတိအသင်းတော်၊ ဆိပ်မူ
သာသနာပိုင်နယ် – မြစ်ကြီးနား
ရင်တွင်းစကား – တကယ်တော့အမှုတော်ဆောင်ခြင်းဆိုတာဟာ ရိုးရှင်းပြီး ကျွန်တော့်ဘဝတစ်ခုလုံးနဲ့ သက်ဆိုင်နေပါတယ်လို့ သိရှိနားလည်လာပါတယ်။



အမည် – ယောသပ်ဒန်အောင်
မွေးသက္ကရာဇ် – ၂၀ ． ၁၀ ． ၁၉၉၄
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေအသင်းတော်၊ တနိုင်း
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား – အသက်သရဖူကိုပေးမည့်ဘုရားကို ယုံကြည်ကိုးစားရတဲ့အတွက် အကျွန်ုပ်ဝမ်းသာပါတယ်။ သက်ဆုံးတိုင်အောင်အမှုတော်ဆောင်ခွင့်ကိုပေးတော်မူပါ အိုအဖဘုရား။



အမည် – မောင်နော်အောင်ဒီး
မွေးသက္ကရာဇ် – ၂၂ ． ၁၁ ． ၁၉၉၃
လူမျိုး – လီဆူး + ကချင်
ဘုန်းကြီးပိုင်နယ် – ခရစ်တော်ဘုရင်မင်းဘွဲ့ခံ ကသီဒြယ် ၊ မြစ်ကြီးနား
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား – ရင့်ကျက်သောအသက်တာသို့ နေ့စဉ်ပို့ဆောင်တော်မူပါ။



အမည် – ဒေးဗစ်တူးခေါင်
မွေးသက္ကရာဇ် – ၉ ၊ ၇ ၊ ၁၉၉၄
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ခရစ်တော်ဘုရင်မင်းဘွဲ့ခံကသီဒြယ် ၊ မြစ်ကြီးနား
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား – ပြန်လည်ဆုံတွေ့ကြပါစို့။



အမည် – ယောရှုအယ်လ်လီမန်
မွေးသက္ကရာဇ် – ၃၁၊ ၁၂ ၊ ၁၉၉၀
လူမျိုး – ချင်း
ဘုန်းကြီးပိုင်နယ် – ရှင်ပေါလု
သာသနာပိုင်နယ် – စစ်တွေ
ရင်တွင်းစကား – ဘာမှမရှိခြင်းသည် ဘာမှဖြစ်မလာသူ။ ဘာမှမရှိခြင်းမှ အရာအားလုံးဖြစ်လာခြင်းသည် ကျေးဇူးတော်သက်သက်ဖြစ်တယ်။

## အထူးကျောင်းသား



အမည် – စောခရီမူး
အသင်းတော် – ရှင်မာကုအသင်းတော်
မွေးသက္ကရာဇ် – ၂၃ ၊ ၁၂ ၊ ၁၉၈၇
သာသနာပိုင်နယ် – တောင်ငူသာသနာပိုင်နယ်
လူမျိုး – ကရင်၊ ဘွဲ
ရင်တွင်းစကား – ''အမှောင်ခွင်းပြီးအလင်းဆောင်၊ အလံတော်အောက်တို့ထမ်းဆောင်'' ။



အမည် – စောကဆောဝါး
အသင်းတော် – ရှင်မာကုအသင်းတော်
မွေးသက္ကရာဇ် – ၂၁ ၊ ၂ ၊ ၁၉၉၂
သာသနာပိုင်နယ် – တောင်ငူသာသနာပိုင်နယ်
လူမျိုး – ကရင်၊ ဘွဲ
ရင်တွင်းစကား – စိတ်နှင့်ခန္ဓာသည် ခြားနားမှုရှိသည်ဟုဆိုကြသော်လည်း ဘုရားသခင်ထံ၌ တစ်ခုတည်းဖြစ်၏။

## ဆရာ/ဆရာမ၊ ကျောင်းသူကျောင်းသား၊ ဝန်ထမ်းအင်အား (၂၀၁၆-၂၀၁၇)

**အချိန်ပြည့်ဆရာ၊ ဆရာမများ**

၁။ ပါမောက္ခဒေါက်တာစံမြတ်ရွှေ - ကျောင်းအုပ်ကြီး၊ Head of Theological Dept:
၂။ ဒေါက်တာနော်မြတ်ဆုမွန် - သင်ကြားရေးတာဝန်ခံ၊
၃။ ဘုန်းတော်ကြီး ရစ်ချက်ဂရေဂရီဝေမူး - ကျောင်းသားရေးရာတာဝန်ခံ
၄။ ပါမောက္ခ ဒေါက်တာအန္တြူးမန်းဇော်လွင် - ပါမောက္ခ၊ Head of Practical Dept:
၅။ ဘုန်းတော်ကြီး ဆလိုင်းဒါဝိဒ် - လက်ထောက်ကထိက
၆။ ဆရာမ မေရီနှင်းနှင်းအေး - ကထိက
၇။ ဆရာမ ဆဂခေါ်နီတောင် - ကထိက
၈။ ဘုန်းတော်ကြီးအိုက်နေဘော - လက်ထောက်ကထိက
၉။ ဘုန်းတော်ကြီး စောကလိုထူးဝါး - နည်းပြ
၁၀။ သင်းထောက်စောခလေးစော - နည်းပြ

**အချိန်ပိုင်းဆရာ၊ ဆရာမများ**

၁။ ဘုန်းတော်ကြီး ကင်နွန်ဒေါက်တာမာကုစောမောင်ဒို
၂။ ဘုန်းတော်ကြီး ဒေါက်တာရှိမုန်ဘီဘင်ထူး
၃။ ဘုန်းတော်ကြီး ဝင်စတန်အောင်မျိုးထွန်း
၄။ ဘုန်းတော်ကြီး အယ်လင်ကျော်မျိုးနိုင်
၅။ ဆရာမကြီး နော်ရှီဘာမူးဗင်း
၆။ ဆရာကြီး ဒေါက်တာဦးအောင်လှထွန်း (အထွေထွေအကျိုးဆောင်အချိန်ပြည့်)
၇။ ဆရာ ယောရှုမြတ်ဇော် ၈။ ဆရာဦးနော်အောင် ၉။ ဒေါက်တာစင်သီယာယဉ်ယဉ်မော်
၁၀။ ဆရာမ အန်တီဂျိုင်းလှကျော် ၁၁။ ဆရာမ ဒေါက်တာဒေါ်ခင်သီတာညွန့်
၁၂။ Rev. Daniel Dwe ၁၃။ Rev. Smith Ngulh Za Htawng

**စာကြည့်တိုက်**

၁။ ဘုန်းတော်ကြီး စောဂျွန်သက်လွင် - စာကြည့်တိုက်မှူး
၂။ ဆရာမ ဒီဘိုးရာဝေဝေမြင့် - လက်ထောက်စာကြည့်တိုက်မှူး
၃။ နော်မားစီစည်းစိမ်စိုး - လက်ထောက်စာကြည့်တိုက်မှူး

**ရုံးဝန်ထမ်းများ**

၁။ ဆရာမဒေါ်မာသ - ရုံးအုပ်
၂။ နန့်သန္တာဝင်း - ရုံးအကူ
၃။ နန့်ဆန်းဖောင်ဘွား - စာရင်းကိုင်

**အခြားဝန်ထမ်းများ**

၁။ ဦးစောမြသင်း - ပြုပြင်ထိန်းသိမ်းရေးတာဝန်ခံ
၂။ ဦးစောဒေးဗစ် - ဥယျာဉ်မှူး
၃။ နန့်ရီရီဝင်း - ထမင်းချက်

**ကျောင်းသား၊ ကျောင်းသူများစာရင်း (၂၀၁၆–၂၀၁၇)**

| သာသနာပိုင်နယ် | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ရန်ကုန် | ၈ | | ၈ |
| မန္တလေး | ၄ | – | ၄ |
| တောင်ငူ | ၂ | – | ၂ |
| စစ်တွေ | ၅ | – | ၅ |
| ဘားအံ | ၄ | ၂ | ၈ |
| မြစ်ကြီးနား | ၁၇ | ၂ | ၁၁ |
| စုစုပေါင်း | ၄၀ | ၄ | ၄၄ |

**အတန်းလိုက် ကျောင်းသား၊ ကျောင်းသူများစာရင်း**

| အတန်း | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ပထမနှစ် | ၁၀ | ၁ | ၁၁ |
| ဒုတိယနှစ် | ၇ | ၁ | ၈ |
| တတိယနှစ် | ၁၄ | ၁ | ၁၅ |
| စတုတနှစ် | ၉ | ၁ | ၁၀ |
| စုစုပေါင်း | ၄၀ | ၄ | ၄၄ |

**အမှုတော်ဆောင်ခြင်းဆိုင်ရာ မဟာဘွဲ့သင်သန်းသူ/ သားများ (၂၀၁၆ – )**

၁။ ဘုန်းတော်ကြီး ဂျော့စံမင်းဦး၊ ရန်ကုန် ၂။ သင်းထောက်စောကနေဒီ၊ ရန်ကုန်
၃။ ဘုန်းတော်ကြီး စောထူးထူးဘော၊ တောင်ငူ ၄။ ဘုန်းတော်ကြီး စောထီစိုး (တောင်ငူ)
၅။ ဘုန်းတော်ကြီး စောဂေးလ်ဘတ်၊ တောင်ငူ ၆။ ဘုန်းတော်ကြီး အိုင်ဘူးကို (စစ်တွေ)
၇။ ဘုန်းတော်ကြီးဒေးဗစ်လော့ဒ်အောင် (မြစ်ကြီးနား)

**အထူးကျောင်းသားများစာရင်း**

၁။ စောခရီမူး (တောင်ငူသာသနာပိုင်နယ်) ၂။ စောကဆောဝါး (တောင်ငူသာသနာပိုင်နယ်)

**အားသစ်လောင်းဘုန်းတော်ကြီးများ**

၁။ ဘုန်းတော်ကြီး ဆိုင်မွန်ခေါင်ရှိုင်း (မန္တလေး)၊ ၂။ ဘုန်းတော်ကြီးရာအောင်း (စစ်တွေ)
၃။ ဘုန်းတော်ကြီး ဦးလင်းအောင် (စစ်တွေ) ၄။ ဘုန်းတော်ကြီး ဦွးပါးဝေ (စစ်တွေ)

**ဆရာ၊ ဆရာမများ အရည်အချင်းမြှင့်တင်ရေးအစီအစဉ်**

၁။ ဘုန်းတော်ကြီး မိုးဇက်ကစိုထော –M.Th candidate(Singapore,Trinity College)
၂။ ဆရာမမေရီနှင်းနှင်းအေး –Ph.D candidate (Australia)
၃။ ဆရာနော်လွင်သီတာမြင့် –M.Th candidate(Ridley College, Australia)

# တွဲလက်ညီစေ

ဉာဏ်ကြီး

ခင်မင်ခဲ့ရ အပေါင်းအဖော်များ
ငါတို့ဆုံတွေ့ဖို့ ကြိုတွေးထား
ခွဲရပြန်တော့ နှုတ်ဆက်မအား
ကိုယ်စီအလွမ်း ချန်ကာသွား

ကျောင်းတော်ကြီးရဲ့သမိုင်းအား
အားလုံးညီတူ ရေးထိုးထား
ဒို့တတွေ ထိုးတဲ့မော်ကွန်းများ
နောင်းလူများမှတ်စေသား

ကျောင်းတော်ကြီးတွင် ဒို့ညီအစ်ကိုမောင်နှမများ
တာဝန်ကိုယ်စီချန်ကာ ထွက်မသွား
ကိုယ်တော်ပေးတဲ့ တာဝန်အား
ရှိသည့်အစွမ်းနဲ့ ထမ်းဆောင်ထား။



# လက်ကျန်

ဆလိုင်းလူလှ

အသက်ကကြီးသွားပြီ
အထက်ကခေါ်တော့မည်
မနက်က လက်ကျန်ရှင်းနေဆဲပင်
ရှင်းလိုက်ပါတော့ အပြီးသတ်
မပြီးပြတ်သေးတဲ့ အလုပ်တွေ
လုပ်ပါတော့ဟာ။

# ဟိုးအတိတ်သို့ တမ်းတခြင်း

ခေတ္တလူ့ပြည်



အော် အချိန်တွေလည်းကြာညောင်းခဲ့ပြီလေ
ပြောင်းလဲနေတဲ့ ခေတ်ရေစီးကြောင်းအတိုင်းပေါ့
ဒါပေမယ့် ပြောပြရဦးမယ်အဘိုးရယ်
အဘိုးစတင်ပျိုးခဲ့တဲ့ မျိုးစေ့လေးအကြောင်းပေါ့
အခုဆိုရင်ပျိုးပင်လေးက ရွက်နုသစ်လေးတွေဝေဆာကာ
အားမာန်အသစ်တွေနဲ့ လောကကိုအလှဆင်ဖို့ ရှင်သန်နေပြီ
အဘိုးမျှော်မှန်းထားတဲ့အတိုင်း ဦးတည်နေရင်း
တစ်ခါတစ်ရံ ညှိုးနွမ်းတဲ့အခါလည်းရှိခဲ့တာပေါ့
ဒါပေမယ့်လေ သေချာတာတစ်ခုကတော့
ပျိုးပင်လေးဆက်လက်ရှင်သန်ပြီး
အရိပ်ကောင်းလေးပေးနိုင်တော့မယ့်အချိန်လေးကို
မြင်စေချင်မိခဲ့တယ်အဘိုးရယ်

ဟိုးအဝေးကအဖိုးဆီသို့




# ယနေ့အသင်းတော်များနှင့်ကုသခြင်း
## နှင့်
## ဝိညာဉ်ဆိုးများနှင်ထုတ်ခြင်း
## အမှုတော်မြတ်

ကိုထူး (ပသိမ်မြေ)

ယနေ့အသင်းတော်များနှင့် ကုသခြင်းနှင့် ဝိညာဉ်ဆိုးများနှင်ထုတ်ခြင်းအမှုတော်မြတ်အကြောင်းကို ကဏ္ဍ (၃)ရပ်ဖြင့် တင်ပြသွားပါမည်။

**ပထမကဏ္ဍ**

**ခရစ်တော်၏အမှုတော်ဆောင်ခြင်း**

ကုသခြင်းနှင့်နှင်ထုတ်ခြင်းသည် ခရစ်ယာန်များ ဝိညာဉ်နတ်ဆိုးများကိုဆိုင်ပြိုင်တိုက်လှန်ရန်အတွက် နည်းလမ်းတစ်ခုဖြစ်သည်။ ကုသခြင်းနှင့်ဝိညာဉ်ဆိုးများနှင်ထုတ်ခြင်း ကိုခရစ်တော်၏အမှုတော်ဆောင်ခြင်း၌ နည်းလမ်းနှစ်မျိုးဖြင့်တွေ့ရှိရသည်။ သို့သော်ခရစ်တော်သည်၄င်း၏အမှုတော်ဆောင်ခြင်း ၌ကုသခြင်းနှင့်နှင်ထုတ်ခြင်းကို ဘုရားသခင့်နိုင်ငံတော် ကြေငြာခြင်းနှင့်အမြဲပူးတွဲလျက် လုပ်ဆောင်ခဲ့သည်။ သူ၏အမှုတော်ဆောင်အစဦး၌ ဘုရားသခင့်နိုင်ငံတော် တည်လုနီးပြီဖြစ်ကြောင်းကြေငြာလျက်(မာကု ၁း၁၅)၊ ချက်ခြင်းပင်နတ်ဆိုးများကိုနှင်ထုတ်လျက် လူနာများကို ကုသပေးခဲ့သည်။ (လုကာ ၉း၁–၂၊၆)တွင် ခရစ်တော်သည် တပည့်တော်များအား လူနာများကိုကုသခြင်း၊ နတ်ဆိုးများကို နှင်ထုတ်ခြင်းပြုဖို့သာမက ဘုရားသခင့်နိုင်ငံတော်အကြောင်း ကိုဟောပြောရန် မိန့်ကြားခဲ့သည်။ လူနာများအား ကုသခြင်းနှင့်နှင်ထုတ်ခြင်းကို ပြုခြင်းအားဖြင့်ခရစ်တော်က သူသည်စာတန်ကို အောင်နိုင်လျက်သူ၏အုပ်စိုးမှုတန်ခိုးကို သက်သေပြခဲ့သည်။ ခရစ်တော်သည်လူနာများကိုကုသရာတွင် သာမာန် အားဖြင့် မိန့်မြွက်ခြင်းနှင့် ထိတွေ့ခြင်းအားဖြင့် ကုသခြင်းပြုလုပ်ခဲ့သည်။ ဧဝံဂေလိကျမ်းများထဲတွင်ခရစ်တော်၏ ကုသခြင်းနှင့်နှင်ထုတ်ခြင်းအကြောင်းကို များစွာမှတ်တမ်းတင်ထားသည်ကိုတွေ့ရှိရသည်။ သွေးသွန်နာစွဲသောအမျိုးသမီး(မာကု၅း၂၅–၃၄)၊ လူနူဆယ်ဦး (လုကာ ၁၇း၁၁–၁၉)၊ တရားဇရပ် လက်တစ်ဖက်သေ

သောသူ (မာကု ၃း၁–၅) စသည်တို့သည် ခရစ်တော်၏ ကုသခြင်းပုံပြင်များဖြစ်သည်။ ခရစ်တော်သည် သူ၏ အမှုတော်ဆောင်သည့်အချိန်အတော်များများကို လူနာများအား ကုသခြင်းနှင့်နှင်ထုတ်ခြင်းတို့အတွက် အသုံးပြုခဲ့သည်။ ထို့အပြင်သူ၏ တပည့်တော်များအား ဤအလုပ် ကိုကမ္ဘာပေါ်တွင်ဆက်လက်လုပ်ဆောင်ရန် စေစားချက်ပေးခဲ့သည်။ ထို့ကြောင့်ခရစ်ယာန်များအတွက် ခရစ်တော်၏ တပည့်တော်အဖြစ်ခရစ်တော်ပြုလုပ်ခဲ့သော ကုသခြင်းနှင့် နတ်ဆိုးနှင်ထုတ်ခြင်းကို ယခုလက်ရှိရာစုတွင် ဆက်လက်ဆုပ်ကိုင်ကာ လုပ်ဆောင်သင့်ပါသည်။

**တမန်တော်များအားဖြင့်ကုသခြင်းနှင့်ဝိညာဉ် ဆိုးများကိုနှင်ထုတ်ခြင်း**

ခရစ်တော်သည်သူ၏ အမှုတော်ဆောင်စဉ် ကာလတစ်လျှောက်လုံး ဟောပြောခြင်းနှင့်ကုသခြင်းကို အတူတကွဒွန်တွဲလျက် လုပ်ဆောင်ခဲ့သည်။ ခရစ်တော်သည်ဟောပြောခြင်းနှင့် ကုသခြင်းနည်းလမ်းအားဖြင့် ဘုရားသခင့်နိုင်ငံတော်အကြောင်း ကြေငြာခဲ့ကြောင်းကို ရှေးဦးအသင်းတော်သမိုင်းအစဦး၌ တမန်တော်များ ရိပ်စား မိခဲ့ကြသည်။ ထို့ကြောင့်၎င်းတို့သည်လည်း ခရစ်တော်နည်းတူ လုပ်ဆောင်ခဲ့ကြသည်။ တမန်တော်ဝတ္ထုတွင် တမန်တော်များသည် ခရစ်တော်၏နာမအားဖြင့် ကုသခြင်းများစွာကိုပြုလုပ်ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။တမန်တော်များသည် နာသောသူများအနာရောဂါ ပျောက်စေခြင်း၊ သေသောသူများကိုရှင်ပြန်စေခြင်း၊ နတ်ဆိုးများကိုနှင်ထုတ်ခြင်း၊ သတင်းကောင်းကို ကြေငြာခြင်းများကိုပြုလုပ်ခဲ့ကြသည်။ ရှေးဦးခရစ်ယာန်များတို့၏ ကုသခြင်းနှင့် နှင်ထုတ်ခြင်းအားဖြင့် အမှုတော်ဆောင်ခြင်းသည် ဧဝံဂေလိတရားပျံ့နှံ့ရန်အတွက် ကြီးစွာသော လွှမ်းမိုးမှုဖြစ်ပေါ်စေခဲ့ပြီး သာသနာပြုခြင်းအတွက်လည်း အဓိကအချက်တစ်ချက် အဖြစ် ဖြစ်ပေါ်လာစေခဲ့သည်။ ဥပမာ– (တမန် ၃) မွေးကတည်းကခြေမစွမ်းသောသူကိုကုသခြင်း၊ ရှောလု၏ မျက်စိအလင်းပြန်ရစေရန် ကုသခြင်းအားဖြင့် အသင်းတော်သမိုင်း၌ကြီးစွာသော သာသနာပြုတစ်ဦးကို ပေါ်ထွက်လာစေခဲ့သည်။ ကုသခြင်းနှင့် နတ်ဆိုးနှင်ထုတ်ခြင်းသည် ရှေးခေတ်၌သာ ဘုရားဘုန်းတော်ထင်ရှားရန် တမန်တော်များက အခွင့်အရေးတစ်ခုအဖြစ် ဆုပ်ကိုင်ကာ လုပ်ဆောင်ခဲ့သော လုပ်ငန်းတစ်ခုသာမဟုတ်ဘဲ ယနေ့ယုံကြည် သူတပည့်တော်များအားလုံးတွင်လည်း လုပ်ဆောင်ရန် အခွင့်အရေးရှိကြောင်းသိထားရန် လိုအပ်ပါသည်။

**ကုသခြင်းနှင့်နှင်ထုတ်ခြင်းအားဖြင့်အမှုတော်ဆောင်ခြင်းနှင့် တပည့်တော်များတိုးပွားမှု**

ကုသခြင်းနှင့်နှင်ထုတ်ခြင်းအားဖြင့် အမှုတော်ဆောင်ခြင်းသည် ခရစ်တော်၏ဧဝံဂေလိလုပ်ငန်းတွင် အဓိကကျသောအမှုတော်ဆောင်ခြင်း တစ်ခုဖြစ်ခဲ့သည်။ ယခုလက်ရှိရာစုတွင် စာတန်၏အုပ်စိုးမှုအောက်ကျဆင်းနေသောကမ္ဘာကြီးအတွင်း နေထိုင်နေကြရသော ကျွန်ုပ်တို့လူသားများ၊ ခရစ်ယာန်များအနေဖြင့် ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်နှင့်ဆိုင်သော ဖိစီးနှိပ်စက်မှု၊ ရောဂါဘယအမျိုးမျိုးတို့နှင့် ရင်ဆိုင်တွေ့ကြုံရနိုင်သည်။ ထို့ကြောင့် ခရစ်ယာန်အသင်းတော်များအနေဖြင့် ထိုကဲ့သို့ရောဂါဘယခံစားနေရသောသူများအတွက် ကုသခြင်းနှင့် နတ်ဆိုးနှင်ထုတ်ခြင်းအမှုတော်မြတ်ကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေပါသည်။ (မဿဲ ၁၀) တွင် ခရစ်တော်က တမန်တော် (၁၂)ပါးကိုခေါ်ပြီး လူနာများထံသွား၍ ကုသခြင်းပေးရန်၊ သေသောသူများကို ရှင်ပြန်စေရန်၊ နူနာစွဲသူများကို ပျောက်ကင်းခွင့်ပေးရန်၊ ဝိညာဉ်နတ်ဆိုးများကိုနှင်ထုတ်ရန် အမိန့်ပေးခဲ့ပါသည်။ ခရစ်တော်သည်ရှင်ပြန်ထမြောက်ပြီးနောက်တွင် ဂါလိလဲနယ်၊ တောင်ပေါ်တွင်တပည့်တော်များရှေ့ ရှိစဉ်တွင် တပည့်တော်များအား၊ တိုင်းနိုင်ငံအရပ်ရပ်ရှိလူမျိုးတကာတို့အား သူ့တပည့်တော်များဖြစ်စေရန်အတွက် လုပ်ဆောင်ရန် စေစားချက်ပေးခဲ့ပြီး (မဿဲ ၂၈း၂၀)တွင် တပည့်တော်များအား ‘‘ငါသည်သင်တို့အားပေးသမျှသော ပညတ်တို့ကိုစောင့် ရှောက်ခြင်းငှာသုံးမသြဝါဒပေးကြလော့’’ဟု မိန့်ကြားခဲ့ပါသည်။ ကုသခြင်းနှင့်နှင်ထုတ်ခြင်းအမှု တော်မြတ်သည် တိုင်းနိုင်ငံအရပ်ရပ်သို့သွား၍ သူ့တပည့်ဖြစ်စေရန်ပြောကြားခဲ့သော ခရစ်တော်၏မဟာ

စေစားချက်ထဲတွင် အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်နေသည်။ ထို့ကြောင့် ဤအမှုတော်မြတ်သည် ကျွန်ုပ်တို့အားတပည့်တော်များ တိုးပွားစေရန်အတွက် လုပ်ဆောင်ရန်အမှန်တကယ်ပင်လိုအပ်သော အမှုတော်ဆောင်ခြင်းတစ်ရပ်ဖြစ်ကြောင်း သက်သေပြနေပါသည်။

## ဒုတိယကဏ္ဍ
## သန့်ရှင်းသောပွဲတော်မင်္ဂလာဝတ်

သန့်ရှင်းသောပွဲတော်မင်္ဂလာဝတ်သည် ခရစ်တော်၏ကျေးဇူးတော်၌ ခရစ်တော်ကိုယ်တိုင်ပါဝင်သော ကုသခြင်းစက္ကရမင်တမင်္ဂလာတစ်ပါးဖြစ်သည်။ ဤပွဲတော်မင်္ဂလာ၌ခရစ်တော်သည် ပွဲတော်ခံယူသူများအတွက် မိမိကိုယ်ခန္ဓာကိုချစ်ခြင်း မေတ္တာဖြင့်ပေါင်းစည်းလျက် ကုသခြင်းဆုကျေးဇူးကိုလည်း ပေးပါသည်။ ထို့ကြောင့် ပွဲတော်မင်္ဂလာသည် လူသားအားလုံးအတွက် သွန်းလောင်းသော ခရစ်တော်၏အသွေးပင်ဖြစ်ပြီး ရောဂါဘယများနှင့် ပြည့်နှက်လျက်ရှိနေသောကမ္ဘာကြီးအတွင်း နေထိုင်လျက်ရှိနေကြသော လူသားများအတွက် ကုသခြင်း ကိုယူဆောင်လာပေးကြောင်းကို တခြားသူများအားပြောပြရန် ကျွန်ုပ်တို့၌တာဝန်ရှိပေသည်။ ပွဲတော်မင်္ဂလာဝတ်၌ ကျွန်ုပ်တို့သည် ဝိညာဉ်အားဖြင့်သာ ခရစ်တော်နှင့်ဆက်သွယ်မိတ်သဟာရ ဖွဲ့ခြင်းမျိုးမဟုတ်ဘဲ ခန္ဓာကိုယ်အားဖြင့်လည်း တိုက်ရိုက်ဆက်သွယ်ကာ မိတ်သဟာရဖွဲ့ခြင်းပြုလျက်ရှိပါသည်။ဧဝံဂေလိကျမ်းများအတွင်းလူနာများ ၏ကုသပျောက်ကင်းခြင်းပုံစံများကိုလေ့လာကြည့်လျှင်လည်း ခရစ်တော်ကိုတို့ထိသောသူများသည် အကယ်၍ မိမိတို့၌ဖြစ်ပေါ်နေသော ရောဂါဘယများ ပျောက်ကင်းမည်ဟု ယုံကြည်မျှော်လင့်သောစိတ်နှင့် တို့ထိသောသူများ သည်အမှန်ပင်ရောဂါပျောက်ကင်းခြင်း အခွင့်ကိုရှိကြသည်ဟူသော ထူးခြားချက်ကိုတွေ့ရှိရသည်။ (မသဲ၁၄း၃၅–၃၆)တွင် *"ထိုအရပ်သားတို့သည် မျက်နှာတော်ကိုမှတ်မိလျှင် ပတ်ဝန်းကျင်အရပ်ရှိသမျှသို့ စေလွှတ်သဖြင့် လူနာရှိသမျှတို့ကိုဆောင်ခဲ့၍ အဝတ်တော်၏ ပန်းပွားကိုမျှသာတို့ရပါမည်အကြောင်း အခွင့်တောင်းကြ၏။ တို့သမျှသောသူတို့သည်လည်း ချမ်းသာရကြ၏"* ဟူ၍ တွေ့ရှိရသည်။ ပွဲတော်မင်္ဂလာဝတ်၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို တို့ထိခွင့်ရကြသကဲ့သို့ပင် ခရစ်တော်သည်လည်းကျွန်ုပ်တို့ကို တို့ထိလျက်ရှိနေသည်ကို သိရှိရသည်။ ထို့ကြောင့်ကျွန်ုပ်တို့ပွဲတော်မင်္ဂလာစီရင်ကျင်းပတိုင်း ဤစက္ကရမင်တမင်္ဂလာ၌ ခရစ်တော်ကိုယ်တော်တိုင် ပါဝင်ဆင်နွှဲလျက်ရှိသည်ကို သိရှိရပြီးကျွန်ုပ်တို့သည် ခရစ်တော်နှင့် တို့ထိတိုင်း၊ ခရစ်တော်ပေးသော ကုသခြင်းကျေးဇူးသည် ကျွန်ုပ်တို့အပေါ်သက်ရောက်လျက်ရှိပြီး အကျိုးဆက်အနေဖြင့် ကျွန်ုပ်တို့ကိုယ်ခန္ဓာတစ်ခုလုံး ကျန်းမာခြင်းအခွင့်ကို ရရှိကြသည်။

ယနေ့ကမ္ဘာတစ်ဝှမ်းလုံးရှိ အသင်းတော်များအနေဖြင့် ပွဲတော်မင်္ဂလာဝတ်ကို နည်းလမ်းပုံစံအမျိုးမျိုးဖြင့် စီရင်ကျင်းပလျက်ရှိသည်ကို တွေ့ရသည်။ သို့သော်လည်း ခရစ်ယာန်များအားလုံး ယုံကြည်လက်ခံထားသည်မှာ မည်သည့်ပွဲတော်မင်္ဂလာဝတ်၌မဆို ခရစ်တော်၏အသွေးတော်၊ အသားတော်အားဖြင့် အသင်းသူ၊ အသင်းသားများသည် ဝိညာဉ် ခွန်အားတစ်ခုတည်းကိုသာ ရရှိကြခြင်းမဟုတ်ဘဲ မိမိတို့ခံစားနေရကြသော ဝိညာဉ်ရေးရာရောဂါဘယများ သက်သာပျောက်ကင်းခြင်းအခွင့်ကိုပါ ရရှိကြသည်ဟူ၍ဖြစ်သည်။ ထို့ကြောင့် ယနေ့ခရစ်ယာန်အသင်းတော်များအနေဖြင့် သန့်ရှင်းသောပွဲတော်မင်္ဂလာဝတ်ကို အထွဋ်အမြတ်ထား၍ လေးနက်စွာစီရင်ကျင်းပခြင်းအားဖြင့် မိမိတို့၏အသင်းသူ၊ အသင်းသားများအတွက် ကုသခြင်းနှင့် ဝိညာဉ်ဆိုးများနှင်ထုတ်ခြင်း အမှုတော်မြတ်ကို နည်းလမ်းတစ်ခုအနေဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

## လက်တင်ဆုတောင်းလျက်ကုသခြင်းနှင့် ဝိညာဉ်ဆိုးများနှင်ထုတ်ခြင်းအမှုတော်မြတ်

အသင်းတော်၏ ဆုတောင်းပေးခြင်းနှင့်အတူတွဲလျက် လူနာများအပေါ်လက်တင်လျက် ဆုတောင်းပေးခြင်းသည် အလွန်တန်ခိုးအင်အားကြီး သောဝိညာဉ်ရေးရာအမှုတော်ဆောင်ခြင်းတစ်ရပ်ဖြစ်သည်။

အချို့သောသူများသည် လက်တင်လျက်ဆုတောင်းပေးခြင်းအားဖြင့် ရောဂါဘယများပျောက်ကင်းချမ်းသာခွင့်ရကြကြောင်း ကျွန်ုပ်တို့ တွေ့ရှိနိုင်သည်။ ခရစ်တော်သည်လောကတွင်အမှုတော်ဆောင်ခဲ့စဉ်ကလည်း မကျန်းမမာသောသူများအား လက်တင်လျက် ဆုတောင်းကာ ကုသခြင်းအမှုကိုပြုခဲ့သည်သာမက မိမိ၏တမန်တော်များအား လက်ဆင့်ကမ်းပေးခဲ့ရာ ဤအမှုတော်မြတ်သည် ယနေ့ထိတိုင်တစ်ပါးသူများကိုဇေဝဇဝါလုပ်ဆောင်ရာ၌ ခရစ်တော်၏တန်ခိုးတော်ကိုငင်းတို့အနေဖြင့်ရှင်းလင်းစွာ မြင်နိုင်သောလက္ခဏာတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်သည်။ လက်တင်ဆုတောင်းခြင်းနှင့်ပတ်သက်၍ (မာကု ၁၆း၁၇–၁၈)တွင် ခရစ်တော်ကမိမိကိုယုံကြည်သောသူများအား "ယုံကြည်သောသူတို့၌ဖြစ်အံ့သော နိမိတ်လက္ခဏာဟူမူကား၊ မကျန်းမမာသောသူတို့အပေါ်မှာလက်ကိုတင်၍ ချမ်းသာပေးကြလတ္တံ့ဟု မိန့်တော်မူ၏။" ဟူ၍ ပြောကြားခဲ့ပါသည်၊ (တမန် ၁၃း၁–၃) တွင်လည်း ဗာနဗနှင့်ရှောလုတို့သည် ငင်းတို့၏ပထမဆုံးသာသနာပြုခရီးမထွက်ခင် အန္တိအုတ်မြို့တွင် တမန်တော်များ၏အစာရှောင်လျက်လက်တင် ဆုတောင်းပေးခြင်းကိုဦးစွာခံခဲ့ရကြောင်း တွေ့ရသည်။ ယနေ့ခေတ်တွင် အသင်းတော်အများစုအနေဖြင့် လက်တင်ဆုတောင်းပေးခြင်းကို မကျန်းမမာသောသူများအတွက် အိမ်၊ အသင်းတော်၊ ဆေးရုံများစသည်တို့တွင် ကုသခြင်းနှင့်ဝိညာဉ်ဆိုးများနှင်ထုတ်ခြင်းအမှုတော်မြတ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပြုလုပ်ဆောင်ရွက်လျက် ရှိကြပါသည်။

## ဆုတောင်းခြင်းအဖွဲ့

အသင်းတော်သည်အစကနဦး၌ တိုက်ထောင့်အမြစ်ကျောက်ဖြစ်သောခရစ်တော်နှင့်အတူ တမန်တော်များ၊ ရှေးဦးယုံကြည်သူများပေါ်တွင် အခြေခံအုတ်မြစ်ချ၍ တည်ဆောက်ထားခြင်း ဖြစ်ပါသည်၊ (တမန်၄း၂၃–၃၁)တွင်တမန်တော်များ သည်အတူတကွစုရုံးလျက်ရဲရင့်ခြင်းနှင့် အနာရောဂါငြိမ်းစေခြင်း နိမိတ်လက္ခဏာကိုပေးရန် ဆုတောင်းကြကြောင်းတွေ့ရှိရသည်။ ယနေ့အသင်းတော်များသည်လည်း အတူတကွဆုတောင်းခြင်းသည် မကျန်းမမာသူများကိုကုသလျက်ကျန်းမာခြင်းအခွင့်ပြန်လည်ရရှိစေနိုင်ကြောင်း ယုံကြည်လက်ခံထားကြသည်။ ထို့ကြောင့်အဖွဲ့ဖြင့်စုပေါင်း၍ ဆုတောင်းခြင်းအမှုတော်မြတ်သည်အသင်းတော်များအတွင်း ဆက်လက်၍ တိုးပွားလျက်ရှိနေပါသည်။ အချို့သောအသင်းတော်များသည်လူနှစ်ဦး၊ သုံးဦးအတူတကွစုရုံး၍ အဖွဲ့လိုက်ဆုတောင်းခြင်းကိုအသင်းတော်အတွင်းပြုလုပ်ကြသည်၊ထိုသို့ဆုတောင်းရာတွင် အထူးသဖြင့် တစ်ဦးနှင့်တစ်ဦးအတွက်သော်လည်းကောင်း၊ ဒုက္ခရောက်လျက်၊မကျန်းမာ ဖြစ်နေသူများအတွက်သော်လည်းကောင်း၊ ထိုလူများကိုတာဝန်ယူအမှုတော်ဆောင်လျက်ရှိကြသော အမှုဆောင်များအတွက်သော်လည်းကောင်း၊ ဆွေမျိုး၊ မိတ်သင်္ဂဟများအတွက်သော်လည်းကောင်း၊ ဘုရားသခင့်ကျေးဇူးတော်ပြန်လည်ချီးမွမ်းခြင်းနှင့် အနာဂါတ်ကာလအတွက် ဆုတောင်းပေးခြင်းစသည်တို့ပါဝင်ကြပါသည်။ အချို့သောအသင်းတော်ရှိ ဆုတောင်းခြင်းအဖွဲ့များမှာမူ အသင်းတော်အတွင်းသာမကပဲ အသင်းတော်အပြင်သို့ထွက်၍ အထူးသဖြင့် အိမ်များ၊ ဆေးရုံများသို့သွား၍ နာမကျန်းဖြစ်နေသူများ၊ ဒုက္ခအခက်ခဲတွေ့နေသူများ အတွက်သွားရောက်ဆုတောင်းမိတ်သဟာရဖွဲ့ခြင်း ပြုလုပ်ကြသည်။ အချို့သောအသင်းတော်များမှာမူ ဤကဲ့သို့ ဆုတောင်းခြင်းအဖွဲ့များ ဆုတောင်းခြင်းအမှုမစတင်ခင်တွင် သမ္မာကျမ်းစာကိုအခြေခံ၍ ဝိညာဉ်ရေးရာအခြေခံသင်ကြားပေးခြင်း၊ အသင်းတော်ဒေသနာ၊ တစ်ဦးနှင့်တစ်ဦး မည်ကဲ့သို့ မိတ်သဟာရဖွဲ့တတ်ရန်၊ သူတစ်ပါးပြောစကားကို မည်ကဲ့သို့နားထောင်တတ်ရန် စသည်တို့ကို သင်တန်းပေးကာ လက်တွေ့လေ့ကျင့်မှု ပြုလုပ်ပေးခြင်းများကိုလည်း တွေ့ရှိရသည်။ ထို့ကြောင့် ဆုတောင်းခြင်းအဖွဲ့သည် ရှေးဦးခရစ်ယာန်အသင်းတော်များအတွက်သာမကပဲ ယနေ့အသင်းတော်များအတွက်လည်း ကုသခြင်းနှင့် ဝိညာဉ်ဆိုးများနှင်ထုတ်ခြင်း

အမှုတော်မြတ်လုပ်ဆောင်ရန် အရေးကြီးသောအမှုတော်မြတ်တစ်ရပ်အဖြစ်ရှိနေပါသည်။

**တတိယကဏ္ဍ**

ကုသခြင်းနှင့် ဝိညာဉ်ဆိုးများနှင်ထုတ်ခြင်းအမှုတော်မြတ်သည် ခရစ်တော်သည်လောကတွင် အမှုတော်ဆောင်ခဲ့စဉ်က အဓိကကျသောအပိုင်းတွင် ပါဝင်ခဲ့သည်ကို တွေ့ရှိရသည်။ တမန်တော်များအားလည်း ဤအမှုတော် မြတ်ကိုဆက်လက်လုပ်ဆောင်ရန်မိန့်မှာခဲ့သည်။ တမန်တော်များကလည်း ခရစ်တော်၏ မိန့်မှာချက်ကိုနာခံကာ ဤအမှုတော်မြတ်ကို မိမိတို့၏ဘဝအသက်တာဆုံးသည်အထိ လိုက်လျှောက်ကာ လုပ်ဆောင်ခဲ့ကြသည်။ ယနေ့ခေတ်တွင် ကုသခြင်းနှင့် ဝိညာဉ်ဆိုးနှင်ထုတ်ခြင်း အမှုတော်မြတ်သည် ယုံကြည်သူများအားဖြင့် ကမ္ဘာလောကကြီးအတွင်း ပျံ့နှံ့နေပြီဖြစ်သည်။ အသင်းတော်အများစုအနေဖြင့်လည်း ဤအမှုတော်မြတ်သည် အသင်းတော်ရှင်သန်ကြီးထွားရန်အတွက် အရေးပါသော အမှုတော်တစ်ရပ်ဖြစ်ကြောင်း သိရှိနားလည်ထားကြပြီး မိမိတို့၏ အသင်းတော်အတွင်း၌သော်လည်းကောင်း၊ အသင်းတော်ပြင်ပတွင်သော်လည်းကောင်း ကြိုးစား၍ လုပ်ဆောင်လျက်ရှိကြသည်။

**ခရစ်တော်၏ကုသခြင်းအမှုတော်မြတ်ပုံစံ**

ခရစ်တော်သည် ကုသခြင်းအမှုတော်မြတ်ကို ပုံစံနှစ်မျိုးဖြင့် လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။ များသော အားဖြင့် သူသည် နှုတ်ဖြင့်မိန့်မြွက်ခြင်းနှင့် တို့ထိခြင်း အားဖြင့်ကုသခြင်းပြုလုပ်ခဲ့သည်။ ခရစ်တော်၏ ကုသခြင်းပုံစံကို အောက်ပါအတိုင်းတွေ့ရှိရသည်။

(၁) မိန့်မြွက်ခြင်းအားဖြင့်ကုသခြင်း။

(၂) တို့ထိခြင်းအားဖြင့်ကုသခြင်း၊

(၃) မိန့်မြွက်ခြင်းနှင့်တို့ထိခြင်းအားဖြင့်ကုသခြင်း၊

(၄) တံတွေးအားဖြင့်ကုသခြင်း၊

(၅) အဝေးမှနေ၍ကုသခြင်း၊

(၆) လက်တွေ့လုပ်ဆောင်စေခြင်းအားဖြင့် ကုသခြင်းတို့ဖြစ်သည်။

ယနေ့ခေတ်အသင်းတော်များသည်လည်း ခရစ်တော်အသုံးပြုခဲ့သောပုံစံအတိုင်း လိုက်၍ ကုသခြင်းနှင့်ဝိညာဉ်ဆိုးနှင်ထုတ်ခြင်းကို ဆက်လက်ပြုလုပ်လျက်ရှိပါသည်။

**ကုသခြင်းနှင့် ဝိညာဉ်ဆိုးနှင်ထုတ်ခြင်းပြုနိုင်သောသူများ**

ဩဝါဒကျမ်းချက်များအတွင်း၌ ကုသခြင်းအမှုတော်မြတ်ကို လူအုပ်စု သုံးစုမှလုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

(၁) သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကုသခြင်းဆုကျေးဇူးရရှိထားကြသူများ (၁ကော ၁၂း၉)

(၂) နာဖျားသူများကိုကုသရန် အခေါ်ခံရသောအသင်းတော်အတွင်းမှသင်းအုပ်များ (ယာကုပ် ၅း၁၄)

(၃) အသင်းတော်အတွင်းရှိ သာမန်အသင်းသားများ၊ မိမိတို့အပြစ်များကိုဖော်ပြတောင်းပန်လျက် အချင်းချင်းဆုတောင်းပေးခြင်းအားဖြင့်လည်း ကုသခြင်းအမှုတော်မြတ်ကို ဖြစ်ပေါ်စေနိုင်သည်။ (ယာကုပ် ၅း၁၆)

အထက်ပါအထောက် အထားများကိုကြည့်ခြင်းအားဖြင့် ဤအမှုတော်မြတ်အတွက် အသင်းတော်တိုင်းတွင် ဘုန်းတော်ကြီးများ၊ သင်းအုပ်ဆရာများ၌သာ လုံးလုံးလျားလျားလုပ်ဆောင်ရန်တာဝန်ရှိနေခြင်း မဟုတ်ဘဲ သာမန်တပည့်တော်များအနေဖြင့်လည်း လုပ်ဆောင်ရန်တာဝန် ရှိကြောင်းတွေ့ရှိရပါသည်။

ထို့ကြောင့် ယနေ့တွင် အသင်းတော်များရှိအသင်းသူ၊အသင်းသားများအနေဖြင့်လည်း ကုသခြင်းနှင့် ဝိညာဉ်ဆိုးနှင်ထုတ်ခြင်းကို မိမိတို့အသင်းတော်များတွင် လုပ်ဆောင်ကာ အမှုတော်ဆောင်သင့်ပါသည်။ အသင်းတော်၏သာသနာပြုလုပ်ငန်းနှင့် တပည့်တော်စစ်များတိုးပွားလာစေရန်အတွက် ကုသခြင်းနှင့် ဝိညာဉ်ဆိုးနှင်ထုတ်ခြင်းအမှုတော်မြတ်သည် ကျွန်ုပ်တို့လက်ထက်တွင် ဆက်လက်၍ အရေးပါနေဦးမည်ဖြစ်ပါသည်။

**အငယ်ဆုံးသောသူ**

ကိုထူး

(ပသိမြေ)



# ပထမနှစ် ကွင်းဆင်းလေ့လာခြင်းမှတ်တမ်း (၂၀၁၅-၂၀၁၆) ပညာသင်နှစ်

ကျွန်တော်တို့ ပထမနှစ်ကျောင်းသူ၊သား များသည် (၂၀၁၅–၁၆) ပညာသင်နှစ် နွေရာသီကျောင်းပိတ်ရက်တွင် ရန်ကုန်သာသနာပိုင်နယ်၊ ပြည်ဂိုဏ်းထောက်နယ်ရှိ ကြာအင်းရှင်ပေါလု အသင်းတော် (ရွာဟောင်း)နှင့် ပြည် (ရှင်မာကု) ဘုန်းကြီးပိုင်နယ်၏ ဇေ၀ံဂေလိနှင့် သာသနာပြုကွင်းဖြစ်သော ဒီးဒုတ် (ရှင်သတေဖန် အသင်းတော်စု)သို့ သွားရောက်ကွင်းဆင်းလေ့လာခဲ့ပါသည်။ ဘုန်းတော်ကြီး စောကလိုထူးဝါး ဦးဆောင်သော ကျွန်ုပ်တို့အဖွဲ့သည် ၁၂–၃–၂၀၁၆ ရက်နေ့နံနက် ၆နာရီခွဲတွင် ရန်ကုန်မှကြာအင်းသို့ထွက်ခွာခဲ့ရာ နေ့လည်၂ရီခွဲတွင် ကြာအင်းရွာဟောင်းသို့ရောက်ရှိခဲ့ပါသည်။ ကြာအင်းရွာဟောင်းတွင် ၁၂–၃–၂၀၁၆ ရက်နေ့မှစပြီး ၁၇–၃–၂၀၁၆ ရက်ညအထိ ၅ ရက်တာ ဓမ္မပညာကလေးများအား သင်ကြားခြင်းအစီစဉ်ပြုလုပ်နိုင်ခဲ့ပါသည်။ ထို့နောက် ညပိုင်းသင်ကြားခြင်းအစီစဉ်များအပြီးတွင် အသင်းတော်အတွင်းရှိ လူငယ်၊ ယောကျာ်း၊ မိခင်များနှင့်လည်း မိတ်သဟာရအစီစဉ်များပြုလုပ်နိုင်ခဲ့ပါသည်။ သင်တန်းကာလ ၅ရက်တာအချိန်အတွင်း ကျွန်တော်တို့အဖွဲ့သည် ကြာအင်းရွာဟောင်းတွင် ကလေးအယောက် ၁၂၀ခန့်ကို ကောင်းမွန်စွာ သင်တန်းပေးနိုင်သော အခွင့်ကို ရရှိပြီး အသင်းတော်အတွင်း မိတ်သဟာရအစီစဉ်ကိုလည်း ကောင်းမွန်စွာပါဝင်ခွင့်ရရှိခဲ့ပါသည်။

ထို့နောက် ကျွန်တော်တို့ ပထမနှစ်အဖွဲ့သည် ၁၈–၃–၂၀၁၆ ရက်နေ့တွင် ကြာအင်းရွာ ဟောင်းမှ ဒီးဒုတ်သာသနာပြုကွင်းသို့ သွားရောက်ကွင်းဆင်းလေ့လာခဲ့ပါသည်။ ဒီးဒုတ်သာသနာပြု ကွင်းတွင် အသင်းသူအသင်းသားများနှင့် ကောင်းမွန်စွာမိတ်သဟာရဖွဲ့နိုင်ရုံသာမက ဘုရားကျောင်း ဝင်းခြံစည်းရိုးကာခြင်းကိုလည်း

ပြုလုပ်နိုင်ခဲ့ပါသည်။ ထို့ပြင် ညပိုင်းတွင် ယုံကြည်သူအသင်းသားများ အိမ်သို့ သွားရောက်မိတ်သဟာရဖွဲ့ခြင်း၊ ဇေဝံဂေလိနှင့်သတင်းကောင်း ဝေမျှသက်သေခံခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။ မယုံကြည်သူ ရွာသူရွာသားများနှင့်လည်း မိတ်သဟာရဖွဲ့နိုင်ခဲ့ပါသည်။ ထိုမှတဆင့် ဧဝံဂေလိသာသနာပြုကွင်းအသစ်ဖြစ်သော ငလူးစမ်းကျေးရွာသို့လည်း သွားရောက်လေ့လာနိုင်ခဲ့ပါသည်။ ၂၄-၃-၂၀၁၆ ရက်နေ့တွင် ကျွန်တော်တို့အဖွဲ့သည် မိမိတို့၏ သာသနာပိုင်နယ် အသီးသီးသို့ ပြန်လည်ထွက်ခွာနိုင်ခဲ့ပါသည်။ ထို့ကြောင့် (၂၀၁၅-၁၆) နွေရာသီကွင်းဆင်းလေ့လာရေးအစီအစဉ်တွင် ကောင်းမွန်စွာ ပါဝင်ဆက်ကပ်နိုင်သောကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းရင်း လက်ခံပေးသောသက်ဆိုင်ရာ တာဝန်ရှိ ဘုန်းကြီးပိုင်နယ်များကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ။ ။ ။ ။ ။ ။ ။ ။ ။ ။။

ပထမနှစ်ကျောင်းသူ/သားများ (၂၀၁၅-၁၆)

## မစားဆိုလုံးဝမစားဘူး

မောင်ပုတစ်ယောက် ဓမ္မဆရာနေအိမ်သို့ရောက်လာသည်။

မောင်ပု - ဆရာရေ ဟိုဖက်ရွာမှာဝက်ပေါ်လို့ ဆရာဝက်သားယူဦးမလား။

ဆရာ - မောင်ပု အခုအချိန်ကဝါတွင်းလေ။ ဝါတွင်းမှာ ငါကအသားမစားဘူး။

မောင်ပု - ဟုတ်ကဲ့ဆရာ။ ဒါဆိုကျွန်တော်သွားတော့မယ်နော်။

ဆရာ - ခဏနေဦးဟ။ ငါအသားမစားတော့ ဝက်ကလီစာ (၅၀)သားယူခဲ့ပေး။ လကုန်မှငါပိုက်ဆံပေးလိုက်မယ် လို့ပြောလိုက်။

မောင်ပု - ဟိုက် !!!!

Luke Aung



# ဝမ်းမြောက်ဘွယ်သတင်းကောင်းကြေငြာခြင်း၊ သာသနာပြုစုပျိုးထောင်ခြင်းနှင့် ခရစ်ယာန်ဖွံ့ ဖြိုးရေး

ဒေါက်တာစောအောင်လှထွန်း

ခရစ်တော်၏ သက်တော်စဉ်ကိုလေ့လာကြည့်မည်ဆိုပါက ကိုယ်တော်ရှင်၏ လောကအသက်တာတစ်လျှောက်လုံး လုပ်ကိုင်ပြသခဲ့သမျှတို့သည် ဝမ်းမြောက်ဘွယ်သတင်းကောင်းကို ပြောကြားခြင်း၊ သာသနာပြုစုပျိုးထောင် ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းပြုသူများအား လက်တွေ့လိုက်နာကျင့်ကြံလုပ်ကိုင်ရန်အတွက် လမ်းညွှန်မှုများပေးခြင်းတို့ဖြစ်သည်။ ဝမ်းမြောက်ဘွယ်သတင်းကောင်းနှင့်သာသနာပြုစုပျိုးထောင်ခြင်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သဘောတရားတို့အပြင် ၄င်းလုပ်ငန်းနှစ်ခုနှင့်ခွဲမရ၊ ဆက်စပ်နှီးနွယ်နေသော ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ပမာဏအနေနှင့် လေ့လာတင်ပြမည်ဖြစ်သည်။

C-47 HCTC

၁။ ဝမ်းမြောက်ဘွယ်သတင်းကောင်း

ဝမ်းမြောက်ဘွယ်သတင်းကောင်းဆိုသောစကားသည် ဧဝံဂေလိဆိုသောစကားနှင့် အဓိပ္ပာယ် အတူတူဖြစ်သည်။ ဧဝံဂေလိ၊ အင်္ဂလိပ်ဘာသာစကားအားဖြင့် "evangelism" ဆိုသောဝေါဟာရသည် ဂရိဘာသာ စကား "evangelion" ဆိုသောစကားမှ ဆင်းသက်လာပြီး အဓိပ္ပာယ်မှာ ဝမ်းမြောက်ဘွယ်သတင်းကောင်း ပင်ဖြစ်သည်။ သမ္မာကျမ်းစာတွင် ဖော်ပြထားသော သတင်းကောင်းဆိုသည်မှာ –

(က) ဘုရားသခင်သည် လူသားအားလုံးကိုချစ်တော်မူသော အရှင်ဖြစ်တော်မူသည်။ ထိုသို့ချစ်တော်မူသောကြောင့် လူသားတို့အနေနှင့် မိမိတို့ခွန်အားဖြင့်ရှန်းမထွက်နိုင်သော အပြစ်၏နှောင်ကြိုးမှလည်းကောင်း၊ မပေးဆပ်နိုင်သောအပြစ်ကြွေးများကို ပေးဆပ်ခြင်းအားဖြင့်လည်းကောင်း အပြစ်ဖြေလွှတ်ခြင်းသို့ရောက်ရန် မိမိ၌ရှိသည့်တစ်ပါးတည်းသော သားတော်ကို လောကထဲသို့စေလွှတ်ကာ ကယ်တင်ခြင်းအမှုကိုပြုခဲ့သည်ဆိုသည့် သတင်းကောင်း (ယော ၃း၁၆)

ထို့ကြောင့် သမ္မာကျမ်းစာတွင် –

''ငါတို့သည် ဘုရားသခင်ကိုချစ်ကြသည်ဟုမဆို၊ ဘုရားသခင်သည် ငါတို့ကိုချစ်၍ ငါတို့၏အပြစ်ဖြေရာအကြောင်းဖြစ် စေခြင်းငှါ သားတော်ကိုစေလွှတ်တော်မူသောအရာ၌ ချစ်ခြင်းမေတ္တာရှိ၏'' (၁ယော၄း၁၀) ဟုဖော်ပြထားသည်။

(ခ) စေလွှတ်လိုက်သောသားတော်ယေရှုသည် လောကအတွင်းသို့ကြွရောက်လာ၍ လူ့ဇာတိကိုခံယူပြီးနောက် မိမိအသွေး ကိုသွန်း၍ အသက်ကိုစတေးကာလူသားအားလုံး၏ အပြစ်ကြွေးကိုတစ်ကြိမ်တည်းနှင့် အပြီးအပိုင် ပေးဆပ်ပြီး အပြစ်သား ဘဝမှရွေးနှုတ်ကယ်တင်ခဲ့ပြီးဆိုသော သတင်းကောင်း (၁ကော ၁း၁၄)

ထို့ကြောင့် သမ္မာကျမ်းစာတွင် –

'' ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ . . . မိမိအသရေကိုစွန့်၍၊ အစေခံကျွန်၏ သဏ္ဌာန်ကိုယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကိုခံယူတော်မူသည်။ ထိုသို့ လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကားတိုင်မှာ အသေခံခြင်းတိုင်အောင်၊ အစေကျွန်ခံ၍ ကိုယ်ကို နှိမ့်ချတော်မူ၏'' (ဖိ ၂း၆–၈) ဟုဖော်ပြထားသည်။

(ဂ) ဤသို့အပြစ်သားဘဝမှလွတ်မြောက်ရှင် ယေရှုခရစ်က ရွေးနှုတ်ကယ်တင်ခြင်းကိုယုံကြည်လက်ခံသူတိုင်းသည် အပြစ်ကျေးကျွန်ဘဝမှလွတ်မြောက်၍ ကယ်တင်ခြင်းဆုကျေးဇူးကိုရသောအသက်တာသစ်သို့ရောက်သော ဘုရားသခင် ၏သားသမီး၊ အမွေစားအမွေခံအဖြစ်သို့ရောက်သော လူသစ်တစ်ယောက်ဖြစ်လာသည်ဆိုသော သတင်းကောင်း (၂ကော ၅း၁၇)။ ထို့ကြောင့် သမ္မာကျမ်းစာတွင် –

'' သင်သည် သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကိုသေခြင်းမှရှင်ပြန်ထမြောက်စေပြီးဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ စိတ်နှလုံးနှင့်ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရ၏'' (ရော ၁၀း၉–၁၀) ဟုဖော်ပြထားသည်။

(ဃ) ဤအသက်တာသစ်ကိုလိုက်လျှောက်ပြီး ရေနှင့်သန့်ရှင်းသောဝိညာဉ်တော်နှင့်ဆေးကြောသန့်စင်၍ သွန်သင်လမ်းပြခြင်းကိုခံယူသူများသည် ထာဝရအသက်ကိုရပိုင်ခွင့်ရှိပြီး၊ ကောင်းကင်နိုင်ငံသို့ ဝင်စားခွင့်ကို

ရမည်ဆိုသည့် သတင်းကောင်း (၁ယော ၅း၁၁–၁၂) ဟုဖော်ပြထားသည်။

ထို့ကြောင့် သမ္မာကျမ်းစာတွင် –

'' ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူတို့သည်ထာဝရအသက်ကိုရသည်ဟု သိစေခြင်းငှါ . . . သင်တို့အား ငါရေးပေးလိုက်၏'' (၁ယော ၅း၁၃) ဟုဖော်ထားသည်။

ထို့ကြောင့် ဧဝံဂေလိလုပ်သည်ဟုဆိုရာတွင် အထက်ဖော်ပြပါသတင်းကောင်းကို လူသားတိုင်းကြားသိနိုင်ရန် ကြွေငြာပြောကြားခြင်းဖြစ်သည်။ ထားရှိသော အဓိကရည်ရွယ်ချက်မှာ ဤသတင်းကောင်းကို ကြားသိရသူများအနေနှင့်လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန်အခွင့်အရေးကိုပေးခြင်းဖြစ်သည်။ သို့ရာတွင် အမှန်တကယ်ထားရှိသောပန်းတိုင်မှာ သတင်းကောင်းကို ကြားသိရသူများသည် ခရစ်တော်ယေရှုကို ကယ်တင်ရှင်အဖြစ်လက်ခံလာသည်သာမက ကျယ်ပြန့်လှသော မိတ်သဟာယထဲတွင် ပီပြင်ရင့်ကျက်သော ခရစ်ယာန်အသက်တာကို လိုက်လျှောက်ရန်၊ ကိုယ်တော်ရှင်၏ အမှုတော် ကိုဆက်ကပ်အမှုတော်ဆောင်သူများဖြစ်လာရန်ဖြစ်သည်။

သာသနာပြုစုပျိုးထောင်ခြင်း

သာသနာပြုစုပျိုးထောင်ခြင်းဆိုသောစကားသည် အင်္ဂလိပ်ဝေါဟာရ "mission" ကို ဘာသာပြန်ဆိုထား၍ အသုံးပြုထားသော စကားရပ်ဖြစ်သည်။ Misso ဆိုသော ဂရိဝေါဟာရမှဆင်းသက်လာပြီး အဓိပ္ပာယ်မှာ ''စေလွှတ်ခြင်း'' ဖြစ်သည်။ စေလွှတ်ခြင်းဟုပြောလိုက်ပါက (က) စေလွှတ်သူရှိရမည်။ (ခ) စေလွှတ်ခံသူရှိရမည်။ (ဂ) စေလွှတ်သည့် အလုပ်ရှိရမည်။ (ဃ) စေလွှတ်သည့်နေရာရှိရမည်။ (င) စေလွှတ်သည့်အလုပ် အောင်မြင်ပြီးစီးကြောင်း ပြန်သတင်းပို့ခြင်းရှိရမည်။

သမ္မာကျမ်းစာကိုကြည့်မည်ဆိုပါက ဓမ္မဟောင်းကျမ်းတွင် စေလွှတ်သူမှာ ဘုရားသခင်ဖြစ်ပြီး၊ စေလွှတ်ခံရသူများမှာ ရှေးဦးဖခင်ကြီးများ၊ တရားသူကြီးများ၊ ပရောဖက်များ ဖြစ်ကြသည်။ စေလွှတ်သည့်နေရာမှာ ဣသရေလလူမျိုးထံသို့ဖြစ်ပြီး စေလွှတ်သည့်တာဝန်မှာ ဣသရေလလူမျိုးတို့ကိုကယ်တင်ရန် သို့မဟုတ် ဖောက်ပြန်မှုများကို သတိ ပေး၍ မိမိထံသို့ပြန်လာရန်ဖြစ်သည်။

ဓမ္မသစ်ကျမ်းတွင်မူ စေလွှတ်သူမှာ ခရစ်တော်ယေရှုဖြစ်၍ စေလွှတ်ခံရသောသူများမှာ တမန်တော်များနှင့် ယုံကြည်သူ အားလုံးပင်ဖြစ်သည်။ စေလွှတ်သည့်တာဝန်မှာ ဝမ်းမြောက်ဘွယ်သတင်းကောင်းကိုပြောကြား၍ သာသနာပြု စုပျိုးထောင်ခြင်းကိုပြုလုပ်ရန်ဖြစ်ပြီး စေလွှတ်သည့်နေရာမှာ ကမ္ဘာအရပ်ရပ်သို့ဖြစ်သည်။

သာသနာပြုစုပျိုးထောင်ခြင်းလုပ်ငန်းသည် ဝမ်းမြောက်ဘွယ်သတင်းကောင်း ကိုပြောကြားသည့် လုပ်ငန်းထက်ပိုပြီး ကျယ်ပြန့်သည်။ သာသနာပြုစုပျိုးထောင်ရေးလုပ်ငန်းတွင် ကြိုတင်၍ မေတ္တာပြလုပ်ငန်းများကို ပြုလုပ်ခြင်း၊ လူမှုရေးလုပ်ငန်းများကို လုပ်ကိုင်ခြင်း၊ ဝမ်းမြောက်ဘွယ်သတင်းကောင်းကိုပြောကြားခြင်းနှင့် ယုံကြည်ခြင်းသို့ရောက်လာသောသူများအား ပီပြင်သောခရစ်ယာန်အသက်တာကို တည်ဆောက်နိုင်ရန် သင်ကြားလေ့ကျင့်ပေးခြင်း၊ ကြည့်ရှုစောင့်ထိန်းခြင်း၊ ဝိညာဉ်အစာကိုကျွေးမွေးခြင်းအားဖြင့် ခရစ်တော်နှင့် အသွင်သဏ္ဍာန်တူလာသော ရင့်ကျက်သည့်ခရစ်ယာန် အသက်တာကို တည်ဆောက်ပေးပြီး၊ အသင်းတော်တွင် ဆက်ကပ်အမှုတော်ဆောင်သူတစ်ဦးဖြစ်လာသည်အထိ ပြုစုပျိုးထောင်ခြင်းပြုသည်အထိ ပါဝင်သည်။

(က) သာသနာပြုစုပျိုးထောင်ရေးတွင် ပါဝင်သောလုပ်ငန်း

သာသနာပြုစုပျိုးထောင်ရေးလုပ်ငန်းကို တနည်းအားဖြင့်ဆိုရမည်ဆိုပါက ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို လူတိုင်းသိရန် ပြောကြားလုပ်ဆောင်သည့်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းကိုလုပ်ဆောင်ရာတွင်

ဝိညာဉ်ရေးဆိုင်ရာ သတင်းကောင်းကိုပြောကြားခြင်းနှင့်အတူ လူသားတို့၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးသည့် လူမှုရေးလုပ်ငန်းလည်း ပါဝင်ရမည်။ တာဝန်ယူလုပ်ဆောင်သူသည်လည်း အတ္တစိတ်ကင်း၍ လူတိုင်းအား ချစ်ခြင်းမေတ္တာ ပွားများနိုင်သူဖြစ်ရုံသာမက လူမှုအဆောက်အအုံဖွံ့ဖြိုးရေး၊ လူသားအရင်းအမြစ်ကို ပြုစုပျိုးထောင်ရေးတို့တွင် တတ်ကျွမ်းနားလည်ရန်လည်း လိုအပ်သည်။

ထို့ကြောင့် ခရစ်တော်ယေရှုကိုယ်တိုင် သာသနာပြုစုပျိုးထောင်ရေးလုပ်ငန်းကို လက်တွေ့လုပ်ဆောင်ပြသခဲ့ရာတွင် (၁) ဟောပြောခြင်း၊ (၂) သင်ကြားခြင်း၊ (၃)ရောဂါများကိုကုစားပေးခြင်း၊ (၄) ဒုက္ခရောက်သူများကို ကူညီမစခြင်း၊ (၅) အစေခံခြင်း၊ (၆) လူတန်းစားမခွဲခြားခြင်း၊ (၇) တရားမျှတမှုအတွက် ရပ်တည်ခြင်းစသည့် ဝိညာဉ်ရေး နှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတို့ ပါဝင်သည်ကိုတွေ့ရမည်ဖြစ်သည်။

(ခ) ခရစ်တော်ယေရှုက မိန့်မှာခဲ့သောစကားများ

ထို့ကြောင့် ခရစ်တော်ယေရှုရှင်ပြန်ထမြောက်ပြီး နောက်ဆုံးမှာကြားခဲ့သည့်စကားများကို သမ္မာကျမ်းစာထဲ၌ ဖော်ပြထားသည်မှာ –

(၁) ''သင်တို့သည်သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဗတ္တိဇံမင်္ဂလာကိုပေးကြလော့။ ငါသည် သင်တို့အားပေးသမျှသော ပညတ်တို့ကိုစောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့'' (မဿဲ ၂၈း၁၉–၂၀) ဟူ၍လည်းကောင်း၊

(၂) ''ခရစ်တော်၏ အခွင့်အာဏာအားဖြင့် နောင်တတရားနှင့် အပြစ်ဖြေလွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှစ၍ လူမျိုးတကာတို့ကို ဟောပြောရမည်'' (လုကာ ၂၄း၄၇) ဟူ၍လည်းကောင်း၊

(၃) ''ဖခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည့်နည်းတူ သင်တို့ကိုငါစေလွှတ်သည်ဟု မိန့်တော်မူ၏'' (ယော ၂၀း၂၁) ဟူ၍လည်းကောင်း၊

(၄) ''ငါ၏ သိုးသူငယ်တို့ကိုကျွေးမွေးလော့'' (ယော ၂၁း၁၅)

''ငါ၏ သိုးသူငယ်တို့ကိုထိန်းလော့'' (ယော ၂၁း၁၆)ဟု အသီးသီးဖော်ကြားထား၏။

(၅) ထို့ပြင် တမန်တော်ဝတ္ထုတွင်လည်း ပင်တေကုတ္တေပွဲနေ့၌ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်လာပြီးနောက် တမန်တော်ကြီးများ၏ ဟောပြောမှုကြောင့် ပထမဆုံးခရစ်ယာန်ဖြစ်လာသူများသည်လည်း ''ထိုသူများသည် တမန် တော်တို့၏ ဆုံးမသြဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ဆုတောင်းခြင်းတို့ကို အမြဲ(နေ့စဉ်) ဆောင် ရွက်လျက်နေကြ၏'' (တမန် ၂း၄၂)ဟု ဖော်ပြထားသည်။

ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်း

ဝမ်းမြောက်ဖွယ်သတင်းကောင်းကိုပြောကြားခြင်း၊ သာသနာပြုစုပျိုးထောင်ခြင်းနှင့် ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်းတို့သည် တစ်ခုနှင့်တစ်ခုဆက်စပ်နေသည်။ ခွဲခြား၍လုပ်ဆောင်ခြင်းမပြုအပ်ပေ။ သာသနာပြုစုပျိုးထောင်ရေးလုပ်ငန်းကို လုပ်ဆောင်ရာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းသည် ပါစမြဲဖြစ်သည်။

ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်းအားလုပ်ဆောင်ရာတွင် ဝမ်းမြောက်ဘွယ်သတင်းကောင်းကို ကြေငြာပြောကြား ခြင်းအား ပန်းတိုင်အဖြစ် အမြဲထားရှိ၏။ အဘယ်ကြောင့်ဆိုသော် ဖွံ့ဖြိုးရေးလုပ်ငန်းသည် ဒေသခံများနှင့် ပေါင်းသင်းဆက်ဆံမှုနှင့် နားလည်မှုကိုတည်ဆောက်ပေးသည်။ ဤကဲ့သို့ ပြေပြစ်သောပေါင်းသင်းဆက်ဆံမှုကို တည်ဆောက် နိုင်မှသာ ဖွံ့ဖြိုးရေးလုပ်ငန်းကိုလုပ်ကိုင်နိုင်မည်ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် သာသနာပြုစုပျိုးထောင်ရေးလုပ်ငန်းကိုလုပ်ကြရာ၌ များစွာသောနေရာများတွင်

လူမှုဖွံ့ဖြိုးရေးလုပ်ငန်း၊ ဒေသခံတို့၏လက်တလောလိုအပ်သည့်လုပ်ငန်းကိုအရင်လုပ်ကိုင်ပြီးမှ ဝမ်းမြောက်ဘွယ် သတင်းကောင်းကို ကြေငြာသည့်လုပ်ငန်းသည်လိုက်ပါလာ၏။ ယုံကြည်ခြင်းသို့ရောက်လာသူများအတွက် ရင့်ကျက်ပြည့်ဝသော ခရစ်ယာန်အသက်တာကို တည်ဆောက်နိုင်ရန်လုပ်ငန်းနောက်မှ ခရစ်ယာန်ပြုစုပျိုးထောင်ရေး လုပ်ငန်းသည် လိုက်ပါလာ၏။ ထိုသို့လိုက်ပါလာရာတွင် ဝိညာဉ်ရေးနှင့် လူမှုဖွံ့ဖြိုးရေးတိုးတက်မှုတို့ဖြစ်လာရန် မျှတစွာဆောင်ရွက်ခြင်းမရှိပါက အသင်းတော်သည် ဘက်စုံဖွံ့ဖြိုးသည့်အသင်းတော် ဖြစ်လာနိုင်မည် မဟုတ်ပေ။

ဖွံ့ဖြိုးရေးလုပ်ငန်းသည် လူ့အဆောက်အအုံတစ်ခု၊ အသိုင်းအဝိုင်းတစ်ခုအား မိမိတို့၏ပတ်ဝန်းကျင်တွင် သိက္ခာရှိရှိ အိမ်ခြေရရနေနိုင်ပြီး မိမိတို့၏ အနာဂတ်ကံကြမ္မာကို ကိုယ်ပိုင်ဆုံးဖြတ်နိုင်ကြရန် ကူညီမစခြင်းပင်ဖြစ်သည်။ ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်းသည် လူ့အသိုင်းအဝိုင်းတစ်ခုတွင် ဤအခြေနေမျိုးသို့ရောက်ရန် လိုအပ်ချက်များကို ဖော်ထုတ်၍ နှစ်ပိုင်းခွဲ၍ ရှုမြင်သုံးသပ်လုပ်ဆောင်၏။ ဤလိုအပ်ချက်နှစ်ခုတို့မှာ လူသားချင်းဆက်သွယ်မှုမှ ပေးပေါက်လာသည့်အကျိုးဆက်များကို ကူညီဖြေရှင်းပေးခြင်းနှင့် ခရစ်တော်ယေရှုအား သိကျွမ်းလာရာမှဖြစ်ပေါ်လာသော အကျိုးဆက်များ၏ လိုအပ်ချက်များကို ဖြေရှင်းပေးခြင်းတို့ဖြစ်ပေသည်။ ထို့ပြင် ရုပ်ပိုင်းဆိုင်ရာတွင် သာမဟုတ် ဘုရားသခင်နှင့် ခရစ်တော်ယေရှုတို့၏ ချစ်ခြင်းမေတ္တာအရိပ်အာဝါသအောက်တွင် ရှင်သန်၍ လူသားတို့ ရင်ဆိုင်ကြရသော ဒုက္ခဆင်းရဲခြင်းတို့မှ လွတ်ကင်းခြင်းသို့ရောက်နိုင်မှသာ ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်း၏ အနှစ်သာရသည်ပေါ်လွင်လာသည်။

ခရစ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းသည် ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ကြေငြာပြောကြားခြင်းနှင့် ဒွန်တွဲနေသည်။ လုပ်ဆောင်ရာတွင် ခရစ်တော်ယေရှု၏ ချစ်ခြင်းမေတ္တာအရိပ်အာဝါသအောက်တွင်လုပ်ဆောင်ခြင်းပြုမှသာ စစ်မှန်သော ဖွံ့ဖြိုးရေးလုပ်ငန်းကိုလုပ်ဆောင်နိုင်သည်။ ဝမ်းမြောက်ဘွယ်သတင်းကောင်းကိုသာ ဟောပြောရန်ပြင်ဆင်၍ စတင်ခဲ့သော သာသနာလုပ်ငန်းတစ်ခုသည် လုပ်ကွင်းတွင် လက်တွေ့ကြုံတွေ့ရသည့် လူမှုရေးပြဿနာ အရပ်ရပ်တို့ကြောင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစွာလုပ်ကိုင်ပြီးနောက်မှ ဝမ်းမြောက်ဘွယ်သတင်းကောင်းကို ကြေငြာပြော ကြားခြင်းက လိုက်ပါလာရသည့် သာဓကများကိုလည်း တွေ့ရတတ်သည်။

သမ္မာကျမ်းစာတွင်ပါရှိသော ဝမ်းမြောက်ဘွယ်သတင်းကောင်းကိုပြောကြားရာတွင် လူသားတို့၏လိုအပ်ချက်ကို အခြေခံ၍ပြောကြားခြင်းဖြင့် အစပြုရမည်ဖြစ်သည်။ ခရစ်ယာန်ချစ်ခြင်းမေတ္တာက အမှန်တကယ်လိုအပ်သူများကို မေတ္တာကရုဏာထား၍ ကူညီမစရန်အမြဲတိုက်တွန်းနေသည်။ တွန်းအားပေးနေသည်။ ထို့ကြောင့် ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်းသည် ဝမ်းမြောက်ဘွယ်သတင်းကောင်းကိုကြားနာသူများနှင့် ဆက်သွယ်ပေးရာတွင် အပြောနှင့်အလုပ်ကိုက်ညီအောင် ပို့ဆောင်ပေးသည်။

ထို့ကြောင့် အင်အားရှိသည့်အသင်းတော်များအနေနှင့် ဝမ်းမြောက်ဘွယ်သတင်းကောင်းကို ရပ်ဝေးသို့သယ် ဆောင်သွားရာတွင် ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်းက လိုအပ်သောစွမ်းအားကိုပေးသည်။ အသင်းတော်ကြီး အတွက်လည်း ကြီးမားသည့် စွမ်းအားလည်းဖြစ်သည်။

ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်းကို လုပ်ဆောင်ရာတွင် လုပ်ရမည့်အပိုင်းများစွာပါဝင်သည်။

ပထမအချက်မှာ ဤဖွံ့ဖြိုးရေးလုပ်ငန်းကို ခရစ်တော်နှင့်အမှန်တကယ်ထိတွေ့၍ မိမိတို့အသက်တာကို ဘုရား သခင်ထံ ဆက်ကပ်သူများက လုပ်ဆောင်ကြသည်။ ထို့ကြောင့် သတင်းကောင်းကိုဝေငှပြောကြားသူများ၏ အသက်တာသည် မည်ကဲ့သို့ပြောင်းလဲလာခဲ့သည်ကို ကြားနာသူများကသိအောင် လက်တွေ့ပြသရန်လည်း အရေးကြီးသည်။

ဒုတိယအချက်မှာ ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်းကို လုပ်ကိုင်သူများသည် မိမိတို့တတ်သိသောနည်းပညာများကို သင်ပေးသည့် ဆရာများဖြစ်သကဲ့သို့ မိမိလုပ်နေသော လုပ်ငန်းသစ်မှ ပြန်လည်သင်ယူခြင်းအမှုကို

ပြုနေကြသူများလည်း ဖြစ်သည်။ ဖွံ့ဖြိုးရေးကို ထိရောက်စွာအမှန်တကယ်လုပ်ကိုင်သူများသည် ဤဖြစ်စဉ်အတိုင်း လိုက်နာကျင့် သုံးကြသည်။

တတိယအချက်မှာ ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်းသည် ဝမ်းမြောက်ဘွယ်သတင်းကောင်းကို ကြေငြာရန် အတွက် စီမံချက်ကို ချမှတ်၍လုပ်ဆောင်ရာတွင် ကြားနာသူများအား ခရစ်တော်ယေရှုနှင့်ထိတွေ့ရင်းနှီးပြီး လက်ခံလာနိုင်ရန် ပြင်ဆင်ပေးသည့်လုပ်ငန်းလည်း ဖြစ်သည်။

စတုတ္ထအချက်မှာ ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်းကို စားရေးသောက်ရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်မြင့်တက် ဖွံ့ဖြိုးလာမှုတို့ဖြင့် တိုင်းတာခြင်းပြုသကဲ့သို့ ဝမ်းမြောက်ဘွယ်သတင်းကောင်းကို ကြားနာသူ အသိုင်းအဝိုင်းအနေနှင့် ကယ်တင်ရှင်ခရစ်တော်ယေရှုအား မည်မျှသိကျွမ်းရင်းနှီးမှုရှိလာသည်ဆိုသော အချက်ပေါ်တွင် မူတည်၍လည်း တိုင်းတာခြင်းပြုသည်။

ထို့ကြောင့် ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်းသည် ဝမ်းမြောက်ဘွယ်သတင်းကောင်းကို ကြေငြာပြောကြားခြင်းနှင့် သာသနာပြုစုပျိုးထောင်ခြင်းလုပ်ငန်းတို့တွင် အလွန်အစွမ်းထက်သည့် လက်နက်တစ်ခုဖြစ်သည်။ လူ့အသိုင်းအဝိုင်းတစ် ခုသို့ ထိုးဖောက်ဝင်ရောက်ရာတွင်လည်း အလွန်ထိရောက်သောလုပ်ငန်းလည်းဖြစ်သည်။


ခရစ်ယာန်ဖွံ့ဖြိုးရေးလုပ်ငန်းသည် အစေခံခြင်းလုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ခရစ်တော်ယေရှုက''လူသားသည် တစ်ပါးသူကိုစေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကို ခံခြင်းငှါလည်းကောင်း၊ မိမိအသက်ကိုစွန့်၍ လူများကို ရွေးချယ်ခြင်းငှါလည်းကောင်း ကြွလာခြင်းဖြစ်၏'' (မဿဲ ၂၀း၂၇-၂၈) ဟု မိန့်ဆိုခဲ့သည်။

ထို့ကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းကိုလုပ်ကိုင်သူများသည် ခရစ်တော်ယေရှုပြောခဲ့သည့်စကားကို အစဉ်မြဲသတိရ နေရမည်ဖြစ်သည်။

ဦးအောင်လှထွန်း

# မိုင်လေးတပ်စ်မြို့သားများနှင့် စကားစမြည်

ကိုမျိုး (ဖြည့်)



**နိဒါန်း။** ။ မိုင်လေးတပ်စ်မြို့သားတွေ (Milesians) ဆိုတာအိုင်အိုနီယန်ကမ်းရိုးတန်း (Ionians coast) မှာရှိတဲ့ မိုင်လေးတပ်စ်မြို့(Miletus) က ဂရိအတွေးအခေါ်ပညာရှင်ဖြစ်တဲ့ သေးလိစ် (Thales)၊အနက်ဇီမန်းဒါး (Anaximandar) နှင့် အနက်ဇီမင်းနီးစ် (Anaximenes) တို့ကိုခေါ်တာပါ။ ဆရာကြီးသေးလိစ်ကို (ဘီစီ ၆၂၄–၅၅၀) အနောက်ပိုင်း အတွေးအခေါ်ပညာရှင်ရဲ့ဖခင်ကြီးလို့ တင်စားခေါ်ဝေါ်ခဲ့ကြပါတယ်။ အနက်ဇီမန်းဒါး (ဘီစီ ၆၁၁–၅၄၇)နဲ့ အနက်ဇီမန်းနီး (ဘီစီ ၅၈၈–၅၂၄)တို့ကတော့ သေးလိစ်ရဲ့တပည့်တွေပါ။ သူတို့နဲ့စကားစမြည်ကြည့်ရင်း သူတို့ရဲ့အတွေးအခေါ်အပေါ် ခရစ်ယာန်ရှုထောင့်ကနေ သုံးသပ်ကြည့်မိပါတယ်။

**သေးလိစ်နှင့်စကားစမြည်**

မျိုး။ ။ အရင်ဦးဆုံး ဆရာကြီးသေးလိစ်ကိုမိတ်ဆက်ရရင်တော့၊ ဆရာကြီးက ဘီစီ၅၈၅ ခုနှစ်မှာ နေကြတ်မယ် ဆိုတာကို ကြိုတင်ဟောကိန်းထုတ်ခဲ့ပြီး တကယ်လည်းဖြစ်ပျက်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဆရာကြီးရဲ့ နက္ခတ္တဗေဒပညာနဲ့ သင်္ချာစွမ်းရည်တွေကြောင့် ဂုဏ်သတင်းထင်ရှားလာတာလည်းဖြစ်ပါတယ်၊ ဒါ့အပြင် လစ်ဒီယာပြည် (Lydia) ရဲ့နောက်ဆုံးမင်းဆက်ဖြစ်တဲ့ ခရိုးဆပ်စ် (Croesus) ဘုရင်ကြီးနဲ့ သူ့စစ်တပ်ကြီးချီတက်တိုက်ခိုက်လာတဲ့အခါ ဟောလ်စ် မြစ်ကြီး (the river Halys) ကိုမဖြတ်နိုင်အောင်၊ မြစ်ပြောင်းပြန်စီးအောင် ဆရာကြီးရဲ့အင်ဂျင်နီယာအတတ်ပညာနဲ့ လုပ်ခဲ့ပါသေးတယ်။

မျိုး ။ ။ မင်္ဂလာပါဆရာကြီးသေးလိစ်။

သေးလိစ်။ ။ မင်္ဂလာပါကွယ်။

မျိုး ။ ။ ဒါနဲ့ဆရာကြီးရဲ့အတွေးအခေါ်မှာ အရာအားလုံးရဲ့ အဓိကအကြောင်း အရင်းဟာ ''ရေ'' ဖြစ်တယ် (The principle of things is water) လို့ပြောထားပါတယ်။

သေးလိစ်။ ။ ဟုတ်ပါတယ်။ အရာအားလုံးက ''ရေ''ကလာပြီးတော့ ''ရေ''ကိုပြန် သွားရတာပေါ့ဗျာ (All comes from water and all returns to water)။ အရာအားလုံးဟာ ''ရေ''ကို အခြေပြုပြီးတော့ ပြုပြင်ပြောင်းလဲ တာချည်းပါပဲ။

မျိုး။ ။ ဒါပေမယ့် ဆရာကြီးရဲ့နောက်မှပေါ်တဲ့ အတွေးအခေါ်ပညာရှင် အရစ္စတိုတယ်လ် (Aristotle, 384-322 BC)က ဆရာကြီးရဲ့ ''ရေ''ဖီလိုဆော်ဖီကို သုံးသပ်ထားတာရှိပါတယ်။ သူပြောတာကတော့ အရာအားလုံးအတွက် လိုအပ်တဲ့ အာဟာရကို ''ရေ'' ကနေရကြတာဖြစ်လို့ သက်ရှိသတ္တဝါတွေအတွက်လည်း ''ရေ''က အရေးကြီးလို့ သစ်ပင်တွေရှင်သန်ဖို့အတွက် ''ရေ''ဟာမရှိမဖြစ်လိုအပ်လို့ စတဲ့အကြောင်းအရာတွေ ကိုအခြေပြုပြီးတော့ ဆရာကြီး က ''ရေသည် အရာ အားလုံး၏ပထမအကြောင်းအရင်းဖြစ်သည်။'' (the first principle of all things is water) လို့တွေး ခေါ်ခဲ့တာလို့ ပြောထားတာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘာများပြော ချင်ပါသလဲ။

သေးလိစ်။ ။ ဒါကတော့သူ့အထင်ကိုး။ လုံးဝ မှားတယ်လို့တော့ မဟုတ်ပါဘူး။ အရစ္စတိုတယ်လ်ပြောတဲ့ ''အရာ အားလုံးအတွက် လိုအပ်တဲ့အာဟာရက ရေဖြစ်တယ်''ဆိုတာမှန်ပါတယ်။ သို့သော်လည်း သက်ရှိသတ္တဝါတွေအားလုံး ဟာ ''ရေ'' ထဲကနေပေါ်ပေါက်လာကြတာဆိုတာကို လည်း ပြောချင်တာဖြစ်ပါတယ်။ နောက်ဆုံးတော့ အဲ့ဒီအရာ အားလုံး က ''ရေ''ဆီကိုပဲ ပြန်သွားကြမှာပါ။ ကမ္ဘာကြီး ဟာ ရေထဲမှာပေါလောပေါ်နေ တဲ့အပြားကြီးဖြစ်နေတဲ့ (The earth is a flat disc which floats upon water.) အတွက်တစ်နေ့နေ့မှာ အရာအား လုံးကရေထဲ ကိုမျောပါသွားကြရမှာပါ။

မျိုး ။ ။ ''ကမ္ဘာကြီးဟာ ရေထဲမှာ ပေါ လောပေါ်နေတဲ့အပြားကြီးဖြစ် တယ်''ဆိုတာ အခုခေတ်မှာ တော့ ရယ်စရာကြီး ဖြစ်နေ ပါတယ်။ သို့ပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်း၂၅၀၀ကျော် လောက်က တွေးခေါ်ခဲ့တဲ့ ဆရာ ကြီးတို့ရဲ့အတွေးအခေါ် ကိုတော့ ပျက်ရယ်ပြုတာမဟုတ်ပါဘူး။ ဆရာကြီးဟာ ယခင်အချိန်တွေတုန်းက ဂရိလူမျိုး တွေစဉ်းစားတွေး တောခဲ့တဲ့ လူလိုလို၊ နတ်လိုလိုစိတ်ကူးယဉ်ဒဏ္ဍာရီ တွေထဲကခွဲထွက်ခဲ့ပြီး စကြဝဠာကြီးအကြောင်းကို စတင် တွေးခေါ်သူတစ်ယောက်ဖြစ်တဲ့အ တွက်လေးစားပါ တယ်။

## အနက်ဇီမန်းဒါးနှင့်စကားပြောခြင်း

ဆရာကြီးသေးလိစ်ရဲ့တပည့်တစ်ဦးဖြစ်တဲ့ ဆရာကြီးအနက်ဇီမန်းဒါးလည်းရှိနေတဲ့အတွက် သူနှင့် လည်းစကား ပြောကြည့်ပါသေးတယ်။

မျိုး ။ ။ဆရာကြီးအနက်ဇီမန်းဒါးခင်ဗျား။ ဆရာကြီးသေးလိစ်ရဲ့ တပည့်တစ် ဦးအနေနဲ့ ဆက်ခံလာတဲ့ အတွေးအခေါ် ကိုသိပါရစေ။

မန်းဒါး ။ ။ အင်း။ ပြောရရင်တော့အရာ အားလုံးရဲ့အစဟာ အကြောင်း အရင်းတစ်ခုတော့ရှိရမှာပေါ့။ ဒါပေမယ့် အဲ့ဒါဟာ ''ရေ'' တော့မဟုတ်နိုင်ဘူး။ ဒါကတော့ ဆရာကြီးသေးလိစ်နဲ့ ကျွန်တော်နဲ့မတူညီတဲ့အချက်ပေါ့။ ဒါ့အပြင် အခြားအ ကြောင်းအရင်းတွေဖြစ်တဲ့ ''လေ၊ မီး၊ မြေ'' အစရှိတဲ့အရာတွေကလည်း အရာအားလုံးရဲ့အစ မဖြစ် နိုင်ဘူး။ ဒီထက်ပို ပြီးအခြေခံကျတဲ့အကြောင်းအရင်း တစ်ခုတော့ရှိရမှာပါ။

မျိုး ။ ။ ဆရာကြီးရဲ့အတွေးအခေါ်မှာ ရုပ်ဝတ္ထုပုံသဏ္ဍာန်တွေဟာ အမျိုး မျိုးရှိနေပြီးတစ်ခုနဲ့တစ်ခု ဆန့်ကျင်လျက်အပြိုင် ဖြစ် နေတယ်လို့ဆိုပါတယ်။ အဲဒါလေးလည်းရှင်းပြပါဦး။

မန်းဒါး ။ ။ ဒါကတော့ ဒီလိုပါ။ အပူနဲ့ အအေးက ဆန့်ကျင်ဘက်အဖြစ် အပြိုင်ရပ်တည်နေကြတယ်။ ဒီလိုပဲ ခြောက်သွေ့ခြင်းနဲ့စိုစွတ်ခြင်းတို့ကလည်း ဆန့်ကျင်ရပ်တည်နေကြတယ်။ ဆန့်ကျင်တယ်လို့ပြောတဲ့အခါမှာ အပူနဲ့အအေးဟာ တစ်ခုနဲ့တစ်ခု တစ်လှည့်စီချဉ်းနင်း ဝင်ရောက်နေကြတာ။ ဥပမာအနေနဲ့ပြောရရင် နေရဲ့ အပူကရေကိုခြောက်သွေ့သွားစေတယ်။ ရေကလည်း တစ်ခါပြန်ပြီး အပူဆိုတဲ့မီးကိုငြိမ်းစေနိုင်တယ်။ ဒီသဘော နဲ့တစ်လှည့်စီ အပြန်အလှန်ချဉ်းနင်းဝင်ရောက်နေကြတာကို ပြောတာပါ။

မျိုး ။ ။ ဒါဖြင့်ရင် အရာအားလုံးရဲ့အစဟာ မီးမဟုတ်၊ ရေလည်းမဟုတ်၊ လေလည်းမဟုတ်၊ မြေလည်းမဟုတ်ရင် ဘာဖြစ်နိုင်သလဲ ဆရာကြီး။

မန်းဒါး ။ ။ ကမ္ဘာကြီးရဲ့ဖြစ်စဉ်က ခုဏက ပြောသလို ဆန့်ကျင်ဘက်တွေ တစ်ခုနဲ့တစ်ခု အပြိုင်ကျူး ကျော်ချဉ်းနင်းဝင်ရောက်နေကြတဲ့အတွက် အရာအား လုံးရဲ့အစ (သို့မဟုတ်) အရာအားလုံးရဲ့အခြေခံအကြောင်းတရားက ရုပ်ဝတ္ထုတစ်ခုခုတော့ မဖြစ်နိုင်ဘူး။ ယေဘုယျအနေနဲ့ ပြောရရင်တော့ ပုံသဏ္ဍာန်မဲ့(formless)၊ အတိကျမရှိတဲ့အခြေအနေ(indefinite)၊ လက္ခဏာရပ်မရှိတဲ့ အရာ (featureless matter) တစ်ခုပေါ့။ တနည်းအားဖြင့် ပြောရရင် နယ်နိမိတ်မရှိတဲ့အရာတစ်ခုခု (something without boundaries) ပေါ့ဗျာ။

မျိုး ။ ။ ဆရာကြီးက ဂြိုလ်ကမ္ဘာများစွာရှိတယ်လို့ယုံကြည်ထားတာ သိရပါတယ်။ အဲဒါလေးရှင်းပြပါဦး။

မန်းဒါး ။ ။ ဟုတ်တယ်၊ ကမ္ဘာကြီးဟာ ထာဝရတည်နေတဲ့အရာမဟုတ်ဘူး။ ဒါပေမယ့် သူ့မှာအစတော့ရှိတယ်။ ပြီးတော့ ကြီးပွားတိုးတက်လာတယ်။ နောက်တော့ ပျက်စီးသွားတယ်။ ဒီလိုနဲ့နောက်ကမ္ဘာတစ်ခုထပ်မံဖြစ်ပေါ်လာပြန်ရော။

မျိုး ။ ။ သက်ရှိတွေဖြစ်ပေါ်လာပုံနဲ့ ပတ်သက်ပြီးတော့ ဆရာကြီးရဲ့ အယူအဆကိုသိပါရစေ။

မန်းဒါး ။ ။ ကမ္ဘာကြီးကပထမတော့ ငွေ့ရည်(fluid) သဘောပဲရှိတယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ခြောက်သွေ့လာ တယ်။ အပူနဲ့စိုစွတ်တဲ့အနေအထားမှာ သက်ရှိတွေဖြစ်ပေါ်လာတယ်။ သက်ရှိတွေက ရေသတ္တဝါတွေအဖြစ်အရင်ဖြစ်ပေါ်လာတယ်။ နောက်တော့ မိမိနေထိုင်တဲ့ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေစွာနေထိုင်အသက်ရှင်ရင်း (adaptation to their environment) ကုန်းပေါ်ကို တဖြည်းဖြည်းတက်လာကြပြီး ကုန်းသတ္တဝါတွေဖြစ်လာကြတာပေါ့။ နောက်တော့ လူသားတွေဖြစ်လာတာပေါ့။

မျိုး ။ ။ ဒါဆိုရင် ချားစ်ဒါဝင် (Charls Darwin, 1809-1882)ရဲ့ ဆင့်ကဲဖြစ်စဉ် (evolution theory)နဲ့ တော်တော်တူတာပဲ။ ဒ့ါအပြင် သိပ္ပံပညာရှင်တွေယူဆသလို ပရိုတိုပလာဇမ် (protoplasm) ဒြပ်ပေါင်းတွေနဲ့ဖွဲ့စည်းထားတဲ့ ဆဲလ် (cell) တွေဟာ အသက်ဖြစ်ပေါ်ဖို့အခြေခံပြီး သက်ရှိတွေဟာလည်းပင်လယ်ထဲမှာ စတင်ဖြစ်ပေါ်လာတယ်ဆိုတာနဲ့အတော်လေးကိုတူညီနေတာ တွေ့ရပါတယ်။

မန်းဒါး ။ ။ သူတို့ကတော့ ဒီအတွေးအခေါ်ကိုအခြေပြုပြီး လက်တွေ့ဆက်လက်စမ်းသပ်ရင်းနဲ့ တွေ့လာတာလည်းဖြစ်မှာ ပေါ့။

မျိုး ။ ။ ဒီနေရာမှာ ခရစ်ယာန်သမ္မာကျမ်းစာကဖော်ပြတဲ့ ဖန်ဆင်းခြင်းအဖြစ်အပျက်နဲ့ ဆရာကြီးတို့နှစ်ဦးစလုံးရဲ့အတွေးအခေါ်တွေနဲ့ဆက်စပ်နေတဲ့အကြောင်းကိုဘယ်လို ယူဆပါသလဲ၊ ဥပမာအနေနဲ့ပြောရရင် ကမ္ဘာဦးကျမ်း ၁း၁–၂ မှာဘုရားသခင်က ကမ္ဘာကြီးကိုဖန်ဆင်းတဲ့အခါအစမှာ ကောင်းကင်နဲ့မြေကြီးကိုဖန်ဆင်းပြီး ''မြေကြီး

သည် အဆင်းသဏ္ဌာန်မရှိ လွတ်လပ်လဟာဖြစ်၏'' လို့ဖော်ပြထားပါတယ်။ ဒါက ဆရာကြီးအနက်ဇီမန်းဒါး ပြောခဲ့တဲ့ အရာ အားလုံးရဲ့အစဟာ ပုံသဏ္ဌာန်မဲ့ (formless)နဲ့ တော်တော်လေးကို နီးစပ်မှုရှိတယ်ထင်ပါ တယ်။

သေးလိစ် ။ ။ ဒါက မန်းဒါးတွေးခေါ်ပြတာနဲ့ ကျမ်းစာနဲ့ခပ်ဆင်ဆင် တူနေတာကတော့ မန်းဒါးကိုလည်း ဘုရားသခင်က ဖွင့်ပြခဲ့တာလည်းဖြစ်နိုင်ပါတယ်။ ကျမ်းစာကတော့ ဟီဘရူးလူမျိုးတွေအတွက်ပေါ့။ မန်းဒါးကတော့ ဂရိလူမျိုးတွေအတွက်ပေါ့။ အဲဒီလိုမျိုး စဉ်းစားကြည့်နိုင်ပါတယ်။

မျိုး ။ ။ နောက်တစ်ခုကတော့ ဆရာကြီးသေးလိစ်ရဲ့ ''ရေ'' အတွေးအခေါ်ပါပဲ။ အရာအားလုံးရဲ့အစက ''ရေ''လည်းဖြစ်နိုင်ပါတယ်။ ကျမ်းစာဖော်ပြချက် ကိုကြည့်ရင် ကမ္ဘာဦးကျမ်း ၁း၁–၂ မှာပဲ ဘုရားသခင်က အခြားအရာတွေကိုမဖန်ဆင်းမီ ဥပမာ နေ့နဲ့ညကိုပထမ ဆုံးဖန်ဆင်းခဲ့ပေမယ့် နေ့နဲ့ညမဖန်ဆင်းမီကတည်းက ''ရေ''ကရှိနှင့်နေပြီးသားဖြစ်တာ ကိုတွေ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ''ဘုရားသခင်၏ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏'' လို့ ကျမ်းစာမှာပါဝင်တဲ့ အတွက်ကြောင့်ပါပဲ။

သေးလိစ် ။ ။ ကျမ်းစာကြောင့် ကျွန်တော့်အတွေးအခေါ်က ပိုပြီးခိုင်မာသွားတာပေါ့။ ကျေးဇူးပါပဲ။

မျိုး ။ ။ နောက်ပြီး ဆရာကြီးအနက်ဇီမန်းဒါးရဲ့ သက်ရှိတွေဟာ ရေသတ္တဝါတွေအဖြစ် အရင်ဖြစ်ပေါ်လာတယ်ဆိုတဲ့အပေါ်မှာလည်း သတိပြုမိစရာအချက်တစ်ခုက ကမ္ဘာဦးကျမ်း ၁း၂၀–၂၁ မှာ ဘုရားသခင်က ''အသက်ရှင်၍လှုပ်ရှားတတ်သော သတ္တဝါတို့ကို ရေသည်များစွာမွေးဖွားစေ။'' လို့ မိန့်တော်မူတဲ့အတွက် ''ရေသည်တိရစ္ဆာန်အမျိုးအလိုက် များပြားစွာမွေးဖွားတယ်'' လို့ဆိုပါတယ်။ ဒီအတွက် သက်ရှိတွေဟာ ရေထဲမှာစတင်ပေါက်ဖွားခဲ့ကြတယ်ဆိုတာ ထင် ရှားနေပါတယ်။ ဒါဟာ သိပ္ပံပညာရှင်တွေပြောပြောနေတဲ့ ပရိုတိုပလာဇမ် (protoplasm) ဒြပ်ပေါင်းတွေနဲ့ဖွဲ့စည်းထားတဲ့ ဆဲလ်တွေဟာ အသက်ဖြစ်ပေါ်လာဖို့ အခြေခံဖြစ်ပြီး သက်ရှိတွေဟာလည်းပင်လယ်ထဲမှာ စတင်ဖြစ်ပေါ်လာတယ်ဆိုတာနဲ့လည်း ကိုက်ညီနေပါတယ်။

မန်းဒါး ။ ။ တော်တော်လေး အံ့သြစရာပါပဲ။ ကျွန်တော် စဉ်းစားတွေး ခေါ်ပြတဲ့အရာတွေနဲ့ သမ္မာကျမ်းစာဖော်ပြချက်တွေ တူညီမှုရှိနေတဲ့အပြင် ခင်ဗျားတို့ခေတ်က သိပ္ပံပညာရှင်တွေရဲ့အယူအဆတွေနဲ့လည်း ကိုက်ညီနေတဲ့အတွက် ဒါဟာ ကျွန်တော့်ကိုလည်း ဘုရားသခင်ကဖွင့်ပြတော်မူခဲ့တယ်လို့ မှတ်ယူရမှာပါပဲ။

## အနက်ဇီမင်းနီးနှင့်ဆွေးနွေးခြင်း

မျိုး ။ ။ မိုင်လေးတပ်စ်အတွေး အခေါ်ပညာရှင်များထဲက နောက်ဆုံးတစ်ယောက်ဖြစ်တဲ့ ဆရာကြီးအနက်ဇီမင်းနီး လည်းရှိနေပါတယ်။ ဆရာကြီးကတော့ အရာအားလုံးရဲ့အခြေခံအကြောင်းတရားဟာ ''လေ'' ဖြစ်တယ်လို့ဆိုပါတယ်။ ဒါနဲ့ပတ်သက်ပြီး နည်းနည်းလေးပြောပြပါဦး။

မင်းနီး ။ ။ စကြဝဠာကြီးရဲ့ အခြေခံအကြောင်းတရားကတော့ ''လေ'' ပါပဲ။ ''လေ''ဟာ အမြဲတမ်းလှုပ်ရှားသွားလာနေပါတယ်။ အဲဒီလို အဆက်မပြတ်လှုပ်ရှားသွားလာ နေခြင်းအားဖြင့် စကြဝဠာကြီးဟာ ဖွံ့ဖြိုးတိုးတက်လာရပါတယ်။ အဲဒီလိုဖွံ့ဖြိုးတိုးတက်တဲ့ဖြစ်စဉ်ထဲမှာ အဓိကဆန့်ကျင်ဘက်အခြေခံအကြောင်းရင်း နှစ်ခုရှိပါတယ်။ ဒါကတော့ ပါးလွှာ ပြန့်ကားလာခြင်း(ပွလာခြင်း) နှင့် ကျုံ့သွားခြင်း (rarefaction and condensation) တို့ပါပဲ။

မျိုး ။ ။ ဘယ်လိုအခြေအနေမှာ ပွလာတာတို့၊ ကျုံ့သွားတာတို့ဖြစ်တတ်ပါသလဲခင်ဗျာ။

မင်းနီး ။ ။ ပူတဲ့အခါ ပွလာတာပေါ့။ အေးတဲ့အခါ ကျုံ့သွားတာပေါ့။ ခင်ဗျားကဘာရယ်တာလဲ။

မျိုး ။ ။ အေးရင်ကျုံ့သွားတယ်။ ပူရင်ပွလာတယ်ဆိုတာ အရမ်းမှန်လွန်းလို့ပါ။

မင်းနီး ။ ။ ''လေ''ဟာ ပူတဲ့အခါ ပါးလွှာပြန့်ကားလာပြီးနောက်မှာ ''မီး''ဖြစ်သွားတယ်။ နောက်တော့ ကြယ်အစုအဝေး ဖြစ်သွားကြတယ်။ ဆန့်ကျင်ဘက်အားဖြင့် ''လေ''ဟာ အေးလာတဲ့အခါ ကျုံ့လာပြီးနောက် တိမ်တိုက်တွေဖြစ်လာတယ်။ နောက်တော့ ရေ၊ မြေကြီး၊ ကျောက်ဆောင်တွေဖြစ်သွားကြတာပါပဲ။

မျိုး ။ ။ ဆရာကြီးရဲ့ ''လေ''ဒဿနဟာ စိတ်ဝင်စားစရာပဲ။

မင်းနီး ။ ။ အရေးကြီးဆုံးအချက်ကတော့ ''လေ''ဆိုတာ သက်ရှိသတ္တဝါတွေအတွက် အသက်ရှင်ရပ်တည်နိုင်ဖို့ မရှိ မဖြစ်လိုအပ်တဲ့ အခြေခံအကြောင်းအရင်းတစ်ခုလည်း ဖြစ်နေပါသေးတယ်။

မျိုး ။ ။ မှန်ပါတယ်ဆရာကြီး။ သမ္မာကျမ်းစာနဲ့ဆက်စပ်ကြည့်မယ်ဆိုရင်တော့ ''လေ''ဟာ အသက်ရဲ့အစပါပဲ။ ဘုရားသခင်က မြေမှုန့်က နေလူကို ဖန်ဆင်းပြီးတဲ့အခါ ''သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်တော်မူလျှင် လူသည် အသက်ရှင်သောသတ္တဝါဖြစ်လေ၏'' လို့ ကမ္ဘာဦးကျမ်း ၂း၇ မှာလည်းဖော်ပြထားပါတယ်။ ဒါကြောင့် ဆရာကြီးပြောတဲ့ ''လေ'' ဆိုတာသက်ရှိသတ္တဝါတွေ အသက်ရှင်ရပ်တည်နိုင်ဖို့မရှိမဖြစ်လိုအပ်တဲ့ အခြေခံအကြောင်းအရင်းတစ်ခုဆိုတာကိုလည်း လက်ခံရမှာပါ။

နောက်တစ်ခုကတော့ ဆရာကြီးပြောတဲ့ ''လေဟာ မမြင်လှုပ်ရှားသွားလာနေတယ်'' ဆိုတာကိုလည်း လက်ခံရမှာပါ။ သခင်ယေရှုခရစ်က ရှင်ယောဟန် ၃း၈ မှာ နိကောဒင်ကိုပြောတဲ့စကားရှိပါတယ်၊ ''လေသည် အလိုရှိတိုင်းသွားလာ၏။ လေ၏အသံကို သင်သည်ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့သွားသည်ကို မသိနိုင်။'' လို့ မိန့်တော်မူခဲ့ပါတယ်။ ဒါကတော့ ခရစ်တော်က ဝိညာဉ်တော်နဲ့နှိုင်းယှဉ်ပြီးပြောခဲ့တာပါ။ ''လေ'' (ဝိညာဉ်တော်) ရဲ့ လှုပ်ရှားမှုကြောင့်ပဲ စကြဝဠာကြီးဟာ ဖွံ့ဖြိုးတိုးတက်လာရတယ်ဆိုတာကို လက်ခံပါသလား။

မင်းနီး ။ ။ အင်း။ ဒါလည်းစဉ်းစားကြည့်ရင် အကြောင်း တစ်ခုပေါ့။ လက်ခံနိုင်လောက်တဲ့ အကြောင်းလည်းဖြစ်ပါတယ်။

မျိုး ။ ။ ဆရာကြီးတို့ သုံးဦးစလုံးရဲ့ အတွေးအခေါ်တွေကို ပြန်ပြီးခြုံငုံသုံးသပ်ကြည့်ချင်ပါတယ်၊ ဆရာကြီးသေးလိဇ် ပြောတဲ့အရာအားလုံးရဲ့အခြေခံပထမအကြောင်းအရင်းဟာ ''ရေ'' ဖြစ်တယ်ဆိုတာ လက်ခံနိုင်လောက်တဲ့ ဒဿနတစ်ခုပါပဲ။ နောက်ပြီးတော့ ဆရာကြီးအနက်ဇီမန်းဒါးရဲ့ သက်ရှိများစတင်ဖြစ်ပေါ်လာတာ ''ရေ''ထဲကဆိုတာကိုလည်း အ ငြင်းပွားစရာမရှိပါဘူး။ ဒ့ါအပြင်ဆရာကြီးအနက်ဇီမင်းနီးရဲ့ အရာအားလုံးရဲ့မူလ အကြောင်းအရင်းဟာ ''လေ''ဖြစ်ပြီးသက်ရှိတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ အရာလည်းဖြစ် တယ်ဆိုတာမှန်ကန်တဲ့ ဒဿနတစ်ခုပါပဲ။

မျိုး ။ ။ ဆရာကြီးတို့ မိုင်လေးတပ်စ် အတွေးအခေါ်ပညာရှင် သုံးဦးစလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ နောက်များ မှပြန်လည်ဆုံတွေ့ကြတာပေါ့။ ခုတော့ စာမျက်နှာများသွားပြီမို့ ဒီလောက်နဲ့ပဲ နှုတ်ဆက်လိုက်ပါတယ်။



# ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တတိယနှစ် ကျောင်းသူ/သားများ၏ Internship ခရီးစဉ်

ရှေးဦးစွာ ခရီးစဉ်အစအဆုံး ပါဝင်လမ်းပြခဲ့သော ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်း ပါတယ်။ ထို့အတူ ခရီးစဉ်အတွက် ကူညီထောက်ပံ့ပေးခဲ့ကြသော သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ ကျောင်းအုပ်ကြီးနှင့်တကွ ဆရာ/မ များ၊ အလှူရှင်များ၊ မိမိတို့အား လက်ခံပေးခဲ့သော တောင်ငူသာသနာပိုင်နယ်မှ သာသနာပိုင်ကြီးနှင့်တကွ ရှင်ပေါလုအသင်းတော်မှ ကျောင်းထိုင်ဘုန်းတော်ကြီး ခရစ္စတိုဖာသိန်းထိုက်နှင့် အသင်းသူ၊ အသင်းများ တို့အားအထူးပင် ကျေးဇူးတင်ရှိပါသည်။

မိမိတို့သည် ဤခရီးစဉ်အတွက် ၂၀၁၅၊ ဇူလိုင်လမှစ၍ကြိုတင်ပြင်ဆင်ခဲ့ကြပါသည်။ အပတ်စဉ်ကြာသပတေးနေ့ ကုမ္ပလင်ဝတ်အပြီးတွင်တွေ့ဆုံ၍ ဆုတောင်းဆက်ကပ်ခြင်း၊ တာဝန်ခွဲဝေခြင်း၊ ညှိနှိုင်းတိုင်ပင်ခြင်းများအားပြုလုပ်ခဲ့ပါသည်။ မိမိတို့သည် ဤခရီးစဉ်အား ၂၀၁၆၊မတ်လ (၉)ရက်နေ့တွင် ကျောင်းတော်ကြီးမှစတင်ထွက်ခွာခဲ့ပြီး ဧပြီလ (၁၉)ရက်နေ့ထိ လွိုင်ကော်ရှင်ပေါလုအသင်းတော်တွင် ဒံယေလစိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းနှင့် အမှုတော်ဆောင်ခြင်းဆိုင်ရာလုပ်ငန်းများအား သင်ယူခဲ့ပါသည်။ ထိုသို့သွားရောက်သင်ယူရာတွင် H.C.T.C မှ ကျောင်းသူ/သား (၁၀)ဦး၊ ရှင်ပေတရုကျမ်းစာကျောင်းမှ ကျောင်းသူ/သား (၂)ဦး စုစုပေါင်း (၁၂)ဦးတို့ တက်ရောက်ခဲ့ပါသည်။ ဒံယေလစိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းအားတက်ရောက်ရာတွင် မိမိတို့အား ဒီမောဆိုစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ/မ များအပြင်၊ အခြားသောဆရာ/မများမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပေါ် သင်ကြားပို့ချပေးခဲ့ပါသည်။ ထိုသို့ပို့ချရာတွင် ကောက်ရိုးမှိုစိုက်နည်း၊ နဂါးမောက်အပင်စိုက်ပျိုးနည်း၊ ပဲတီစိမ်းစိုက်ပျိုးနည်း၊ ဝက်မွေးမြူရေးနှင့် ကြက်မွေးမြူ

ရေး အစရှိသည့်လက်တွေ့ အောင်မြင်မှု များအားလည်း လုပ်ဆောင်ပေးခဲ့ပါသည်။

ထို့အပြင် လှိုင်ကော်ရှင်ပေါလုဘုန်းကြီးပိုင်နယ်အတွင်း ဝါတွင်းဆုတောင်းခြင်း၊ သောကြာကြီးနေ့နှင့်အီစတာပွဲနေ့ကြီးနေ့များတွင်လည်း ပါဝင်၍ ဆက်ကပ်ခွင့်ရရှိခဲ့ပါသည်။ လူငယ်အသင်းနှင့်လည်း ပူးပေါင်း၍ တောင်ငူသာသနာပိုင်နယ် ကလေပူတောင်ပိုင်းရှင်မဿဲသင်းတော် ဘုန်းကြီးပိုင်နယ်သို့ သွားရောက်၍ လူငယ်နှစ်ပတ်လည်အစည်းအဝေးနှင့်တကွဘုရားကျောင်းဖွင့်ပွဲသို့ ပါဝင်ဆက်ကပ်ခဲ့ပါသည်။ ထို့နောက် ဓမ္မပညာကလေးသူငယ်များအား နွေရာသီဓမ္မပညာသင်တန်းနှင့် ကရင်စာပေသင်တန်းအား လှိုင်ကော်ရှင်ပေါလုအသင်းတော်မှ တာဝန်ရှိသူများ နှင့်ပူးပေါင်း၍ တစ်ပတ်တာသင်တန်းအား ပြုလုပ်ပေးခဲ့ပါသည်။

ထိုသို့သွားရောက်ခဲ့သည့်ခရီးစဉ်တွင် အဖဘုရားသခင်၏ လမ်းပြ ပို့ဆောင်မှုနှင့်အတူ အဖက်ဖက်မှ ဆုတောင်းပေးကြသောသူများ၊ ကူညီထောက်ပံ့ပေးကြသောသူများကူညီထောက်ပံ့ပေးကြသော အလှူရှင်များ၏ မေတ္တာများကြောင့် အစစအရာရာအစဆင်ပြေခဲ့ပါသည်။ ထို့အတူ အလှူရှင်များ၏မွေးမြူရေးဆိုင်ရာ အတတ်များ၊အသင်းတော်အတွင်း အမှုတော်ဆောင်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများအားသင်ယူရရှိခဲ့ပါကြောင်းနှင့်ကျေးဇူးတင်ထိုက်သောသူအားလုံးကိုကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

# တစ်လုံးတစ်ဝတည်းဖြစ်ပြီ

ဘုရားကျောင်းပွဲနေ့တစ်ခုအပြီးတွင် ဘုန်းတော်ကြီးနှင့်အသင်းသားတစ်ဦး စကားပြောနေကြသည်။

အသင်းသား - ဆရာရေ တစ်နှစ်ထက်တစ်နှစ် ဂိုဏ်းဂဏအသင်းတော်အသီးသီးကလူတွေကော၊ ကျွန်တော်တို့အသင်းတော်က မတည့်တဲ့ အချို့အသင်းတော်လူကြီးတွေကော ချစ်ချစ်ခင်ခင်မိတ်သဟာရဖွဲ့နေပြီနော် ဆရာရေ•••။

ဘုန်းကြီး - ဟော့ ဘယ်မှာစုစည်းကြတာလဲ။ ဘယ်မှာမိတ်သဟာရဖွဲ့နေကြတာလဲ။ ငါတောင်မသိပါလား။ ငါကဒီအသင်းတော်မှာအကြီးဆုံးကွ။ ပြောစမ်း။

အသင်းသား - အော်။ ဒါလား။ ဟိုလေ ဂိုဏ်းပေါင်းစုံသုသာန်မှာပါဆရာ။

ဘုန်းကြီး - တိန် !!!!!

သိုးမဲလေး



# ကြယ်ပွင့်လေးတို့၏ အချစ်တော် သို့မဟုတ် တေးသီငှက်လေး အမွန်း နှင့် တွေ့ဆုံခြင်း

ရှာလုမ် ။ ။ အမွန်းရဲ့မွေးရပ်ဇာတိနဲ့ ဘာလူမျိုးလဲဆိုတာ ကိုသိချင်ပါတယ်။

အမွန်း ။ ။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ဇာတိပါ။ကချင်လူမျိုးပါ။ ကချင်ထဲမှာဂျိန်းဖော့လူမျိုးပါ။

ရှာလုမ် ။ ။ အမွန်းရဲ့မိသားစုအကြောင်းလေးလည်း ပြောပြပေးပါအုံး။

အမွန်း ။ ။ အမွန်းရဲ့မိသားစုကတော့ အမွန်းအပါအဝင် ခြောက်ယောက်ရှိပါတယ်။ အဖေ၊ အမေရယ် မောင်နှမလေးယောက်ရယ်ပါ။အမွန်းကအကြီးဆုံးပေါ့နော်။ အောက်မှာ မောင်သုံးယောက်ရှိပါတယ်။တစ်ဦးတည်းသောသမီးပါ။ ယောက်ျားလေးသုံးယောက်ရှိပါတယ်။ အဖေကတော့ ရန်ကုန်ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်ရဲ့ တွဲဖက်သင်း အုပ်ဆရာ Rev.ဂျာနော်ဂျူနီယာပါ၊ အမေကတော့ဆရာမအယ်လုနန်ပေါ့။

ရှာလုမ် ။ ။ ခရစ်ယာန်တစ်ယောက်အနေနဲ့ ဘုရားသခင်နဲ့ စစ်မှန်တဲ့ ဆက်သွယ်မှုကို ဘယ်လိုခံယူထားပါသလဲ။

အမွန်း ။ ။ ဒါက ကိုယ်နဲ့ဘုရား တည်ဆောက်ယူရမယ့် အရာတစ်ခုပဲလို့ ယုံကြည်ပါတယ်။ လူတွေအမြင်မှာ ဘုရားနဲ့အရမ်းနီးပါတယ်ဆိုတဲ့လူတွေက တစ်ခါတလေ ဆိုးဆိုးရွားရွားဖြစ်နေတာကို အပြင်မှာ မြင်ရဘူးတယ်။ တစ်ချို့လူတွေက အပြင်ပိုင်းသဏ္ဍာန်မှာ ကောင်းတဲ့ ပုံမပေါ်ပေမယ့် ဘုရားနဲ့ Relationship သူ့ဟာနဲ့သူရှိနေပြီး၊ ဘယ်သူ့ကိုမှလည်း မထိခိုက်စေဘဲ နေတဲ့လူတွေလည်းတွေ့ရတယ်။ အမွန်းတို့ယုံကြည်တဲ့ ဘုရားက ချစ်ခြင်းမေတ္တာအရှင်ဖြစ်တယ်။ ဆိုတော့ အမွန်းတို့က အဲဒီဘုရားနဲ့ အမှန်တကယ် ဆက်သွယ်မှုရှိရင် ချစ်ခြင်းမေတ္တာရှိရမယ်၊ မှန်ကန်ရမယ်၊ သစ္စာရှိရမယ်။

အဲ့လိုလူတွေကသာ ဘုရားသခင်နဲ့အမှန်တကယ် ဆက်သွယ်မှုရှိတဲ့လူလို့ မြင်ပါတယ်။ အမွန်းကိုယ်တိုင်လည်း အဲလိုလူမျိုးဖြစ်အောင် ကြိုးစားပြီးနေတယ်၊ ဘုရားထံလည်း အမြဲဆုတောင်းပါတယ်။

ရှာလုမ် ။ ။ အမွန်းအနေနဲ့အသင်းတော်ကို ဘယ်လိုမြင်သလဲဆိုတာသိချင်ပါတယ်။

အမွန်း ။ ။ သင်းတော်ဆိုတာက ဒါအမွန်းတို့ယုံကြည်သူတွေအားလုံး ဘုရားသခင်ကိုအတူတူဝတ်ပြုတဲ့နေရာ၊ ချီးမွမ်းတဲ့နေရာ၊ ဘုရားရဲ့အကြောင်းကို ဆွေးနွေးတဲ့နေရာ၊ နားထောင်တဲ့နေရာပေ့ါနော်။ အဲတော့ အသင်းတော်ဟာ အမွန်းတို့ယုံကြည်သူတွေ အားလုံးစုဝေးရာ၊ သန့်ရှင်းတဲ့ ဘုရားသခင်ရဲ့နေရာတစ်ခုလို့ အမွန်း အဲ့လိုပဲမြင်ပါတယ်။

ရှာလုမ် ။ ။ အသင်းတော်နဲ့ အမွန်းကြား ထူးထူးခြားခြားပတ်သက်မှုလေးသိချင်ပါတယ်။

အမွန်း ။ ။ အမွန်းနဲ့တော့ ထူးထူးခြားခြားတင်မဟုတ်ပါဘူး။ အမွန်းတစ်ဘဝလုံးနဲ့ကို သက်ဆိုင်နေတယ်။ ဘာကြောင့်လဲဆိုတော့ အမွန်းသည် အဖေက သင်းအုပ်တစ်ယောက်ဖြစ်တဲ့အပေါ်မှာ အမွန်းငယ်ငယ်ကတည်းက ဘုရားကျောင်းဝင်းထဲမှာကြီးလာတာ။ ဘုရားကျောင်းဝင်းထဲမှာ ပြေးတယ်၊ ဆော့တယ်၊ ကစားတယ်၊ Piano သင်တယ်၊ Choir ဆိုတယ်၊ တယောသင်တယ် ပြီးရင်ရှိသမျှပွဲတိုင်းမှာ အမွန်းပါတယ်။ ဘုရားကျောင်းကလုပ်တဲ့အစီအစဉ်တိုင်းမှာ အမွန်းပါတယ်၊ဆိုတယ်၊ကတယ်။ အမွန်းရဲ့ Music နဲ့ဆိုင်တာတွေရော၊ပြီးတော့ အမွန်းရဲ့အနုပညာအရည်အသွေးတွေ အားလုံးကို အသင်းတော်ကနေ အမွန်းရခဲ့တယ်။ ပြီးတော့ အသင်းတော်မှာကြီးလာတဲ့အပေါ်မှာ အခုထိလည်းအမွန်း အသင်းတော်မှာဘဲ နေနေသေးတယ်။ ဘုရားကျောင်းဝင်းထဲမှာ နွေးထွေးတဲ့ မေတ္တာရိပ်ပေ့ါနော်၊ အဲ့ဒီအရာကို ဘာနဲ့မှမလဲနိုင်ပါဘူး။ ဆိုတော့ အမွန်းအတွက်ကတော့ ထူးခြားချက် မှတ်မှတ်ရရ ရှိရုံတင်မဟုတ်ဘူး တစ်ဘဝလုံးနဲ့ဆိုင်တာပါ။



ရှာလုမ် ။ ။ ယုံကြည်သူတိုင်းက အမှုတော်ဆောင်ဖြစ်တယ်ဆိုတဲ့အခါမှာ အမွှန်းအနေနဲ့ ဘယ်လိုအမှုဆောင်ဖြစ်သလဲ။ နည်းနည်းသိချင်ပါတယ်။

အမွှန်း ။ ။ဘုရားသခင်ပေးထားတဲ့ အရည်အချင်းတွေ၊ အစွမ်းအစတွေကို အကောင်းဆုံးသွေးပြီးတော့ အကောင်းဆုံး လုပ်ဆောင်ရပါမယ်။ ဘုရားပေးထားတဲ့အစွမ်းအစကိုချပြရတယ်။ ဒါမှ ဘုရားပေးထားတဲ့ အဲဒီအရည်အသွေးကို လူတွေက မြင်မှာဖြစ်ပါတယ်။ ဥပမာ– ပန်းချီဆရာတစ်ယောက်၊ ဘုရားသခင်က သူ့ကိုပေးထားတဲ့အရည်အချင်းကို သူပန်းချီဆွဲမှသာ လူတွေမြင်နိုင်မယ်။ ဘုရားသခင် က အရည်အချင်း ဘယ်လောက်ပေးထားပေးထား သူပန်းချီမဆွဲဘူးဆိုလို့ရှိရင် ဒီအလုပ်ကအကျိုးမရှိပါဘူး။ ဒီပန်းချီဆရာကလည်း သာမန်လူပဲဖြစ်သွားပါလိမ့်မယ်။ အခု အမွှန်းကို ဘုရားသခင်က အဆိုနဲ့ အနုပညာမှာ ကောင်းချီးပေးထားတယ်လို့ အမွှန်းခံယူထားတယ်။ အဲ့တော့ အမွှန်း အကောင်းဆုံးကြိုးစားတယ်၊ ပြီးလို့ရှိရင် အနုပညာလောကမှာ အကောင်းဆုံးကြိုးစားတယ်။ လူတွေကိုအမွှန်းပျော်သွားစေချင်တယ်၊ အားတက်စရာတစ်ခုခုကို ရသွားစေချင်တယ်၊ လူငယ်တွေဟာ ဘုရားသခင်ပေးထားတဲ့ အစွမ်းတွေ ကိုယ်စီကိုယ်စီနဲ့ မိမိနယ်ပယ်မှာ အကောင်းဆုံးလုပ်နိုင်တယ်ဆိုတာကို အမွှန်းပြောပြချင်တယ်။အဓိကကတော့ ဘုရားသခင်ပေးထားတဲ့ချစ်ခြင်းမေတ္တာကို အမွှန်းထဲမှာ လူတွေမြင်စေချင်တယ်ပေါ့နော်။ အဓိကကတော့ အမွှန်း အဲ့လိုနည်းနဲ့ ဘုရားအမှုတော်ကို ဆောင်နေပါတယ်။

ရှာလုမ် ။ ။ အမွှန်းအဖေက သင်းအုပ်ဆရာဆိုတော့ အမွှန်းကို ဝိညာဉ်ရေးရာနဲ့ဆိုင်ပြီးတော့ ဘယ်လိုခွန်အားပေးဖြစ်သလဲဆိုတာ တစ်ချက်လောက်သိချင်ပါတယ်။

အမွှန်း ။ ။ငယ်ငယ်လေးကတည်းက အမွှန်းတို့မိသားစုတွေ အတူတူ ညတိုင်း ဆုတောင်းတယ်။ ဆုတောင်းပြီးမှ အိပ်တယ်။ ဘုရားသခင်နဲ့အမြဲရင်းနှီးအောင် ကျမ်းစာတွေလည်း သူသင်ပေးတယ်၊ အမြဲတမ်းလမ်းပြပေးခဲ့ပါတယ်။ အလုပ်ကြောင့်အမွှန်း ဘယ်နေရာရောက်ရောက် ဆုတောင်းဖို့မမေ့ပါနဲ့၊ ဘုရားသခင်ကိုမမေ့ပါနဲ့လို့ အဖေက အမြဲတမ်း ဆုံးမစကားပြောတယ်၊ ပြီးလို့ရှိရင်ဖုန်းချခါနီးတိုင်း God bless you သမီးဆိုပြီး အမြဲတမ်းပြောတယ်။ အဲ့ဒါကအမွှန်းအတွက်ကတော့ တကယ်အင်အားပဲ။ ပြီးရင် ဘုရားသခင်ဆီကနေ ကောင်းကြီးကိုအမြဲတမ်း သူယူပေးတယ်ပေါ့နော်။ အဲ့လိုနည်းနဲ့ အဖေက ဘုရားသခင်နဲ့နီးအောင် လမ်းပြပါတယ်။

ရှာလုမ် ။ ။ Gospel Song နဲ့ Love Song ဆိုတဲ့အခါ ဖြစ်ပေါ်လာတဲ့ ရင်တွင်းကွာခြားမှုလေးသိပါရစေ။



အမွှန်း ။ ။ကွာခြားတာကတော့ ဘယ်လိုပြောမလဲ။ ဒီလောကရေးရာနဲ့ ဆိုင်တဲ့သီချင်းတွေဆိုတဲ့အခါကျတော့ ဘုရားသီချင်းဆိုတာနဲ့တော့ဘယ်လိုမှ တူမှာမဟုတ်ဘူး။ ဘုရားကိုဂုဏ်ပြုတဲ့သီချင်းဘဲဖြစ်ဖြစ် ဘုရားတိုင်တည်တဲ့သီချင်းဖြစ်ဖြစ် ဆုတောင်းတဲ့သီချင်းဖြစ်ဖြစ် Gospel သီချင်းတွေတိုင်းက ပါဝါရှိပါတယ်၊ Spritual Power ပေါ့။ လောကသီချင်းတွေကျတော့ လောကတွင်းဖြစ်ပျက်နေတဲ့အရာတွေကို ဆိုတာ

ရသမျိုးစုံတော့ ခံစားရတယ်မှန်တယ်၊ ဒါပေမယ့် ဘုရားသီချင်းဆိုတဲ့အခါကျတော့ spritual ခံစားရတဲ့ Connection တစ်ခုကအမြဲတမ်း ခံစားရပါတယ်။ Recording ပဲဖြစ်ဖြစ် တကယ်စင်မှာဘဲဆိုဆို တကယ်ဘုရားသီချင်းဆိုလို့ရှိရင် ဘုရားသခင်ရဲ့ထိတွေ့မှုကိုခံစားရတယ်။

ရှာလုမ် ။ ။အမွန်းအနေနှင့် အနုပညာရှင်ဖြစ်လာတဲ့အခါမှာ ဝေဖန်တိုက်ခိုက်မှုတွေ ဖိစီးမှုတွေကို ဘယ်လိုကျော်လွှားအောင်မြင်နိုင်လိုက်သလဲဆိုတာကိုသိချင်ပါတယ်။



အမွန်း ။ ။အမွန်းဘယ်လို ကျော်လွှားအောင်မြင်သလဲဆိုလိုရင် အဓိက က ဘုရားသခင်ကကိုယ့်ကို ဒီအသက်နဲ့ဒီခန္ဓာပေးထားတယ်။ အဲ့အချိန်မှာ ကိုယ့်ရဲ့ ဘုရားသခင်ပေးထားတဲ့အရည်အချင်းတွေနဲ့ပါရမီနဲ့ ဉာဏ်ပညာတွေနဲ့ ကိုယ်အတက်နိုင်ဆုံးကြိုးစားပြီးတော့မှ ကိုယ်အကောင်းဆုံးဖန်တီးဖို့အတွက်လိုအပ်တယ်။ အဲ့ဒါမှ အမွန်းတို့က တကယ်ကိုဘုရားသခင်ပေးထားတဲ့ဘဝကို တန်ဖိုးထားရာကျလိမ့်မယ်။ ကိုယ့်ဘဝကို ကိုယ်အကောင်းဆုံး ဖန်တီးနေတဲ့အချိန်မှာ ဘေးပတ်ဝန်းကျင်ကနေပြီးတော့ ကောင်းတာလည်းပြောလိမ့်မယ်။ ဆိုးတာလည်း ပြောလိမ့်မယ်၊ ဝေဖန်လိမ့်မယ်။ ကဲ့ရဲ့လိမ့်မယ်၊ ဒါပေမယ့် အမွန်းက သမ္မာကျမ်းစာနဲ့ ခွန်အား ယူလိုက်တယ်။ အမွန်းက အကောင်းဘက်ကိုပိုကြည့်တတ်တယ်၊ အဓိက အကောင်းမြင်စိတ်လေးကိုပိုမွေးလိုက်တယ် ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာကိုစိတ်ထဲမှာ ထည့်ထားလိုက်တယ်။ အဲ့နည်းနဲ့ ချစ်ခြင်းမေတ္တာနဲ့အကောင်းမြင်တတ်တဲ့စိတ်လေးနဲ့ နိစ္စဓူဝ ဒီအရာတွေကို အမွန်းကျော်ဖြတ်နိုင်ပါတယ်။ ဒါတွေက ဆူညံသံတွေဖြစ်သွားပါတယ်။ ဆူညံသံဆိုတာက ပြီးရင် ပျောက်သွားမှာဘဲ။ ဒါပေမယ့် ကိုယ့်ရဲ့ တကယ်တမ်းကိုယ် လျှောက်ချင်တဲ့ ကိုယ့်ရဲ့ပန်းတိုင်ကိုမျက်ဝါး ထင်ထင်မြင်ထားတဲ့အတွက်ကြောင့်မိုလို့ပေါ့နော်။ ဒီဆူညံသံတွေ အားလုံးကို ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာနဲ့ သည်းခံနိုင်ပါတယ်။

ရှာလုမ် ။ ။အမွန်းက တိုင်းရင်းသူတစ်ယောက်ဖြစ်တယ်ဆိုတော့ အနုပညာလောကကို စတင်ဝင်ရောက်တော့ ဘာအခက်အခဲဖြစ်တွေနဲ့ ကြုံတွေ့ခဲ့လဲ။

အမွန်း ။ ။အမွန်းက ဘုရားသခင့်ကျေးဇူးကြောင့် တိုင်းရင်းသူတစ်ယောက်ဖြစ်ပေမယ့်လည်းလေ အမွန်းစကားလည်းမဝဲဘူး။ အဲ့ဒီတော့ အမွန်းအနုပညာလောကကိုဝင်လာတဲ့အချိန်မှာ မြန်မာနိုင်ငံမှာ ဗမာစကားမဝဲတဲ့အပေါ်မှာ အဆိုတော်တစ်ယောက်အနေနဲ့လည်း အမွန်းပရိတ်သတ်နားထဲမှာ အဆင်ပြေအောင်ဆိုနိုင်ခဲ့သလိုမျိုးပေါ့နော်။ အခုဆိုလို့ရှိရင်လည်း အမွန်းရုပ်ရှင်တစ်ကားလည်း ရိုက်ပြီးသွားပြီ။ မကြာခင်ထွက်လာလိမ့်မယ်။ ဆိုတော့ အမွန်းအနုပညာလမ်းကြောင်းမှာ ဘုရားသခင်ကောင်းကြီးတွေက မရေတွက်နိုင်အောင်များလွန်းပါတယ်။ အမွန်းသည် သင်းအုပ်ဆရာသမီးတစ်ယောက်ဖြစ်တယ်။ ချမ်းသာတဲ့ အသိုင်းအဝိုင်းကပေါက်ဖွားလာတာလဲ မဟုတ်ဘူး။ အဲ့ဒါကိုမှ ကချင်တိုင်းရင်းသူတစ်ယောက်ဖြစ်တယ်။ ဒါပေမယ့် ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် သူအရာရာကို ပံ့ပိုးပေးတယ်။ အမွန်းလိုအပ် တဲ့အရာအားလုံးကို ပံ့ပိုး ပေးခဲ့တယ်။ အဓိက အမွန်းကျော်ဖြတ်ခဲ့ရတာဆိုလိုရှိရင်တော့ အမွန်းသင်ခဲ့ရတဲ့သင်ခန်းစာတွေဘဲ။

လူတွေအကြောင်း၊ လုပ်ငန်းသဘော တရား၊ အဲ့ဒါတွေကိုတော့ အမွန်း မျက်ရည်တွေနဲ့သင်ခဲ့ရတာတော့ရှိပါတယ်၊ ဒေါသထွက်ပြီးသင်ခဲ့ရတဲ့သင်ခန်းစာတွေရှိတယ်၊ ဝမ်းနည်းကြေကွဲပြီးတော့မှ ရခဲ့တဲ့သင်ခန်းစာတွေလည်းရှိတယ်။ အားလုံးကို ကျော်ဖြတ်ခဲ့ရတဲ့အချိန်မှာ အမွန်းဆက်ပြီးတော့လည်း ဒီဟာတွေကိုကြုံတွေ့နေရဦးမှာဘဲ ဘဝမှာ။ ဒါပေမယ့် အမွန်းအဆင့်တစ်ခုကို တော့ရောက်သွားခဲ့ပါပြီ။ အမွန်းတော်တော်များများကိုကျော်ဖြတ်နိုင်ခဲ့တယ်ပေါ့။ အဲ့အတွက် တိုင်းရင်းသူ တစ်ယောက်ဖြစ်ပေမယ့်လည်း ဘုရားသခင်က မျက်နှာငယ်စေတဲ့အရာမရှိစေခဲ့တဲ့အတွက်ကြောင့်မို့လို့ အမွန်း အခက်အခဲအားလုံးကို ကျော်ဖြတ်နိုင်ခဲ့ပါတယ်။

ရှာလုမ် ။ ။အမွန်းနေနဲ့အခုအချိန်မှာ တေးအယ်ဘမ် ဘယ်နှစ်ခုထွက်ရှိပြီး ပြီလဲ ဆိုတာသိချင်ပါတယ်။

အမွန်း ။ ။အယ်ဘမ်က အမွန်း Me N Ma Girls နဲ့တုန်းကလည်းသူတို့နဲ့ ခွေတွေထွက်ခဲ့ပါတယ်။ ''မင်္ဂလာပါ''ဆိုတဲ့ သီချင်းခွေတွေထွက်ခဲ့ပါတယ်။ အမွန်းရဲ့ဆိုလိုအနေနဲ့ ကျတော့ ၂၀၁၃တုန်းကအမွန်း ဒီအဖွဲ့ထဲမှာဘဲရှိသေးတယ်။ အဲ့တုန်းကအမွန်း ''ပဲများတယ်''ဆိုတဲ့ အယ်လ်ဘမ်ထွက်ခဲ့သေးတယ်၊ ဒါပေမယ့် အဲ့အယ်လ်ဘမ်ကိုအမွန်းအချိန်မပေးခဲ့ဘူး။ ပရိုမိုးရှင်းတောင်မလုပ်ခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ အဖွဲ့အနေနဲ့ အမွန်းအလုပ်တွေများနေခဲ့တာ။ အဖွဲ့ကိုဘဲ အမွန်းနံပါတ်တစ်ထားခဲ့တာကြောင့်မို့လို့ပါ။ ၂၀၁၃မှာ ''ပဲများတယ်'' ဆိုတဲ့အယ်လ်ဘမ်ကိုထွက်ခဲ့တယ်။ ၂၀၁၄မှာကျတော့ ''မင်းပေးတဲ့အချစ်'' ဆိုတဲ့ အယ်လ်ဘမ်ထွက်တယ်။ ၂၀၁၅မှာကျတော့ ''အော်တိုမက်သစ်''ဆိုတဲ့ထွက်ထားပြီးတော့ နောက်ဆုံး အခု အော်တိုမက်သစ်ရဲ့ ဗီဒီယိုကို ထွက်ထားပါတယ်။ အခုတော့ အမွန်း သီချင်းအသစ်တွေလုပ်နေပါပြီ။

ရှာလုမ်း ။ ။အမွန်းအနေနှင့် ရုပ်ရှင်ရိုက်နေပြီ လိုပြောခဲ့တယ်၊ ရုပ်ရှင်အကြောင်းကိုပြောပြပါဦး။

အမွန်း ။ ။ ရုပ်ရှင်ကားက ''ဒုဒ္ဓဝတီကိုလွမ်း၍'' ဆိုတဲ့ကားပါ။ အက်ရှင်ကားဖြစ်ပါတယ်။ မင်းသားကတော့



ကိုနိုင်းနိုင်းဖြစ်ပါတယ်။ အမွန်းကတော့ အဓိကသရုပ်ဆောင်မင်းသမီးအနေနှင့် ပါဝင်ထားပါတယ်။ ပြီးရင်ကိုဇော်ဇော်အောင်။ ဒါကတော့ (Arkar Production) ကထုတ်တဲ့ပထမဦးဆုံးရုပ်ရှင်ပါ။ အမွန်းအတွက်လည်း ဒါပထမဦးဆုံး သရုပ်ဆောင် လုပ်ငန်းကိုစခဲ့တဲ့ရုပ်ရှင်တစ်ခုဖြစ်ခဲ့ပါတယ်။ အက်ရှင်ကားတစ်ကားဖြစ်ပါတယ်။

ရှာလုမ် ။ ။ ဟုတ်ကဲ့ပါ။ အခုလက်ရှိအနေနှင့် အမွန်းရဲ့အနုပညာလုပ်ရှားမှုကို သိချင်ပါတယ်။

အမွန်း ။ ။လက်ရှိအနုပညာလှုပ်ရှားမှုက အခုရုပ်ရှင်ရိုက်ပြီးသွားပြီဆိုတော့ သီချင်းဘက်ကို အာရုံစိုက်နေပါတယ် အမွန်းသီချင်းအသစ်ရေးထားတာတွေရှိတယ်၊ အဲ့ဒါတွေကို အမွန်း Recording လုပ်နေပါတယ်။ပြီးတော့ လက်ခံထားတဲ့ပွဲတွေဆိုဖြစ်နေတယ်။ Magazineတွေ အင်တာဗျူးတွေအတွက် ရိုက်ပေးဖြစ်နေပါတယ်။

ရှာလုမ် ။ ။တိုးတက်လာတဲ့ တိုင်းပြည် အခြေအနေပေါ် မှာ အမွန်းဘာများပြောချင်ပါသလဲ။

အမွန်း ။ ။အမွန်းတော့ အရမ်းဝမ်းသာတယ်။ ဘာကြောင့်လဲဆိုတော့ အမွန်းတို့မွေးတုန်းက ၁၉၉၀ ဝန်းကျင်အခြေအနေ၊ အမွန်းတို့ကြီးလာတဲ့အခြေအနေနဲ့ အခုဆိုရင် အများကြီး ပြောင်းလဲသွားပါပြီ။ ဘယ်လိုပြောမလဲ မြန်မာနိုင်ငံကြီးတအားတိုးတက်လာပါပြီ။ သူများထက်နေးနေသေးတယ်ဆိုပေမယ့်လည်း ဒါကတော့ အချိန်ယူရမှာဘဲလေ။ အဲ့တော့နားလည်ပါတယ်။ အမွန်းရဲ့ အမြင်ကတော့ လူတွေအမြင်တွေ ပိုကျယ်လာတယ်။ တိုင်းပြည်ကလည်းကပိုတိုးတက်လာတယ်။ ဆက်ပြီးတော့မှ ခြေလှမ်းအများကြီးလှမ်းရဦးမယ်၊ အဲ့အတွက်ကို အမွန်းကတော့ တကယ်ကိုစိတ်လှုပ်ရှားပါတယ်။ ဝမ်းသာပါတယ်။

ရှာလုမ် ။ ။အမွန်းအနေနှင့် ပရိတ်သတ်ကြီးကိုနှုတ်ဆက် စကားလေးပြောပေးပါဦး။

အမွန်း ။ ။ ဟုတ်ကဲ့ရှင့်။ အမွန်း ကို အခုလိုမျိုး အချိန်ပေးပြီးတော့မှ အမွန်း ချစ်တဲ့ ဘုရားသခင်အကြောင်းကိုမေးပေးတာရယ်၊ အမွန်းနဲ့ ဘုရားသခင်ရဲ့ ဆက်သွယ်မှုကို မေးပေးတာရယ်၊ အမွန်းရဲ့အမြင်လေးတွေရော၊ အမွန်းရဲ့ အနုပညာလှုပ်ရှားမှုအကြောင်းတွေကော မေးပေးတဲ့အတွက် အမွန်းအများကြီးကျေးဇူးတင်ပါတယ်။ ဆက်ပြီးတော့မှလည်း အမွန်း ဘုရားပေးထားတဲ့ဂီတစွမ်းအင်တွေကို ထပ်မံပြီးအသုံးချဦးမယ်၊ အကောင်းဆုံးကြိုးစားပြီးတော့ အမွန်းရဲ့အိမ်မက်တွေကိုအကောင်အထည်ဖော်သွားပါမယ်။ အဲ့အတွက် အားပေးနေတဲ့ အမွန်းပရိသတ်အားလုံးကိုကျေးဇူးတင်ပါတယ်။ အားလုံးကိုလည်း ဘုရားသခင်ကောင်းချီးပေးပါစေလို့ အမွန်းဒီနေရာကနေ ဆုတောင်းပေးချင်ပါတယ်။

ရှာလုမ် ။ ။ ဟုတ်ကဲ့ပါ။ အခုလို သိချင်တာလေးတွေကို ဖြေကြားပေးတဲ့အတွက် ရှာလုမ်ကော်မတီ ဝင်များကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်ဗျ။



# ကြိုးစားနေတဲ့ လူငယ်ဒါရိုက်တာ ဂျွန်ပီတာ နှင့် တွေ့ဆုံခြင်း

ရှာလုမ် ။ ။ အစ်ကိုမင်္ဂလာပါ။

ဂျွန် ။ ။ မင်္ဂလာပါ။

ရှာလုမ် ။ ။ အစ်ကို့ရဲ့နာမည်ရယ်။ မွေးရပ်ဇာတိမြေရယ်။ ဘာလူမျိုးလဲဆိုတာရယ် ပြီးတော့ မိသားစုလေးအကြောင်းရယ် မိတ်ဆက်ပေးပါဦး။

ဂျွန် ။ ။ ဂျွန်ပီတာလို့ခေါ်ပါတယ်။ ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နယ်၊ မြဂိုးကြီးကျေးရွာက ဖြစ်ပါတယ်။ မိသားစုဝင် (၈)ယောက်ရှိပါတယ်။ အဖေရယ်၊ အမေရယ်၊ မောင်နှမ ခြောက်ယောက်ရယ်ပါ။

ရှာလုမ် ။ ။ အစ်ကိုဘယ်အသင်းတော်မှာပါဝင်ဖြစ်သလဲ။

ဂျွန် ။ ။ ရှင်မိက္ခေလ၊ကြည့်မြင်တိုင်အသင်းတော်ပါ။

ရှာလုမ် ။ ။ အစ်ကိုအနေနှင့် အလငသ မှာပါဝင်ဖြစ်ပုံနဲ့ အလငသ အပေါ်အမြင်လေးသိချင်ပါတယ်။

ဂျွန် ။ ။ လူငယ်ထဲမှာတော့ပါဝင်ဖြစ်ပါတယ်။ ရန်ကုန်ဒေသန္တရနယ်မှာ ဒုတိယအတွင်းရေးမှူးပေါ့။ ပြီးတော့စိန်မိုက်ကယ်၊ ရှင်မိက္ခေလလူငယ်မှာ ဥက္ကဋ္ဌအနေနဲ့ကတော့ ၂နှစ်အမှုတော်မှာ ပါဝင်ဆက်ကပ်ခဲ့ပါတယ်။ အလငသလူငယ်တွေအပေါ်အမြင်ဆိုတော့ အပြင်ပိုင်းနဲ့ယှဉ်ပြီးတော့ပြောရမယ်ဆိုရင်တော့ မရဲတရဲပုံစံလေးတွေတွေ့ရတယ်၊ အားနာတတ်တယ်၊ ရိုကျိုးတတ်တဲ့ပုံစံတွေကိုတွေ့ရပါတယ်။ အခြားဂိုဏ်းဂဏတွေနဲ့

ယှဉ်ရင်လည်း အင်္ဂလိကန်အသင်းတော်လူငယ်တွေဆီမှာ ဒီလိုပုံလေးတွေတွေ့ရပါတယ်။

ရှာလုမ် ။ ။အသင်းတော်မှာ ပါဝင်လုပ်ရှားခဲ့တဲ့အရာတွေက တကယ့်အပြင်လောကမှာ ဘယ်လိုမျိုးအထောက်အကူတွေဖြစ်စေပါသလဲ။

ဂျွန် ။ ။အများကြီးတော့ဖြစ်စေပါတယ်။ ဉပမာဆိုရင် အသင်းတော်တစ်ခုထဲက လူငယ်အသင်းမှာ ဉက္ကဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာထိန်းတွေရှိမယ်ပေ့ါ။နောက်တစ်ခု တေးဂီတပိုင်းဆိုင်ရာပေ့ါ။ အသေးစိတ်အနေနဲ့ လူငယ်ခေါင်းဆောင်အနေနဲ့သိထားခဲ့တယ်ဆိုတော့ လုပ်ငန်းခွင်မှာလည်း အဲ့လိုမျိုးလေးတွေရှိလာတယ် ဆိုတော့ ဘယ်သူတွေနဲ့ ဘယ်လိုအလုပ်ကို တွဲလုပ်ရမယ်ဆိုတာ ကိုပိုသိတာပေ့ါ။ ပေါင်းသင်းဆက်ဆံရေးမှာလည်း ဘယ်လိုပေါင်းသင်းဆက်ဆံပြီး ပြောဆိုရမယ်ဆိုတာရယ်၊ ဘယ်လိုစီမံခန့်ခွဲရမလဲဆိုတဲ့ အခြေခံကအစပေ့ါနော်။ ဒီအရာတွေက အသင်းတော်မှာ ပါဝင်လှုပ်ဆောင် ဆပ်ကပ်ခဲ့ခြင်းအားဖြင့် တကယ့်အပြင် လုပ်ငန်းခွင်မှာလည်း တကယ့်ကိုအသုံးဝင်ပြီး အထောက်အကူဖြစ်စေပါတယ်။

ရှာလုမ် ။ ။ ဖခင်ကအမှုတော်ဆောင်တစ်ဦးဖြစ်တယ်ဆိုတော့ ဝိညာဉ်ရေးရာနှင့်ဆိုင်ပြီး ဘယ်လိုခွန်အားပေးဖြစ်ပါသလဲ။

ဂျွန် ။ ။ အရင်တုန်းကတော့ တစ်ခုခုဖြစ်လာပြီဆိုရင် အောက်ခြေလွတ်ချင်လာတဲ့အချိန်တွေရှိတာပေ့ါနော်။ အဲ့လိုမျိုးအချိန်တုန်းကကျတော့ ခွန်အားတွေသိပ်မရခဲ့ဘူး။ ဒါပေမယ့် အခုနောက်ပိုင်းမှာကျတော့ တော်တော်ခွန်အားရခဲ့ပါတယ်။ ဘာပြောလဲဆိုတော့ စကားတစ်ခွန်းဘဲပြောပါတယ်။ မင်းဘာလုပ်လုပ် ဘုရားမပါရင် ဘာမှဖြစ်လာမှာမဟုတ်ဘူးတဲ့။ အဲ့တစ်ခွန်းဘဲပြောတယ်။ ကျန်တာသိပ်ဘာမပြောဘူး။ အဲ့တာနဲ့ ကျွန်တော်လည်းနောက်ပိုင်း အရင်တုန်းကထက်စာရင်



ဘုရားတရားကိုဆက်ကပ်လာပါပြီ။

ရှာလုမ် ။ ။ အစ်ကိုအနေနဲ့ အသင်းတော် ဆိုတာကို ဘယ်လိုမျိုးမြင်မိသလဲ၊ ဘယ်လိုခံယူသလဲဆိုတာသိချင်ပါတယ်။

ဝ္ဂျန် ။ ။ ဘုရားပေးတဲ့အသင်းတော်။ သိုးစုတစ်စုပေါ့။ သိုးစုတစ်စု ဆိုတာ ဘုရားသခင်ရဲ့သားသမီးပေါ့နော်။ ဖြူစင်တယ်၊ ချစ်ဖို့ကောင်းတယ်၊ မေတ္တာတရားရှိတဲ့ သိုးစုလေးတစ်စုပေါ့။ ကျွန်တော်အဲ့လိုမြင်မိပါတယ်။

ရှာလုမ် ။ ။ အစ်ကိုအနေနှင့် အသင်းတော်မှာ ဝင်လှုပ်ရှားလာတာလည်း ကြာပြီဆိုတော့က အသင်းတော်အနေနဲ့ တိုးတက်အောင် ဘာတွေ လိုနေသေးသလဲလို့ သုံးသပ်မိပါသလဲ။

ဝ္ဂျန် ။ ။ အဓိကကတော့ ပညာရေးပေါ့နော်။ နောက်တစ်ခုက လမ်းညွှန်ပေးတဲ့သူ အရမ်းအားနည်းတာကိုတွေ့ရပါတယ်။ ဥပမာအားဖြင့် လူငယ်တွေအားနေတယ်၊ အလုပ်မရှိတဲ့လူငယ်တွေကအများကြီးဘဲ ဘာလုပ်ရမလဲဆိုတာမသိဘူး။ အဲ့လိုမျိုးလူတွေအတွက်ကတော့ GuideLine ချပေးမယ့်လူလိုတာပေါ့။ ဟောပြောပွဲတွေလိုတယ် ပြီးသွားရင် စီးပွားရေးလုပ်ငန်းရှင်တွေ ပညာရှင်တွေဖိတ်ခေါ်ပြီး လူငယ်တွေအတွက် သင်တန်းတွေအများကြီးလုပ်ဖို့နဲ့ လူငယ်တွေလည်း ဒီထက်မကစိတ်ဝင်စားဖို့ပေါ့နော်။ အဲလိုမျိုး လူငယ်တွေအတွက် လမ်းညွှန်ပေးဖို့ ဒီထက်မကအများကြီးလိုသေးတယ်လို့ ကျွန်တော်သုံးသပ်မိပါတယ်။

ရှာလုမ် ။ ။ အနုပညာလောကကို ဘယ်လို ဝင်ရောက်လာသလဲ။ ဒီအပေါ်မှာ ဘယ်လိုအမြင်ရှိသလဲ။

ဝ္ဂျန် ။ ။ ဒီအနုပညာလောကကို ဘယ်လိုရောက်လာသလဲဆိုတော့ ကျွန်တော်အရင်က အဆိုတော်ဖြစ်ချင်တဲ့ဆန္ဒရှိခဲ့တယ်။ ဆယ်တန်းတွေပြီးသွားတော့ ကျွန်တော်သီချင်းတွေသွင်းတာ ဆယ့်သုံးပုဒ်ပြီးသွားတယ်။ မိဘတွေကိုပြတယ်၊ နားထောင်ခိုင်းတယ်။ အသံကြီးဘဲဆိုရင် သိပ်စိတ်ဝင်စားစရာ မကောင်းဘူး



ပေါ့ ရုပ်ကလေးပါ ပါရင်ကောင်းမယ်ဆိုပြီး မိဘတွေကပြောလာပါတယ်။ ကျွန်တော်လည်း MTV တွေရိုက်မယ်ပေါ့။ လိုက်စုံစမ်းတယ်။ ဈေးနှုန်းအရမ်းများတော့ မတတ်နိုင်ဘူး။ အဲ့ဒါနဲ့ ဆရာတစ်ယောက်နဲ့တွေ့တယ်။ သူက ကျွန်တော့်ကိုလမ်းခင်းပေးတယ်။ အဲ့နေ့ကစပြီး Edit နဲ့ Camera သင်တန်းတွေ လိုက်တက်ဖြစ်ပါတယ်။ အဲ့ကနေစပြီးကျွန်တော်ဒီဘဝထဲကိုရောက်ခဲ့တာပါ။ အနုပညာအပေါ်အမြင်ကတော့ အရမ်းကို အနုစိပ်တယ်။ အဲ့ဒါလေးနဲ့ လူတွေကို ကောင်းကျိုးပြုတဲ့အရာလို့ ကျွန်တော်အဲ့လိုမြင်တယ်။ ဘာလို့လဲဆိုတော့ ဇာတ်ကားကြည့်ခြင်းအားဖြင့် ပညာရသွားတာတွေရှိတယ်။ သီချင်းသံလေးအားဖြင့် ကမ္ဘာကြီးငြိမ်းချမ်းသွားတာတွေ အစရှိသဖြင့် သာဓကတွေ အများကြီးရှိတယ်။ အဲလိုမျိုးဆိုတော့ အနုပညာကို ကျွန်တော်အနေနဲ့ အရမ်းအနုစိပ်ပြီးတော့ ခံစားမှုတွေ ပေးနိုင်တဲ့ ကြီးမားတဲ့အရာတစ်ခုလို့ ကျွန်တော်မြင်မိပါတယ်။

ရှာလုမ် ။ ။ အခုလုပ်နေတဲ့ ဒါရိုက်တာ အလုပ်ပေါ်မှာပေါ့ အမှတ်တရဖြစ်စရာလေးများသိချင်ပါတယ်။

ဝွန် ။ ။ အမှတ်တရဖြစ်စရာဆိုတော့ မှတ်မှတ်ရရပေါ့နော်။ ကျွန်တော် ကရင်ပြည်နယ်တစ်ခါသွားတယ်။ကရင်ပြည်နယ်ရဲ့အလှလေးကိုသွားရိုက်တယ်။ ရိုက်တဲ့အချိန်မှာ ကျွန်တော်က အရင်တုန်းက ဆိုရင်သပ်သပ်ရပ်ရပ်ပေါ့၊ အသားဆိုလည်းဖြူနေမှ အဲ့လိုမျိုးလေးတွေနေတတ်တယ်။ ဒါပေမယ့်ကြိုးစားမယ်ဆိုတဲ့ စိတ်စဝင်တဲ့အချိန်ကစပြီး ကိုယ်ရဲ့အသားအရည်၊ မျက်နှာတွေကို လုံးဝဂရုမထားတော့ဘူး။ ဘယ်လိုဖြစ်သလဲဆိုရင် ကျွန်တော်ရိုက်နေတဲ့အချိန်မှာ အခုလိုမျိုးထီးဆောင်းပေးမယ့်လူလည်းတစ်ယောက်မှမရှိဘူး။ ကိုယ့်အား ကိုယ်ကိုးရတဲ့အတွက်ကြောင့် ကင်မရာရိုက်နေရင်းတန်းလန်းနဲ့ နေပြင်းတာကိုသတိမထားမိဘူး။ ခရီးကတစ်ပတ်ကြာသွားတယ်ပြန်လာတော့အသားအရေတွေအကုန်လန်သွားတယ်။ ဒါကဘဝမှာ တစ်ခါမှ မကြုံတွေ့ ရခဲ့တဲ့ အမှတ်တရလေးတစ်ခု။ အဖေတွေ အမေတွေ မေးကြည့်တော့ ဒါကရောဂါဖြစ်တာမဟုတ်ဘူး။ မင်းသွား ထားတဲ့အတွက်ကြောင့် အသားတွေပြန်လန်တယ်ပေါ့။ အဲ့ဒါလေးတစ်ခုရှိတယ်။ နောက်တစ်ခုကဘာလဲဆိုတော့၊ ရယ်စရာလေးတစ်ခုက နေပြည်တော်မှာ ကျွန်တော်တို့သွားရိုက်ရင်းနဲ့ပါ။ ကင်မရာရိုက်နေရင်းနဲ့ အမှိုက်ပုံတစ်ခုက ရှုပ်နေတယ်။ ဒါနဲ့ ဒါရိုက်တာက ရွာသားတွေ နဲ့တိုင်ပင်ပြီးတော့အမှိုက်ပုံကိုရှင်းဖို့လုပ်နေတဲ့အချိန်မှာ ကျွန်တော်ကကင်မရာနဲ့ မှန်ဘီလူးနဲ့ ယူလာခိုင်းလိုက်တယ်။ နောက်ပြီးသူတို့ကို ပြလိုက်တယ်။ အဲ့အချိန်မှာ အမှိုက်ပုံကြီးကရွှေ့စရာမလိုဘဲနဲ့ ကင်မရာထဲမှာ အရမ်းလှနေတယ်။ဟာသတစ်ခုလိုလည်းဖြစ်စေခဲ့တယ် အမှတ်တရတစ်ခုအနေနဲ့လည်းဖြစ်စေခဲ့တယ်။ ပြီးတော့ မထင်မှတ်ထားတဲ့ကောင်းတဲ့ ကွာလတီတစ်ခုအနေနဲ့လည်း ဖြစ်စေခဲ့တယ်။ အမှတ်တရလေးတွေက အဲ့လိုရှိခဲ့ပါတယ်။

ရှာလုမ် ။ ။ အစ်ကို့အနေနှင့် ဒါရိုက်တာလုပ်တဲ့သက်တမ်း ဘယ်လောက်ရှိပြီလဲ သိချင်ပါတယ်။

ဝွန် ။ ။ဒါရိုက်တာအနေနဲ့ ဆိုရင် ၂၀၀၃ ကနေစမှာပေါ့။ ဟုတ်ကဲ့ ဒါရိုက်တာသက်တမ်းက သုံးလေးနှစ်တော့ ရှိသွားပါပြီ။ ဟုတ်ကဲ့။

ရှာလုမ် ။ ။ အစ်ကို့ရဲ့သက်တမ်းတစ်လျှောက်ရိုက်ပြီးသွားပြီဖြစ်တဲ့ ကားလေးတွေဘယ်လောက်ရှိပြီလဲ။ ပြီးတော့ ကိုယ့်ပရိုဒတ်ကို နောက်ထပ်ဘယ်လိုထူးထူးခြားခြား ချပြဖို့ရှိလဲဆိုတာ သိချင်ပါတယ်။

ဝွန် ။ ။ အရင်တုန်းက ရိုက်ထားတဲ့ ဗီဒီယိုကားတော့ ၅ကားရှိပါပြီ။ ကြော်ငြာဆိုရင် ၃ခုလောက်ရှိပြီ၊ MTV ကတော့ အပုဒ် ၃၀ကျော် ၄၀လောက်တော့ရှိပါပြီ။ ပြီးတော့ ဘာတွေထူးထူးခြားခြားဆက်လုပ်နေသလဲဆိုတော့ ဟဲလီကော်ပတာနဲ့ နိုင်ငံခြားဆန်ဆန် ရိုက်ချင်တဲ့ MTV လေးတွေရှိတယ်။ အဆိုတော်တွေနဲ့လည်း တိုင်ပင်တယ်။ တိုင်ပင်တော့ ပိုက်ဆံပေးနိုင်တယ်။ ဟဲလီကော်ပတာကိုဈေးနှုန်းမေးကြည့်တော့ တော်တော်အဆင်မပြေဘူး။ ပါမစ်တွေလည်းမရဘူး။ အဲလိုမျိုးဆိုတော့ လုပ်ချင်ပေမယ့် လုပ်ခွင့်မရသေးဘူးတဲ့ အထူးအဆန်းလေးတွေရှိတယ်။နောက်တစ်ခုက နန်းခင်ဇေယျာရဲ့သီချင်းဆိုရင် ကသီဒြယ်ဘုရားကျောင်းခေါင်းလောင်းစဉ်အပေါ်မှာ စုံတွဲကိုခေါ်သွားပြီးတော့မှ Drone နဲ့ပေါ့အဆန်းလေးတွေရိုက်ထားတာရှိတယ်၊ နောက်ပိုင်းလည်းဒီထက်မက ပိုဆန်းတဲ့ဟာလေးတွေ အဆန်းအပြားလေးတွေရှိပါဦးမယ်ပေါ့။

ရှာလုမ် ။ ။ အစ်ကို့အနေနဲ့ အောင်မြင်မှုဆိုတဲ့အရာကိုဘယ်လိုမျိုး အဓိပ္ပါယ်ဖွင့်သလဲသိချင်ပါတယ်။

ဝွန် ။ ။ အောင်မြင်မှုဆိုတာကကျတော့ ပုံစံအမျိုးမျိုးရှိတယ်ပေါ့နော်။ ဥပမာအားဖြင့်ဆိုရင် နာမည်ကြီးသွားလို့ အောင်မြင်တယ်။ ဒါမှမဟုတ်လည်း သူဌေးဖြစ်သွားလို့ အောင်မြင်တယ်ပေါ့။ ကျွန်တော်ကတော့ ကျွန်တော့်အောင်မြင်မှု

ကို ဘယ်လိုခံယူထားသလဲဆိုတော့ ကျွန်တော်လုပ်ချင်တဲ့အရာလေးတစ်ခု။ ဥပမာအားဖြင့် လွန်ခဲ့တဲ့သုံးနှစ်လောက်က ကျွန်တော်က ဒီလိုမျိုး သီချင်းလေးရိုက်ချင်တယ်။ JP Production လေးထောင်ချင်ခဲ့တယ်။ အဲဒီတုန်းကတော့ ဖြစ်ချင်တဲ့ဆန္ဒအခုဖြစ်လာတယ်။ ဒါပေမယ့် သူများတွေမသိဘူး။ ကျွန်တော်ဖြစ်ချင်တဲ့စိတ်လေးတစ်ခုအဲ့ဒါကကျွန်တော့အောင်မြင်ခြင်းဘဲ။ အဲ့တော့ ဘယ်ကိစ္စမဆို ကျွန်တော်ဖြစ်ချင်တဲ့ အရာလေးတွေ ထပ်ရှိသေးတယ်။ လောလောဆယ် တချို့အရာလေးတွေက မအောင်မြင်သေးဘူး။ ဖြစ်ချင်တဲ့ အရာလေးတစ်ခု တစ်နေ့မှာဖြစ်သွားခဲ့ရင် အောင်မြင်မှုတစ်ခုလို့ ကျွန်တော်ခံယူထားပါတယ်။

ရှာလုမ် ။ ။ အစ်ကို့အနေနှင့် ဘဝမှာ လက်ကိုင်စွဲထားတဲ့ ကျမ်းပိုဒ် (သို့) အတွေးအခေါ်လေးတစ်ခုကိုသိချင်ပါတယ်။

ဂျွန် ။ ။ ကျမ်းပိုဒ်တွေလည်းရှိပါတယ်။ အတွေးအခေါ်တွေလည်းရှိပါတယ်။ အဲ့ထဲမှာမှ ကျွန်တော်တို့ဘုရားက အသက်ရှင်တဲ့ဘုရားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခေါ်ရင်ထူးတယ်။ ကျွန်တော်က အဲ့တစ်ခုကို လုံးဝကိုယုံကြည်တဲ့အတွက်ကြောင့်မို့လို့ အဲ့ဒါကိုပဲ ကျွန်တော်အမြဲစွဲကိုင်ထားပါတယ်။ ကျွန်တော် အမြဲတမ်းတစ်ခါတစ်လေကျရင်လဲကျသွားတာတွေရှိတယ်။ ဘုရားကိုပဲခေါ်တယ်။လုံးဝမရှက်မကြောက်ပေါ့နော်။ တစ်ခါတစ်လေကျရင် လူကြားထဲမှာလည်း လမ်းသွားရင်းနဲ့အော်ခေါ် အဲ့လိုမျိုးတွေရှိတယ်။ ဘုရားဆိုတာ ခေါ်ရင်ထူးတယ်ဆိုတာကိုတော့ ယုံကြည်တယ်။

ရှာလုမ် ။ ။ အစ်ကို့အနေနှင့် အနုပညာသက်တမ်းတစ်လျှောက်မှာ ကြုံတွေ့ရတဲ့ စိန်ခေါ်မှုတွေကို သိချင်ပါတယ်။

ဂျွန် ။ ။ အများကြီးလို့ပြောလို့ရတာပေါ့။ တချို့ဟာလေးတွေက Background ပေါ့နော်။Backgroundအရမ်းမတောင့်တဲ့အခါကျတော့ ပြိုင်ဖို့အင်အားတွေမရှိဘူး။ အဲဒါကို စိန်ခေါ်မှု

> အများကြီးအင်းအားမရှိပေမဲ့
> ကျွန်တော့်မှာ ဘုရားရှိတယ်။
> ရှိသင့်ရှိထိုက်တာလည်းရှိ
> နေပြီဆိုတော့ အကုန်လုံးက
> တစ်နေ့ကျရင်
> အောင်မြင်လာမယ်လို့
> ယုံကြည်ပါတယ်။

တစ်ရပ်လို့ပဲမြင်တယ်။ အများကြီးအင်းအားမရှိပေမဲ့ ကျွန်တော့်မှာ ဘုရားရှိတယ်။ ရှိသင့်ရှိထိုက်တာလည်းရှိနေပြီဆိုတော့ အကုန်လုံးက တစ်နေ့ကျရင် အောင်မြင်လာမယ်လို့ ယုံကြည်ပါတယ်။

ရှာလုမ် ။ ။ အစ်ကို့အနေနှင့် ကြိုးစားနေတဲ့ လူငယ်တွေအပေါ်မှာ အားပေးစကားပြောပေးပါဦး။

ဂျွန် ။ ။ အဓိကကတော့ ဇွဲပေါ့နော်။ ဇွဲလျှော့လမလျှော့ဖို့ရယ်။ နောက်တစ်ခုက မပျင်းဖို့ပေါ့။ နောက်တစ်ခုက ကျမ်းစာမဖတ်သည့်တိုင်အောင် အခက်အခဲကြုံလာရင်တောင် ဘုရားကိုအနည်းငယ်လောက်ဘဲ သတိရလိုက်ပါ။ အဲ့ဒါဆိုရင် အဆင်ပြေမယ်။ အခုဆိုရင် လူငယ်တော်တော်များများ

က အင်တာနက်၊ ဖေ့စ်ဘွတ်တွေသုံးကြတယ်။ တိုးတက်ရာတိုးတက်ကြောင်း အသုံးပြုတာနည်းတယ်။ Musicဆိုရင်လည်း Music ပေါ့။ Video ဆိုရင်လည်း Video ၊ စာပေဆိုလည်းစာပေပေါ့နော်။ အကျိုးရှိအောင် အသုံးချစေချင်ပါတယ်။

ရှာလုမ် ။ ။ အစ်ကို့အနေနဲ့ လက်ရှိလုပ်ရှားနေတဲ့ အနုပညာလှုပ်ရှားမှုကို သိချင်ပါတယ်။

**အဓိကကတော့**
**ပညာရေးပေါ့နော်။**
**နောက်တစ်ခုက လူငယ်တွေကို**
**လမ်းညွှန်ပေးတဲ့သူ**
**အရမ်းအားနည်းတာကိုတွေ့ရပါတယ်။**
**ဥပမာ အားဖြင့် လူငယ်တွေအားနေတယ်၊**
**အလုပ်မရှိတဲ့လူငယ် တွေကအများကြီးဘဲ**
**ဘာလုပ်ရမလဲဆိုတာမသိဘူး။**
**အဲ့လိုမျိုးလူတွေအတွက်ကတောလမ်းညွှန်**
**ချပေး မယ့်လူလိုတာပေါ့။**
**ဟောပြောပွဲတွေလိုတယ်…**

ဝျွန် ။ ။ အခုလောလောဆယ်တော့ MTV တွေရိုက်နေတယ်။ ကြော်ငြာလည်းရှိတယ်။ ရုပ်ရှင်ကားပေါ့နော်။ ကျွန်တော်အဲ့လောက်အထိလုပ်နေပါတယ်။

ရှာလုမ် ။ ။ အစ်ကို့အနေနဲ့ အားပေးတဲ့ ပရိတ်သတ်ကို နှုတ်ဆက်စကားလေးပြောပေးပါဦး။

ဝျွန် ။ ။ အမှန်တကယ်တော့ ကျွန်တော့်မှာ ပရိတ်သတ်ဆိုတာ မရှိဘူးဗျ။ ကျွန်တော်ခံယူထားတာတော့ ကျွန်တော့်ကို အမြဲအားပေးနေတဲ့သူပေါ့။ ပရိသတ်မဟုတ်ဘူး။ ပရိတ်သတ်ကျတော့ တချို့လူတွေကျတော့ ကျွန်တော့်ကို ကြိုက်ချင်မှကြိုက်မယ်၊ မကြိုက်ချင်ရင်မကြိုက်ဘူး။ အဲ့ဒါကို ကျွန်တော်က စွဲပြီးတော့ သူ့ကိုပရိသတ်ပါဆိုပြီးတော့ သွားလုပ်လိုက်မယ်ဆိုရင် ကျွန်တော်နဲ့ against တွေဖြစ်သွားမယ်။ အဲ့လိုဆိုတော့ ကျွန်တော့်ကိုခင်တဲ့ အားပေးတဲ့ဘော်ဒါ၊ ဆွေမျိုးသားချင်း အကုန်လုံးပေါ့နော်။ အဲ့ဒါကို ကျွန်တော်ကအားပေးပါလို့ ပြီးတော့ ရိုးရိုးရှင်းရှင်းလေးပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အင်္ဂလီကန်တော်တော်များများ တစ်ယောက်ယောက်ဖြစ်ပြီဆိုရင်မနာလိုကြတယ်။ သူများတွေနဲ့ကွာတယ်။ မနာလိုတဲ့စိတ်တွေ လည်းမရှိကြပါနဲ့။ ဝျွန်ပီတာဒီလိုမျိုးဖြစ်လာတယ်ဆိုတာလည်း ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ဒီလိုဖြစ်လာတယ်။အဲ့တော့ ဘာပဲဖြစ်ဖြစ် တစ်ဖက်တစ်လမ်းအားဖြင့် မိဘဆိုရင်လည်း သားလေး ကြိုးစားနော်။ သူငယ်ချင်းဆိုလည်း သူငယ်ချင်း ကြိုးစားကောင်းတယ်။ အဲ့လိုမျိုးပေါ့နော်။ ရိုးရိုးရှင်းရှင်းလေး ပုံစံလေးနဲ့ပဲအားပေးဖို့ မေတ္တာရပ်ခံပါတယ်လို့။

ရှာလုမ် ။ ။ အခုလိုဖြေကြားပေးတဲ့အတွက်လည်း သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ရှာလုပ်ဝိုင်းတော်သားများကိုယ်စား ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။

ဝျွန် ။ ။ ကျွန်တော်လည်း အခုရှာလုမ်မဂ္ဂဇင်းအတွက်ကော၊ ဒီအထိ တကူးတကလာမေးတဲ့အတွက်ကြောင့်လည်း ဘုရားသခင်ကဘယ်လောက်ကြီးမြတ်တယ်။ ကောင်းမြတ်တယ် အကြောင်း ပြောခွင့်ရတယ်။ ပြီးတော့ကျွန်တော်လုပ်နေတဲ့ဟာလေးတွေလာမေးပေးတဲ့ ဆရာတို့တွေကိုရော၊ ရှာလုပ်မဂ္ဂဇင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်။



# ဒုတိယနှစ်ကျောင်းသူ၊ ကျောင်းသားများတို့၏ နွေရာသီကွင်းဆင်းလေ့လာရေးခရီးစဉ်

သွားရောက်ခဲ့သောဘုန်းကြီးပိုင်နယ် ။ ။ရှင်အန္တြေအသင်းတော်ဘုန်းကြီးပိုင်နယ်။ (တနိုင်းမြို့)
မြစ်ကြီးနားသာသနာပိုင်နယ်

သွားရောက်ခဲ့သော ကြာမြင့်ချိန် ။ ။ ၁၃၊ ၃၊ ၂၀၁၆ မှ ၇၊ ၄၊ ၂၀၁၆

တာဝန်ခံဘုန်းတော်ကြီး ။ ။ ဘုန်းတော်ကြီးဦးတူးရှန်

သွားရောက်ခဲ့သော လူဦးရေ ။ ။ ။ ဦးဆောင်ဆရာ (၁) ဦး၊ ကျောင်းသား (၁၄) ဦး၊ ကျောင်းသူ (၁)ဦး ၊ ပေါင်း (၁၆) ဦး

ရည်ရွယ်ချက် ။ ။ ဘုန်းကြီးပိုင်နယ်ရှိ အသင်းခွဲများအား ပြန်လည်နိုးကြားလာစေရန်နှင့် ဧဝံဂေလိသတင်းကောင်းဝေမျှရန်၊

ဒုတိယနှစ်ကျောင်းသား၊ကျောင်းသူများသည် ရှင်အန္တြေအသင်းတော်သို့ ၁၅၊ ၃၊ ၂၀၁၆ တွင်ရောက်ရှိခဲ့ပါသည်။ တာဝန်ခံဘုန်းတော်ကြီးမှာ ကျန်းမာရေးမကောင်းသော်လည်း ကျောင်းသူ၊ ကျောင်းသားများအားတွေ့ဆုံ၍၊ လုပ်ဆောင်ရမည့်အစီအစဉ်များနှင့် တာဝန်များကို ခွဲဝေပေးပါသည်။ ဘုန်းတော်ကြီး ကျန်းမာရေးမကောင်းသော်လည်း တာဝန်ခံစီစဉ်ပေးရန် ဓမ္မဆရာ(ယခုသင်းထောက်) ဆရာ ဂျိုးဇက်ဘရန်မိုင်အား တာဝန်ပေးပါသည်။ ကျောင်းသားများနှင့် ပါဝင်ရန်အတွက်လည်း ဓမ္မဆရာမ ကိုင်ဒိမ် အားတာဝန်ပေးပါသည်။ အစီအစဉ်များတွင် ဘဏ္ဍာထိန်းပြုလုပ်ရန် ကျောင်းသားများထဲမှ ဘုန်းကျော်လင်းအား တာဝန်ပေးပါသည်။

ပြုလုပ်ရန်အစီအစဉ်များမှာ ဓမ္မတေးအားဖြင့် သက်သေခံခြင်း၊ ဓမ္မပြဇာတ်တိုများဖြင့် သက်သေခံခြင်း၊ အကများဖြင့် သက်သေခံခြင်း၊ ဧဝံဂေလိတရားဟောကြားခြင်းတို့စသည်တို့ကို ပြုလုပ်ရန်ပြင်ဆင်စေပါသည်။ သွားရောက်မည့် အသင်းခွဲများ၊ နေရာများအား ဆရာဘရန်မိုင်မှ ရှေ့ပြေးစီစဉ်ခြင်းများ ပြုလုပ်ပေးပါသည်။ ဘုန်းတော် ကြီး၏ညွှန်ကြားမှုဖြင့် ရှင်ပေတရုအသင်းခွဲ(အောင်လော့ဒ်) တွင် အသင်းသားများဖြင့် ဝတ်ပြုကိုးကွယ်ခြင်း၊ ညပိုင်း သက်သေခံခြင်းအစီအစဉ်များပြုလုပ်ခဲ့ပါသည်။ တပ်မဟာ(၂) တွင်လည်း ညပိုင်း

သက်သေခံခြင်း အစီအစဉ်ပြုလုပ်ခဲ့ပါသည်။ အောင်ဘာမော်တွင်လည်း သွားရောက်၍ သက်သေခံခြင်းများပြုလုပ်ခဲ့ပါသည်။ သို့သော် မိုးသီးများကျခြင်း၊ မိုးရွာခြင်း၊ စက်ပစ္စည်းအဆင်မပြေခြင်းများကြောင့် ၁၅ မိနစ်ခန့်သာ သက်သေခံနိုင်ခဲ့ပါသည်။ ထို့နောက် ဘုန်းကြီးပိုင်နယ် (တနိုင်းမြို့ပေါ်)အတွင်းရှိ အသင်းသားအိမ်များသို့ လှည့်လည်ဝတ်ပြုခြင်းများပြုလုပ်နိုင်ခဲ့ပါသည်။ ရှင်မဿဲ (မကော) အသင်းခွဲသို့သွားရောက်၍ အသင်းသားအိမ်တွင် ဝတ်ပြုကိုးကွယ်ခြင်းပြုလုပ်နိုင်ခဲ့ပါသည်။ လူငယ်များနှင့် အလငသ အသင်းအကြောင်းဝေမျှခြင်းနှင့် မိဿဟာရအစီအစဉ်များပြုလုပ်နိုင်ခဲ့ပါသည်။

(၁၊ ၄၊ ၂၀၁၆) တွင် တနိုင်း မြို့မှ မြစ်ကြီးနားမြို့ ကသီဒြယ်အသင်းတော်တွင် ဘုန်းကြီးဝတ်စောင့်ခြင်းနှင့် သိက္ခာတင်ခြင်းဝတ်တွင် ပါဝင်ဆက်ကပ်ခဲ့ပါသည်။ အစားအသောက်များပြင်ဆင်ပေးခြင်း၊ ပုဂံများဆေးကြောပေးခြင်း၊ ခြေဆေးခြင်းဝတ်တွင်ပါဝင်ခြင်း၊ သိက္ခာရရှိသူများ၏ ဂုဏ်ပြုခြင်းအစီအစဉ်တွင် တင်ဆက်ခြင်း စသည်တို့ဖြင့် ပါဝင်ဆက်ကပ်ခဲ့ပါသည်။

မြစ်ကြီးနားမြို့ပေါ်ရှိ စီတာပူ အသင်းတော်ရှိ မိဘမဲ့ဘော်ဒါဆောင်မှ ကလေးများနှင့် မိဿဟာရဖွဲ့ခြင်း၊ မေတ္တာပြခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။ မောန္နေလ(စံပြ) အသင်းတော်တွင် လူငယ်များ၊ ကိုရီးယားမှ ဧည့်သည်များ တို့နှင့်အတူ အုတ်တံတိုင်းဆောက်လုပ်ရန်အတွက် ကျောက်တုံးများအား ရွေးချယ်ခြင်း၊ အလုပ်စခန်းနှင့် မိဿဟာရဖွဲ့ခြင်း တစ်နေ့တာ အစီအစဉ်ကို ပြုလုပ်နိုင်ခဲ့ပါသည်။ မြစ်ကြီးနားကသီဒြယ်လူငယ်များအား အလငသ အသင်းအကြောင်းနှင့် လူငယ်အသင်းရှေ့လုပ်ငန်းစဉ်များအကြောင်းကို သင်ကြားဆွေးနွေးခြင်းပြုလုပ်နိုင်ခဲ့ပါသည်။ မြစ်ကြီးနားမြို့ပေါ်ရှိ လူငယ်အချို့၊ ကိုရီးယားမှ ဧည့်သည်လူငယ်များ တို့နှင့်အတူ မြစ်ဆုံသို့ သွားရောက်လေ့လာခြင်းလည်း ပြုလုပ်နိုင်ခဲ့ပါသည်။

ဤခရီးစဉ်တစ်လျှောက်လုံးတွင် အဘဘုရားရှင်၏ ကွယ်ကာလမ်းပြမှုအတွက် ကျေးဇူးတော်ချီးမွမ်းမိပါသည်။ လက်ခံပေးသောတာဝန်ခံဘုန်းတော်ကြီးသည် ကျန်းမာရေးအားနည်းသော်လည်း၊ ဧဝံဂေလိသတင်းကောင်းဝေမျှရန်အတွက် စိတ်ရောကိုယ်ပိုင်ကြိုးကြပ်လမ်းညွှန်ပေးမှုကိုလည်း များစွာခွန်အားရမိပါသည်။ ဓမ္မဆရာ၊ ဆရာမများ၏ တာဝန်ယူဦးဆောင်မှုမှာလည်း ကျောင်းသားများ မိမိအသင်းတော်တွင် ပြန်လည်တာဝန်ယူသည့်အချိန်တွင် ပြင်ဆင်ထားသင့်သည်များကို ကြိုတင်သိမြင်စေပြီး၊ ခွန်အားလည်းရစေပါသည်။ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ဤကဲ့သို့ သက်သေခံခြင်းအစီစဉ်ကို စုပေါင်း၍ လုပ်ဆောင်သည်မှာ ပထမဆုံးအကြိမ်ဖြစ်၍ စိုးရိမ်စိတ်များရှိသော်လည်း၊ မိမိလုပ်ဆောင်ရမည့်အပိုင်းများကို စိတ်အားထက်သန်စွာဖြင့် လုပ်ဆောင်ခဲ့ကြပါသည်။ ဤအတွေ့အကြုံအားဖြင့် မိမိသာသနာနယ်တွင် ပြန်ရောက်သည့်အခါ ပြန်လည်၍ ပြုလုပ်ရန်အတွက် အတွေ့အကြုံကောင်းများ၊ သင်ခန်းစာများ စသည်တို့ကို ရရှိခဲ့သည့်အတွက် ဤခရီးစဉ်သည် အောင်မြင်သော ခရီးစဉ်တစ်ခုဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

အမှုတော်မြတ်၌

ကျောင်းသူ၊ ကျောင်းသားများ
ဒုတိယနှစ် (၂၀၁၅–၂၀၁၆)



# နိုင်ငံတော် တည်ထောင်ပါစေသော်

ပါဒရီအက်စ်ထန်အုပ်

နိုင်ငံတော်ကို တည်ထောင်မည့်နေရာသည် သီးသန့်မဟုတ်ဘဲ ယနေ့လူသားများရှိသောလောက ကမ္ဘာတွင်သာ တည်ထောင်တော်မူမည် ဖြစ်ကြောင်း နားလည်နိုင်ပါသည်။ ရှင်မာကု ၁း၁၅ တွင် ''အချိန်စေ့ပြီ။ ဘုရားသခင့်နိုင်ငံတော်တည်လုပြီ။ နောင်တရ၍ သတင်းတော်မြတ်ကိုယုံကြည်ကြလော့'' ဟု ဆိုပါသည်။ မဿဲ ၃း၂ တွင် ''နောင်တရကြလော့၊ ကောင်းကင်နိုင်ငံတော်တည်လုပြီ။'' ဟု၍လည်းကောင်း၊ ၄း၁၇ တွင်လည်း ''နောင်တရကြလော့၊ ကောင်းကင်နိုင်ငံတော်တည်လုပြီ'' ဟူ၍လည်းကောင်း သတိပေးထားသည်ကို တွေ့ရသည်။ ရှင်လုကာ ၁၇း၂၁တွင် ''ဘုရားသခင်နိုင်ငံတော်သည် သင်တို့ဘောင်တွင်တည်ပြီ'' ဟု မိန့်တော်မူခဲ့ပါသည်။ နောင်တရခြင်းနှင့် နိုင်ငံတော်တည်ထောင်ခြင်းတို့ ဆက်စပ်မှုကို သတိထားမိမည် ဖြစ်ပါသည်။ ''နောင်တရ''ခြင်းကို ဂရိဘာသာစကားအားဖြင့် "Metanoi" ဟုဆိုပါသည်။ ကောင်းကင်နိုင်ငံတော်တည်ထောင်ခြင်းသည် ''နောင်တရခြင်းနှင့် အမြဲဒွန်တွဲဟောကြားခဲ့သည် ကိုတွေ့ရပါသည်။ နောင်တရခြင်းတွင် "meta" ဟူသော စကားလုံးသည် ''ပြီးလျှင်''ဟု အဓိပ္ပါယ်ရပြီး "noia"သည် ဂရိစကား "neow-noeu"မှ ဆင်းသက်လာခြင်းဖြစ်ကာ ''နားလည်သဘောပေါက်ခြင်း''ဟု အဓိပ္ပါယ်ရရှိပါသည်။ နောင်တရခြင်းဆိုသည်မှာလည်း ဘုရားသခင်အတွက် စစ်မှန်သော စိတ်နှလုံးပြောင်းလဲခြင်းဖြစ်သည်။ တနည်းဆိုရ

သော် ဘုရားသခင်နိုင်ငံတော်အကြောင်း သိပြီးသောအခါ စိတ်နှလုံး လုံးဝပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ ကြားနာသောသတင်းတော်ကို နားလည်သဘောပေါက်မှုနှင့်လည်း ဆက်စပ်မှုရှိပါသည်။ ထို့ကြောင့် ကြားနာကာ နားလည်လာရန် လိုအပ်သည့် နားကြားခြင်းအတွက် သခင်ယေရှု ကုသမှုကို ပြုလုပ်ခဲ့ပါသည် (မာကု ၇း၃၁–၃၅)။ ရှင်ပေါလုက ''မည်သူမဆို ခရစ်တော်၌ တည်ရှိလျှင် လူသစ်ဖြစ်လျက် ဟောင်းသောအရာများ ပျောက်လွင့်၍ အသစ်ဖြစ်လေပြီ'' (၂ ကော ၅း၁၇) ဟုဆိုထားသည်။

ဧဝံဂေလိကျမ်းတွင် သခင်ယေရှုနှင့် အဓိကရင်ဆိုင်ငြင်းခုံ နေကြရသူတို့မှာ ကျမ်းတတ်ပုဂ္ဂိုလ်များ၊ ဖာရိရှဲများနှင့် ဇဒ္ဒုတို့ကဲ့သို့သော ပုဂ္ဂိုလ်များဖြစ်ကြသည်။ ထိုသူတို့သည် ဘာသာရေးကို အလွန်ကျွမ်းကျင် သိနားလည်ပြီးသူများဖြစ်ကြသည်။ သူတပါးပြောစရာမရှိလောက်အောင် ချေပပြောဆိုနိုင်သူများ၊ ကျင့်သုံးမှုအပိုင်းတွင်လည်း ထောက်ပြစရာမရှိလောက်အောင် ပြည့်စုံစွာကျင့်စောင့်သူများဖြစ်ကြသည်ဟုဆို နိုင်ပါသည်။ တစ်ချိန်တည်းတွင် သခင်ယေရှု၏ ကျင့်စဉ်သည် မိမိတို့နားလည်သဘောပေါက်ထားသည့် ဘာသာတရားကျင့်သုံးမှုနှင့် ဆန့်ကျင်သည်ဟု ခံစားကြသဖြင့် သခင်ယေရှုကို အပြစ်တင်ပြောဆိုခဲ့ကြသည်။ သခင်ယေရှုဟောပြောချက်များကို လက်မခံနိုင်ဘဲ စောဒကတက်နေကြသူများဖြစ်ကြသည်။ ထို့ကြောင့် ကောင်းကင်နိုင်ငံတော်တည်ထောင်နိုင်ရန်အတွက် မိမိတို့အားနည်းချက်များကို သိနားလည်ပြီး၊ နောင်တရရန်လိုအပ်ကြောင်း သခင်ယေရှုကဖော်ပြ ထောက်ပြထားပါသည်။ ပြည့်စုံအောင်နားလည်သူများ၊ သိသည့်အတိုင်းလည်း ကျင့်စောင့်သူများအတွက် နောင်တရခြင်း သဘောကို နားလည်သိရှိကြမည်ဖြစ်ပါသည်။

> ချစ်ခြင်းမေတ္တာအတွက်
> စိတ်နှလုံးကို
> အခြေခံထားသောကြောင့်
> စိတ်နှလုံးပြုပြင်ခြင်းသည်
> အဓိက
> ဖြစ်သည်။

ဓမ္မဟောင်းကျမ်း၏သွန်သင်ချက်။

ဓမ္မထပ်ဆင့်(တရားဟော) ကျမ်း ၆း၄–၇ တွင် ''အိုဣသရေလလူမျိုး နားထောင်ကြဦး၊ ငါတို့ဘုရားသခင်ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရဘုရားပေတည်း။ သင်တို့၏ ဘုရားသခင်ထာဝရ ဘုရားကို စိတ်နှလုံး၊ အသက်ဝိညာဉ်၊ အစွမ်းသတ္တိ အကြွင်းမဲ့ချစ်ကြည်မြတ်နိုးကြလော့။ ယနေ့ ငါဆင့်ဆို သော ထိုအချက်ကိုပင် နှလုံးသွင်းသည့်ပြင် သားသမီးတို့အားလည်း အာဂုံဆောင်စေ၍ အိမ်မှာ ထိုင်နေစဉ်၊ လမ်းလျှောက်စဉ်၊ အိပ်ရာဝင်စဉ်၊ နိုးထစဉ်ဆွေးနွေးလျက် လက်တွင်လက္ခဏာသက်သေအဖြစ်၊ မျက်မှောင်ကြားတွင် သင်းကျစ်အဖြစ်၊ ဆောင်ထားခြင်း၊ ဝင်းအိမ်တံခါးတိုင်များ၌ အက္ခရာတင်ခြင်းများကိုပြုကြလော့။'' ဟုဖော်ပြပါသည်။ ထိုအချက်ကိုပင် သခင်ယေရှုကပြန်လည်ကိုးကားခဲ့သည်။ (မဿဲ ၂၂း ၃၇–၄၀၊ မာကု ၁၂း ၃၀၊ လုကာ ၁၀း ၂၇)ဘုရားကို အကြွင်းမဲ့ချစ်ခြင်းသည် အသက်တာတစ်ခုလုံးအတွက် အချုပ်အချာပင်ဖြစ်သည်။

ချစ်ခြင်းမေတ္တာအတွက် စိတ်နှလုံးကို အခြေခံထားသောကြောင့် စိတ်နှလုံးပြုပြင်ခြင်းသည် အဓိကဖြစ်သည်။ နှလုံးကိုတစ်ခါတစ်ရံ''စိတ်''ဟု သုံးနှုန်းထား

သည်။ ၂ ရာဇဝံသ(ရာဇဝင်ချုပ်)၉း ၂၃ တွင် "နှလုံးတွင် ဘုရားသခင်ပေးတော်မူသော ဉာဏ်ပညာကို နာယူရန် မြေတစ်ပြင်လုံးရှိ ဘုရင်မင်းအပေါင်းတို့ အဖူးအမြင်လာကြရာ" ဟူ၍လည်းကောင်း၊ နယပုံပြင်(သုတ္တံ)၁၁း ၁၂ တွက်မူကား ခံစားချက်အဖြစ် ဖော်ပြထားသည်။ "ပညာမဲ့သောသူသည် အပေါင်းအဖော်ကို မထီမဲ့မြင်ပြုတတ်၏။ ဉာဏ်ရှိသောသူမူကား ဆိတ်ဆိတ် နေတတ်၏" ဟုဖော်ပြထားသည်။ အချို့ကျမ်းများတွင် နှလုံးသည် ဆန္ဒတည်ရှိရာအဖြစ် ဖော်ပြထားသည်။ စာရင်းတော်ဝင်(တောလည်)ကျမ်း ၁၆း ၂၈ တွင် "မောရှေက ဤအမူအရာများကို ငါ့အလိုအလျောက်မဟုတ်၊ ထာဝရဘုရားသည် စေခိုင်းတော်မူ၍ ငါပြုရကြောင်းသင်တို့ သိရကြမည်နည်းမှာ"ဟူ၍လည်းကောင်း၊ တရားမင်း ၉း ၃တွင် "ရှေခင်မြို့သားအပေါင်းတို့အား ဦးရီးတို့ဆင့်ဆိုကြရာ၊ သူတို့က အဘိမလက်သည် ငါတို့ညီသားအစ်ကိုဖြစ်ပေသည်ဟု ဝန်ခံလျက် စိတ်ငဲ့ကွက်သဖြင့်" ဟူ၍လည်းကောင်း၊ ၂ ရာဇဝံသ (ရာဇဝင်ချုပ်) ၁၂း၁၄ တွင်"ထာဝရဘုရားကို ရှာဖွေရန် စိတ်မစွဲလမ်းကြသောကြောင့် ဆိုးသွမ်းမှုကို ပြုမိလေ၏" ဟူ၍လည်းကောင်းဖော်ပြထားပါသည်။"လူတို့၏စိတ်နှလုံးသည် အရာခပ်သိမ်းထက် လိမ်လည်လျက် ကု၍မရသောအနာစွဲ၏။" ဟုရေးသားထားပါသည်။ အထက်ဖော်ပြသောအချက်များတွင် စိတ်နှလုံးသည် အဘယ်မျှအရေးကြီးကြောင်း သမ္မာကျမ်းစာဖော်ပြချက်အနက်တစ်ချို့ကိုဖော်ပြခြင်းဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာသည် နှလုံးကို အခြေခံကာပေါ်ထွက်လာသဖြင့်၊ နှလုံးသားဖြင့် အကြွင်းမဲ့ ဘုရားကိုချစ်ခြင်းသည် ဘုရားရှင်၏တရားတော်ကို လိုက်နာစောင့်ရှောက်ရန် အဓိက အချက်ဖြစ်သည်။

**ချစ်ခြင်းမေတ္တာထားရှိခြင်း နှင့် ဘုရားသခင်၏ နိုင်ငံတော် တည်ထောင်ခြင်းမှာ များစွာ ဆက်စပ်မှုရှိနေပါသည်။**

### ပြောင်းလဲရမည့်စိတ်နေသဘောထား။

ချစ်ခြင်းမေတ္တာထားရှိခြင်းနှင့် ဘုရားသခင်၏ နိုင်ငံတော်တည်ထောင်ခြင်းမှာ များစွာဆက်စပ်မှုရှိ နေပါသည်။ ဘုရားသခင့်နိုင်ငံတော်သည် ပေးစားခြင်းတည်ဟူသော အိမ်ထောင်ပြုခြင်းမရှိဘဲ (မဿဲ ၂၂း ၃၀)။ သေခြင်း၊ ငိုကြွေးမြည်တမ်းခြင်းမရှိ(ဗျာဒိတ် ၂၁း၄)။ ညတည်းဟူသော အမှောင်ကင်းကာ သီးခြားအလင်းမလို(ဗျာဒိတ် ၂၂း ၅)။ အမြဲပင် သိုးငယ်တော်ကိုချီးမွမ်းခြင်းဟူသော ဝမ်းနည်းခြင်း၊ ပူပင်သောကကင်းသောနေရာဖြစ်သည်။ ကောင်းကင်သစ်နှင့် မြေကြီးသစ်ဆိုင်ရာရူပါရုံကို ပရောက်ဖက်ယေရမိက ၆၆း၂၂ တွင် ဖော်ပြထားပါသည်။ ဓမ္မဟောင်းခေတ်သည် ကလဲ့စားချေသည့် အမှုကိုကျင့်သုံးခဲ့ကြသည်။ မေတ္တာထားခြင်းသည် အကန့်အသတ်ရှိသကဲ့သို့ တွေ့ရသည်။ ဓမ္မဟောင်းနားလည်မှုနှင့်ယှဉ်လျှင် ခုနှစ်ကြိမ်အပြစ်လွှတ်ခြင်းသည် အလွန်ပင်များနေပြီဟု ရှင်ပေတရုထင်ခဲ့သော်လည်း သခင်ယေရှုအနေဖြင့်မူကား ခုနှစ်ကြိမ်မဟုတ်ဘဲ အကြိမ်ခုနှစ်ဆယ်ခုနှစ်လီခွင့်လွှတ်ရန် မိန့်တော်မူခဲ့ပါသည်။ ဖါရိရှဲနှင့် ကျမ်းတတ်ပုဂ္ဂိုလ်များသည် ကျမ်းစာကို အလွန်ကျွမ်းကျင်စွာသိထားကြသော်လည်း၊ မိမိတို့ကိုယ်ကျိုး အတွက်သာလိုရာကိုဆွဲလျက် အသုံးပြုတတ်ကြသည်တွေ့ရှိနားလည်နိုင်ပါသည်။ အပြစ်သားများကို မေတ္တာနှင့် မဟုတ်

ဘဲတရားဓမ္မအတိုင်းစီရင်လိုကြခြင်း၊ ဥပမာ–ပြစ်မှုကျူးလွန်သော အမျိုးသမီးများအပေါ် စီရင်ခြင်း(ယောဟန် ၈း ၁–၁၁)၊ အခွန်ကောက်နှင့် ဖါရိရှဲတို့၏ ဆုတောင်းခြင်း (လုကာ ၁၈း ၉–၁၄)။

ယခင်ယေရှုကြွလာမည့်လမ်းကိုပြင်ဆင်ရန် ဗတ္တိဇံဆရာယောဟန်ကြွေးကြော်ခဲ့သည်မှာ ''ထာဝရဘုရားကြွလာတော်မူရာလမ်း ကိုပြုပြင်ကြလော့။ လမ်းတော်များကို ညီညွတ်စေကြလော့။ ချိုင့်ရှိသမျှ သည်ဖို့ခြင်း၊ တောင်ကုန်းရှိသမျှသည်ဖြိုခြင်း၊ ကောက်ရာသည် ဖြောင့်ခြင်း၊ ကြမ်းရာသည်ချောခြင်းများကို ခံရသဖြင့် ဘုရားသခင်၏ကယ်တင်မှုကို လူအပေါင်းတို့ဖူးမြင်ရကြလတ္တံ့ဟူ၍ ပရောဖက်ဟေရှာယကျမ်းတွင် ပါရှိသည်နှင့်အညီဖြစ်သတည်း''(လုကာ ၃း၄–၆/ဟေရှာယ ၄၀း၃–၅)ဟူ၍ ဖြစ်ပါသည်။ ဖြောင့်ရန်လိုအပ်သောအရာများမှာ စိတ်နေသဘောထားဖြစ်ကြောင်းနားလည်နိုင်ပါသည်။ ''စိတ်ပူဆွေး၍ ယိုကျမတတ်ရှိသော အကျွန်ုပ်ကိုနှုတ်ကပတ်တော် အတိုင်း တည်မြဲစေတော်မူပါ'' (ဆာလံ ၁၁၉း ၁၂၈)၊ ''စုံလင်သောသူ၏ ဖြောင့်မတ်ခြင်းသည် သွားရန်လမ်းကိုညီညွတ်စေ၏'' (နယပုံပြင်(သုတ္တံ) ၁၁း ၅)၊ ''ဘုရားသခင်သည်လူကို ဖြောင့်မတ်စွာ ဖန်ဆင်းတော်မူပါလျက် လူသည် ရှာရှာဖွေဖွေ ကြံစည်သည့်အကြောင်းကို သာငါတွေ့သည် ဟုဆို၏'' (အာစရိယော (ဒေသနာ) ၇း၂၉)၊ ''ဖြောင့်မတ်သောသူသည် သစ္စာစောင့်ခြင်းအားဖြင့် အသက်ရှင်ရသော်လည်း ထိုလူမျိုးကာစိတ်သဘောမဖြောင့်မမှန်ဘဲ မောက်မာလျှက် သစ္စာပျက်စေသော စပျစ်ရည် အလိုက်နေရာရင်း၌ မနေဘဲထောင်လွှားတတ်သောသူ၊ သေမင်းကဲ့သို့ မရဏာ့နိုင်ငံနှင့် အမျှဝမ်းကျယ်လျက် ချင်ရဲမပြေသောသူ၊ လူမျိုးတကာတို့ကို စုရုံးသိမ်းသွားသော သူများဖြစ်ကြသည်တကား'' (ဟာဗက္ကုတ် ၂း၄–၅)ဟုဖော်ပြထားပါသည်။

သခင်ယေရှုတောင်ပေါ်ဒေသနာဟောသောအခါ အဓိကအားဖြင့်စိတ်နှလုံးဆိုင်ရာများကို ဟောကြားတော်မူခဲ့သည်။ အသီးအားဖြင့် အပင်ကောင်းမကောင်းကို သိနိုင်မည်ဟု မိန့်တော်မူခဲ့ပါသည် (မဿဲ ၇း ၁၆–၂၀၊ လုကာ ၆း ၄၃–၄၄)။ ရှင်လုကာ ၆း၄၅ တွင်လည်း ''စိတ်နှလုံးပြည့်လျှံသည့်အတိုင်း နှုတ်မြွက်တတ်သည်ဖြစ်၍ ကောင်းသောသူသည် ကောင်းသောစိတ်ဘဏ္ဍာထဲမှ ကောင်းသောအရာများကို ထုတ်တတ်၏။ မကောင်းသောသူလည်း မကောင်းသောကိုယ့်ဘဏ္ဍာထဲက သေးသိမ်သည့်စိတ်နေသဘောထားများကို ပြောင်းလဲ၍၊ ဘုရားသခင့်အလိုတော်ကိုသိနားလည်ကာ၊ အသက်တာတွင်လည်း ကောင်းမွန်စွာကျင့်ကြံအားထုတ်နိုင်လိမ့်မည်ဖြစ်သည်။

ကြမ်းတမ်းသည့်အရာများမှာ လှည့်ဖြားလိုသော စိတ်နေသဘောထားများဖြစ်သည်။ ကမ္ဘာ ၂၇း၃၆ တွင် ဧသောအား ယာကုပ်ကနှစ်ကြိမ်တိုင် လှည့်ပတ်ခြင်းအကြောင်းကို ဖော်ပြထားသည်။ ယေရမိ ၉း ၄ တွင်လည်း ''ဆွေမျိုးသားချင်းဟူသမျှသည် လှည့်ပတ်စီးပိုးခြင်း၊ အပေါင်းအဖော်ဟူသမျှလည်း လှည့်လည်ကုန်းချောခြင်းကို ပြုကြသဖြင့် အပေါင်းအဖော် ကိုသတိနှင့် ရှောင်လျက်ဆွေမျိုးသားချင်းကို စိတ်မချကြနှင့်။'' ဟုစိတ်ထားမကောင်းသူများ အခြေအနေကို ဖေါ်ပြထားပါသည်။ ပရောဖက်ယေရမိအမှုတော်ထမ်းဆောင်သည်မှာ နှစ်ပေါင်း ၄၀–ကြာခဲ့သည်။ ယေရမိဟောကြားသော သတင်းတော်ကို လူမျိုးတော်မှ ကရုစိုက်ခြင်း၊ နားထောင်လိုက်နာခြင်းမရှိခဲ့ချေ။ လူမျိုးတော်သည် သူ့ကိုအစဉ်ဆန့်ကျင်၊ ညှင်းဆဲခဲ့ကြသည်။ ထိုစဉ်ကက္ကသရေလလူမျိုးများသည် ထာဝရဘုရားကို အားကိုးခြင်းထက် အင်အားကြီးသောအာရှုရိ၊ ဘာဘုလုံနိုင်ငံကဲ့သို့သော သူတို့ကို အားကိုးကြ သောကြောင့် ဘုရားရှင် အပေါ်ယုံကြည်အားကိုးမှု အားနည်းခဲ့ကြသည်။ ထိုကြောင့်ပရောဖက်ယေရမိက ၁း၁၀ တွင် ''ဆွဲနုတ်ဖြိုလဲ ပယ်ဖျက်မှောက်လှန် ရန်လည်းကောင်း၊ တည်ထောင်စိုက်ပျိုးရန်လည်းကောင်း၊ လူမျိုးခြားတိုင်းနိုင်ငံများအပေါ်တွင် ကြီးကြပ်သူအဖြစ်ဖြင့်ယနေ့သင့်ကို ငါခန့်ထားလေပြီဟု မိန့်တော်မူ၏'' ဟုဆိုခဲ့ပါသည်။

ဓမ္မထပ်ဆင့် (တရားဟောရာ)ကျမ်း ၁၂း၃

နှင့် ယောဘ ၁၉း၁၀မှ အဖြစ်အပျက်နှင့် နှိုင်းယှဉ်ထားသည်။ ဓမ္မထပ်ဆင့် (တရားဟောရာ)ကျမ်း ၁၂း၃ ''ကျောက်တိုင်များကိုချိုးဖဲ့ခြင်း၊ တံခွန်တိုင်များကိုမီးတိုက်ခြင်း၊ ရုပ်တုဘုရားများကို ခုတ်လဲခြင်းပြု၍ အမည်ကိုပင် ထိုနေရာမှ ပယ်ဖျက်ကြရမည်။'' ယောဘ ၁၉း၁၀ ''ငါ့ကိုဝိုင်းရံဖြိုလှဲတော်မူသဖြင့် ငါထွက်ခွါခဲ့ရပြီ။ သစ်ပင်ကို နုတ်သကဲ့သို့ စောင့်မျှော်လင့်ရာ အကြောင်းကိုလည်းနုတ်ယူတော်မူပြီ''ဟုဖော်ပြထားပါသည်။ ဘုရားသခင်၏ နိုင်ငံတော်တည်ထောင်သောအခါ၊ ၎င်းကို အားနည်းစေသောအရာများကို အစအနမကျန် အောင်ရှင်းလင်းပယ်ဖျက်ပစ်ရန် မိန့်တော်မူခြင်းဖြစ်ပါသည်။ထိုအချိန်က လူမျိုးတော်တို့၏ မကောင်းသောဘက်တွင် စိတ်ခိုင်မာမှုများကိုပြုပြင်ပြောင်းလဲစေရန် အလွန်ပင် ပြင်းထန်သော စကားလုံးများကိုအသုံးပြုကာ သတိပေးထားခြင်းဖြစ်ပါသည်။ ကောင်းသော ရှမာရိပုံပြင်ကဲ့သို့ လူမျိုး၊ ဘာသာ၊ လူကောင်း၊ လူဆိုးသိစရာမလို၊ စုံစမ်းစရာမလိုဘဲလူမမာအတွက် အရေးအကြီးဆုံးဖြစ်သည့် ကုသမှုကိုသာ အဓိက ထားကူညီပေးလိုစိတ်ထားရှိနိုင်ရန် သခင်ယေရှုသွန်သင်ခဲ့ပါသည် (လုကာ ၁၀း၂၅–၃၇)။ ထိုသို့သော မေတ္တာစိတ်ထား သည့်နိုင်ငံတော်တည်ထောင်ရာတွင် လိုအပ်သောအခြေခံအုတ်မြစ်ဖြစ်ပါသည်။

## နိုင်ငံတော်တွင် လူမှုအသိုင်းအဝိုင်း၏ သဘောထား။

သခင်ယေရှုအနေဖြင့် ဘုရားသခင်နိုင်ငံတော်တည်ထောင်နိုင်ရန်အတွက်ပြောင်းလဲခြင်းရှိပြီး၊ ကလေးငယ်ကဲ့သို့ စိတ်ထားရှိရန်ထောက်ပြထားသည်။ ''မည်သူမဆို၍သူငယ်ကဲ့သို့ ကိုယ်ကိုနှိမ့်ချလျှင် ကောင်းကင်နိုင်ငံတော်တွင်အကြီးအမြတ်ဆုံးဖြစ်၏'' (မဿဲ ၁၈း၃)။ ''မည်သူမဆို ဘုရားသခင့်နိုင်ငံတော်ကို သူငယ်ကဲ့သို့ မခံယူလျှင်ဝင်ရမည်မဟုတ်'' (မာကု ၁၀း၁၅)။ သူငယ်ကဲ့သို့ ခံယူရမည့် သဘောမှာ မရင့်ကျက်သည့်သဘောထားမျိုးမဟုတ်ဘဲ၊ရိုးသားဖြူ စင်သောစိတ်ထားဖြင့်ခံယူနားလည်ခြင်းကိုသာ ဆိုလိုခြင်းဖြစ်သည်။ ယုဒလူမျိုးတွင် အကြီးအကဲဖြစ်သူနိကောဒင်ကို သခင်ယေရှုက ''ငါဧကန်အမှန်ဆိုသည်ကား ရေနှင့်ဝိညာဉ်တော်အားဖြင့် မဘွားလျှင်၊ ဘုရားသခင့်နိုင်ငံတော်သို့ မည်သူမျှဝင်နိုင်မည်မဟုတ်'' (ယောဟန် ၃း ၅)ဟုမိန့်တော်မူခဲ့ပါသည်။ ရှင်ပေါလုကလည်း ၂ ကော ၅း၁၇ တွင် ''သို့ဖြစ်၍လည်း မည်သူမဆိုခရစ်တော်၌တည်ရှိလျှင် လူသစ်ဖြစ်လျက် ဟောင်းသောအရာများပျောက်လွင့်၍ အသစ်ဖြစ်လေပြီ'' ဟုဆိုပါသည်။ လူ့ဘဝတစ်ခုလုံးပြောင်းလဲခြင်းကို ဆိုလိုပါသည်။ အသက်ရှင်ခြင်းသည်ပင် မိမိမဟုတ်တော့ဘဲ ခရစ်တော်သည်သာအသက်ရှင်ခြင်းဖြစ်သဖြင့် သေလျှင်အမြတ်အစွန်းပင်ဖြစ်သည်ဟုဖော်ပြသည်။ (ဖိလိပ္ပိ ၁း၂၁) သခင်ယေရှုက ရှင်မဿဲ ၉း ၁၃ တွင် ''ပူဇော်သက္ကာများထက် ကြည်ညိုသောသဘောကို ငါနှစ်သက်သည်'' ဟူသည့် ဟောရှေ ၆း၆ နှင့် မိက္ခာ ၆း၈ မှ ''အချင်းလူပြုထိုက်သော ကောင်းမှုကို ထာဝရဘုရားသော်ပြတော်မူခဲ့ပြီ။ တရားစောင့်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကိုယ့်ဘုရား သခင်နှင့်အတူ စိတ်နှိမ့်ချစွာ သွားလာခြင်းများမှတပါး မည်သို့အလိုရှိတော်မူသေးသနည်း'' ဟူသော ကျမ်းချက်များကို ကိုးကားကာ ဖော်ပြခြင်းဖြစ်သည်။

ဘုရားသခင်နိုင်ငံတော်သည် အပြင်လောကနိုင်ငံကဲ့သို့ တည်ထောင်နိုင်သောအရာမဟုတ်ပါ။ လောကနိုင်ငံသည်ပင် အများစုနားလည်သဘောပေါက်ကာ ပူးပေါင်းပါဝင်မှုသာ သာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ဘုရားသခင်နိုင်ငံတော်မှာ ထိုထက်မကနက်ရှိုင်းမှုရှိသောကြောင့်၊ တည်ဆောက်နိုင်ရန်ပို၍ ပင်ခက်ခဲပေလိမ့်မည်။ **''စိတ်နှလုံးစင်ကြယ်သောသူတို့၌မင်္ဂလာရှိ၏။ ထိုသူတို့သည် ဘုရားသခင်ကိုဖူးမြင်ရကြလတံ့။''** (မဿဲ ၅း ၈)

ပါဒရီအက်စ်ထန်အုပ်



# မေမေ့သား ရင်တွင်းစကား

**ဝါးဝါးဒို**

''ဖေဖေ ဖေဖေလို့ခေါ်ခွင့်မရှိတဲ့ဘ၀ အဖေ့ရဲ့နွေးထွေးမှုဆိုတာ မခံစားရတဲ့ဘ၀''

တစ်နေ့ တက္ကသိုလ်ကျောင်းသားဘ၀မှာ ''ဟော့ကောင် တောသား မုဆိုးမ ဆင်းရဲသားလေးငါတို့အုပ်စုနဲ့ လာမရောနဲ့ကွ။'' ဘာအကြောင်းကြောင့်မှန်းမသိ ခေါင်းကိုဆတ်ကနဲမော့ပြီး ကြည့်တော့ ငယ်သူငယ်ချင်း အချစ်ဆုံးသူငယ်ချင်း ဖြစ်၏။ ထိုအချိန်မှစပြီး လူတွေဟာ အဆင့်အတန်းတကယ် ခွဲခြားနေပါလား။ ဘာဖြစ်လို့ လောကကြီးဟာ မတရားတာလဲဟုတွေဝေရင်း သူငယ်ချင်းမဲ့တဲ့ ဘ၀မှာတကယ် အထီးကျန်ခဲ့ပါတယ်။ မိုးလေးတဖွဲဖွဲနှင့် တောင်ငူကန်တော်ကြီးမှာ လမ်းလျှောက်ရင်း စိတ်ကိုတရားဖြင့် ဖြေသိမ့်ခဲ့ပါသော်လည်း မရသည်မှာခက်ပါပြီ။ နှစ်သိမ့်အားပေးအဖော်ပြုသူလိုနေပြီလားဟု ကန်ပြင်ကြီးကို မေးမိခဲ့ပါတယ်။ တစ်ဦးတည်းလွမ်းဆွေးရင်း ခေါင်းထဲမှလှစ်ကနဲပေါ်ထွက်လာသည်မှာ ထိုနေ့ကဇန်နဝါရီ ၂၄ အမေများနေ့ပေါ့။ ။

ဩော် ။ ။ ။ ခုဆို မေမေဘာလုပ်နေလဲ၊ တောင်ပေါ်အလုပ်များဖြစ်တဲ့စပါးဆူးထိုး၊ ငှက်ပျောသီးခုတ်ရောင်းခြင်းဖြင့် တစ်ယောက်တည်းလုပ်နေမှာပဲ။ မေမေ့ကိုသတိရလိုက်တာ မေမေရယ်ဟုအော်ဟစ်မိလိုက်လေ၏။ အရင်ကဆိုရင်ကျောင်းတက်တာကလွဲပြီး အမေဘာလုပ်လုပ် ဘယ်သွားသွားအနောက်ကနေသံကွင်းဆက်လို ကားယားကားယားဖြင့်နှောင့်ယှက်တဲ့သူ ခုဆိုတစ်ယောက်ထဲ အထီးကျန်နေပြီမေမေရယ် ။ 'မေမေ့ဆီသားပြန်လာပါရစေနော'ဟူ၍ အလွမ်းသယ်မိလေတော့သည်။ အိပ်ရာဝင်တော့လည်း အမေ၏ချော့သိမ့်သံကို ပြန်ကြားယောင်ရင်း ငယ်စဉ်ကအတိတ်ဘ၀ကိုသတိရမိလိုက်သည်မှာ ။ ။ ။ ။ ။

လူမှန်းသူမှန်းမသိသေးတဲ့ ကလေးဘ၀မှာ အဖေကွယ်လွန်ခဲ့ပါတယ်။ သိတတ်စဉ်းစားတတ်လာသော အချိန်မှာတော့ ''အမေကသားအဖေ နိုင်ငံခြားသွားတယ်တဲ့'' ကလေးဆိုတော့ ယုံမိတာပေါ့ဗျာ။ ဒါပေမဲ့ ငါးတန်းကျောင်းသားအရွယ်မှာ အဖေမရှိတဲ့အကြောင်း၊ နိုင်ငံခြားသွားတယ်လို့ ပြောရတဲ့အကြောင်းကို အမေ့ခမျာ အသံသိမ်ငယ်စွာ နဲ့ပဲ ရှင်းပြပါတယ်။ နားလည်ပါတယ်မေမေရယ်ဆိုပေမယ့် အမေ့ခံစားချက်ကို မတွေးခဲ့မိလို့ ခုပြန်စဉ်းစားမိတိုင်းဝမ်းနည်းမိပါတယ်။

အမေ –'' အမေ့သား အမေ့သား

သား – ဖေဖေ့သား ဟုတ်ဘူးလား မေမေ

အမေ – ဟုတ်ဘူး မေမေ့သားပါကွယ် ''

ဟူသောစကားလေသံအရ အမေဆိုတာလည်းအမေ အဖေဆိုတာလည်းအမေ။ မေမေ့ရင်ကို ရင်အုပ် မခွာတွယ်ကပ်မိပါတယ် မေမေရယ်။ မေမေဟာအသက်ငယ်သေးတယ်ဆိုပေမယ့် နေပူမရှောင်၊ မိုးရွာမမှုဘဲသားသမီး သုံးယောက်အတွက်ဝမ်းစာမကပ် ပညာရေး၊ ကျန်းမာရေးအတွက်ပါ ရုန်းကန်ခဲ့ရပါတယ်။ သားသမီးတွေကို သူများအလယ်မှာမျက်နှာမငယ်ရလေအောင် မေမေဟာဂုဏ်ရှိစွာဖြင့် အသက်တာကိုစွန့်စားပြီး သား သမီးတို့ကို ပေးဆပ်ခဲ့ပါတယ်။

တစ်နေ့ကျောင်းမှအပြန် မေမေ့ကိုလှမ်းတွေ့မိတယ်။ ကရင်ပလိုင်းကြီးတစ်လုံး၊ ငှက်ပျောသီးအပြည့်နဲ့ မော ရမှန်းမသိ သားသမီးအတွက်ဆိုပြီး တက်ကြွစွာနဲ့ပြန်လာတယ်။ ကျွန်တော့်ကိုတွေ့လိုက်တော့ပုန်းရှောင်ခဲ့တယ်။ အများအလယ်မှာ ''ငါ့သားစိတ်အားငယ်မိမှာစိုးလို့ '' ဟူသောအတွေးလေးနဲ့ပေါ့။ ''မေမေရယ် ဒီလိုအတွေးမျိုးမထားပါနဲ့နော် မေမေ''။

အိမ်ပြန်ရောက်တော့ အမေက ''သားဗိုက်ဆာနေပြီလား''တဲ့ ။ ဗိုက်ဆာတော့ဆာတယ်လို့ပြောလိုက်တာပေါ့။ တစ်နေကုန်ပင်ပန်းပေမယ့်လည်း ''နားဦးမှ''ဆိုတဲ့အတွေး အမေ့ဆီမှာတစ်စက်ကလေးမှမရှိခဲ့ဘူး။ ထမင်းဆာနေတဲ့ သားမျက်နှာကိုကြည့်ပြီး ချက်ပြုတ်ပါလေရောလား။ ''အမေရယ်နားပါဦးလား''ဆိုတဲ့ အသိစိတ်သားဆီမှာမရှိတာ တကယ်ဆိုးပါတယ်။ အိပ်ရာဝင်တော့လည်း ဘုရားသီချင်းနဲ့ချော့သိမ့်ပြီး အမေ့ရင်ခွင်ထဲမှာတစ်ညတာ လုံလုံခြုံခြုံနဲ့ ခိုနားအိပ်စက်ပြန်ခဲ့ပါပြီ။

မနက်ကျောင်းရောက်တော့လည်း သူငယ်ချင်းများရဲ့မတူမတန်တဲ့စကားလုံးများကိုထပ်ကြားရပြန်ပြီပေါ့။ ရန်ပြု ဖို့စဉ်းစားခဲ့ပေမယ့်လည်း စိတ်ထဲက ''ဩော် ့ ့ ့ ့သူတို့ပြောတာလည်းမှန်တာပဲ။ အိမ်မှာ ထမင်းနဲ့ငါးပိကလွဲလို့ ငါ့ ဘဝမှာဘာများပြည့်စုံလို့လဲ''။ ဒါပေမယ့် ကိုယ့်ဘာသာကိုယ်အားပေးတာကတော့ ''ကရင်ဟင်းကောင်း၊ငါးပိထောင်း''လို့ပေါ့။ စာအုပ်ဆိုလည်းခဲတံနဲ့ရေးပြီး ဘောပင်နဲ့ထပ်ဆင့်ပြန်ရေးရတာကလည်း စာအုပ်ပေါင်း၊ အခါပေါင်းမနည်းတော့ပါဘူး။

''လူဆိုတာလည်း ခွေ့တာတတ်မှချမ်းသာကြွယ်ဝမှာမဟုတ်လား'' ဆိုပြီးလည်း အားငယ်မှုကို ဖြေသိမ့်ခဲ့ရပေါ့ ။

သူများတွေလို ကျောင်းတက်နိုင်အောင်လို့လည်း အမေ့ကို နေ့ညမပြတ်ပူဆာမိခဲ့တယ်။ အမေ့ဆီက ကြားရတဲ့ စကားလုံးက ''အေးပါ အမေ့သားရယ်။ အငယ်ဆုံးပဲ အမေလုပ်ပေးပါ့မယ်''တဲ့။ အမေ့ရဲ့စကားလေး တစ်ခွန်းက နတ်ပြည်ရောက်သွားသလို အတိုင်းမသိပျော်မိခဲ့တယ်။ တကယ်တော့ အဲ့ဒီနှစ်က စားဝတ်နေရေး တကယ်ကို မပြေလည် လှတဲ့နှစ်ဖြစ်ခဲ့တယ်။ အစ်မကလည်း ၁၀တန်းဆိုတော့ ကုန်ကျစရိတ်ကမသက်သာဘူးလေ။ တစ်နေ့အမေပေးတဲ့ကတိ အတိုင်း လိုချင်လွန်းလှတဲ့ ကျောင်းစိမ်းလှလှလေး၊ ထီး၊ စာအုပ်၊ ခဲတံတွေကိုဝယ် ပေးခဲ့တယ်လေ။ နှုတ်မှထွက်လာသောစကားမှာ ''လှလိုက်တာမေမေရယ် သားအရမ်းကြိုက်တယ် ကျောင်းက သူငယ်ချင်းတွေကို သွားကြွားဦးမယ်''ဆိုပြီး ပျော်နေတဲ့သားကို အမေကစိတ်ချမ်းသာစွာနဲ့ကြည်နူးပီတိဖြစ်စွာနဲ့ ပြုံးနေခဲ့တယ်။ ဒါပေမယ့် အမေ့မျက်နှာက ရုတ်တရက်ဝမ်းနည်းသလိုဖြစ်သွားတယ်။ ဘာလို့လဲဆိုတော့ အစ်ကိုကြီးလည်း ဘေးနားမှာရှိနေတယ်လေ။ အမေ့စိတ်ထဲက ''ဩော် သားကြီးအတွက်အမေမဝယ်ပေးနိုင်ခဲ့ဘူး''ဆိုတဲ့ခံစားချက်လေးထွက်ပေါ်လာခဲ့မိမှာကျိန်းသေပါတယ်။ အစ်ကိုကြီးကလည်း ဘာမှမပြောဘဲ

မသိသလိုနေခဲ့ပါတယ်။

တစ်နေ့တော့ ကျောင်းကိုရောက်ပြီးသူငယ်ချင်းတွေကို ကြွားမလို့ပြင်ဆင်တုန်း သူငယ်ချင်းတစ်ယောက်ကျွန်တော့် ကိုပြောခဲ့သောစကားမှာ ''မင်းဒီလိုအဝတ်အစားဝတ်ရဖို့ မင်းအမေအကြွေးတက် နေတာကိုသိလား၊ ငါ့ကောင်ရ'' ဆိုသောစကားကြောင့် အပျော်တွေပျောက်ဆုံးပြီး စိတ်ဓာတ်တွေခြေဖဝါးထိကျဆင်းသွားတဲ့အထိတောင် ခံစားခဲ့ရပါတယ်။ ဒါပေမယ့် ဘေးနားက မိန်းကလေးသူငယ်ချင်းတစ်ယောက်ကလာပြီး ''မဟုတ်ပါဘူး၊ သူ့အမေကလာပြီး ငါ့အမေဆီ အဝတ်အစားလာချုပ်တာပါ''လို့ပြောလိုက်သောစကားလုံးကြောင့် မျက်လုံးထဲမှထွက်စပြုလာခဲ့တဲ့မျက်ရည်များ တိတ်သွားခဲ့ပြီး စိတ်သက်သာရာရသွားခဲ့ပါတယ်။ ခုထိလည်းအဲ့ဒီမိန်းကလေးကိုလေးစားမိပါတယ်။ ခုဆိုသူလည်း ကျောင်းဆရာမဖြစ် နေပြီလေ။

ဒီလိုနဲ့အချိန်တွေကြာညောင်းလာတဲ့အခါ ဘာလိုလိုနဲ့ (၁၀)တန်းကိုအောင်လာခဲ့ပါတယ်၊ ''အမေ့သားလေး လူတော်လူကောင်း။ လူလားမြောက်လာပြီသကိုး''ဟုချီးမြှောက်လိုက်တဲ့စကားက ကျွန်တော့်နှလုံးသားထဲ အသက်ရှူရပ်လောက်အောင်ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပညာဆက်လက်ပြီး သင်ယူရတော့မယ် မဟုတ်လား။ ဒါပေမယ့်လေ ရုတ်တရက်ဝမ်းနည်းလာခဲ့တယ်။ အမေနဲ့ခွဲရတော့မယ်ဆိုတဲ့အသိကြောင့်ပေါ့။ တက္ကသိုလ်ဒုတိယနှစ်တက်ပြီး ဝမ်းသာခြင်း များစွာနဲ့အမေ့ဆီအပြန် အိမ်အိုဟောင်းလေးကိုတွေ့လိုက်ရသည်မှာ အမေအသက်ရွယ်ကြီးလာပြီဆိုသော အတွေးလေး ဝင်လာခဲ့သည်။ အလိုလိုပင်မျက်ရည်များဝဲလာရသည်မှာ အမေ့ကျေးဇူး၊ အမေ့ချွေးများနဲ့ပင်ပန်းမှုတွေကြောင့် သားပညာ သင်ကြားခွင့်ရခဲ့တာပဲ။ ငယ်စဉ်ကလေးဘဝကိုပြန်လည်စဉ်းစားရင်း ကျယ်လောင်သောအသံဖြင့် ''အမေ''ဆိုပြီး အော်ပစ် လိုက်မိခဲ့သည်။ အမေကလည်း ''သား''ဆိုတဲ့အသံနဲ့ အရင်ကလိုလှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ပေမယ့် အသက်အရွယ်မှာတော့ အရင်လိုမဟုတ်တော့ဘဲ အိုမင်းရင့်ရော်ခဲ့လေပြီ။

ကျွန်တော့်မျက်လုံးထဲမှာ မျက်ရည်များဝဲလာပြီလေ။ အသက်အရွယ်ကကြီးလာပြီဖြစ်လို့ အမေအရင်လို တက် တက်ကြွကြွမဟုတ်တော့ဘူးလေ။ ထမင်းစားချိန်ရောက်တော့ သားကြိုက်တဲ့ငါးပိထောင်းဆိုတာကလည်း အခုဆိုရင် ငရုပ်သီးကအစပ်ပေါ့နေပြီးတော့၊ အငံဓာတ်လည်းပေါ့နေခဲ့ရောပေါ့။ စိတ်ထဲမှထွက်ပေါ်လာသည်မှာ ''ဩော် အမေကျန်းမာ ရေးအားနည်းနေပြီလား''။ ကျွန်တော့်မျက်နှာမကောင်းတာကို အမေရိပ်မိတယ်လေ။ အဲ့ဒါကြောင့် သူကဘယ်လိုတုန့်ပြန် သလဲဆိုတော့ ''သားရယ် မေမေနေကောင်းပါတယ်'' ဆိုတဲ့စကားလေးပဲ ဖြစ်ပါတယ်။ အဲစကားကိုကြားလိုက်ရချိန်မှာ မိဘကသားသမီးအပေါ်ထားတဲ့ ချစ်ခြင်းကရုဏာတရား ပဲမဟုတ်လား။ သားသမီးတွေစိတ်မချမ်းသာမှုကို ဘယ်အမေမှ မကြည့်ရက်တာအမှန်ပါပဲ။ ဘယ်လောက်ပင်ပန်းနေပါစေ၊ ဘယ်လောက်နေထိုင်မကောင်းဖြစ်ပါစေ သားသမီးတွေစိတ် သောကမရောက်အောင် ဟန်ဆောင်နေရတာကလည်း အမေ့ရဲ့မဏ္ဍိုမေတ္တာအချစ်စစ်ပေါ့။

ငယ်စဉ်ကလေးကျောင်းသားဘဝက တစ်ခုခုလိုရင်လည်းမေမေ၊ ကျန်းမာရေးချူချာရင်လည်းမေမေ၊ အားလုံးလိုလို အမေကိုပဲတောင့်တကြတာမဟုတ်လား။ ခုထိတောင်ဖြစ်နေသေးရင်ဖြစ်နေမှာပဲ။ အခက်ခဲကြုံတိုင်းကျွန်တော့်ဘဝမှာ အမေဆိုတာ မရှိမဖြစ်တဲ့ကျေးဇူးရှင်ပါ။ မေမေ့ကျေးဇူးကိုပြန်လည်အောက်မေ့ပြီး ကျွန်တော့်အသက်တာကို ဆန်းစစ်ရေ တွက်လျက် ဤနေရာမှအမေများအားလုံးကိုဂါရဝပြုအပ်ပါတယ်။

ဤစာလေးအား ဖတ်ရှုကြကုန်သောသားသမီးများ၊ အမေများအားလုံးအပေါ် ဘုရားသခင်ကောင်းချီးပေးပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ။ ။ ။ ။ ။ ။ ။ ။ ။။



# ဒုတိယအကြိမ် အချိန်ပိုင်းဆရာအဖြစ် ပေးဆပ်ခြင်း

ဆဲဗင်းမွန်း

ဆရာကြီးဒိုလက်ထက်တွင် ငါးနှစ်တာ သန့်ရှင်းသောကားတိုင်၌ အမိကျောင်းတော်ကြီးကို ပြန်လည်ပေးဆပ်ခွင့်ရခဲ့သည်။ ထိုမှနှစ်အတန်ကြာနေလာပြီးမှ (၂၀၁၅-၁၆)စာသင်နှစ်တွင် အသင်းတော်သမိုင်းဘာသာရပ်ကို သင်ကြားရန် အခွင့်အရေးရရှိပြန်သည်။ အသင်းတော်သမိုင်းသည် အပိုင်း၃ပိုင်းခွဲထားပြီး ပထမနှစ်အတွက် ဒုတိယစာသင်ပတ်နှစ် ဝက်၊ ဒုတိယနှစ်အတွက် ပထမစာသင်ပတ်နှင့် ဒုတိယစာသင်ပတ်နှစ်ခုစလုံးအတွက် အပိုင်း(၂)နှင့် အပိုင်း(၃)ကိုသင်ကြားရပါသည်။ ကျွန်ုပ်အားတာဝန်ပေးသောအတန်းမှာ ဒုတိယနှစ်ဖြစ်၍ အပိုင်း(၂) အေဒီ ၁၅၀၀-၁၈၀၀။ အပိုင်း(၃) အေဒီ ၁၈၀၀-၂၀၀၀ အထိဖြစ်ပါသည်။ ပထမနှစ်အတွက် ဆရာကြီးဦးထွန်းက အပိုင်း(၁)ကိုသင်ပါသည်။

စာသင်ကြားချိန်မှာ တစ်ပတ်လျှင် တစ်ရက်ဖြစ်ပြီး နေ့တစ်ဝက်သင်ရပါသည်။ ကျမ်းစာကျောင်းမှ ဆရာများဖြစ်စေ၊ ဦးကုလားဖြစ်စေ၊ လာကြိုပေးပါသည်။ အပြန်တော့ မိမိအစီစဉ် ဖြင့်ပြန်လာပါသည်။ ခရီးစရိတ်လည်းရသဖြင့် ပြဿနာမရှိပါ။ ထိုသို့မိမိကျင်လည်ခဲ့ရာမှ ကျောင်းတော်ကြီး၌ တစ်ကျော့ပြန်ပါဝင်လှုပ်ရှားရသဖြင့် အလွန်ဝမ်းမြောက်ရပါသည်။ မိတ်ဟောင်းဆွေဟောင်းများနှင့်လည်း ပြန်တွေ့ရပါသည်။ အစီအစဉ်များ၊ လှုပ်ရှားမှုများ၊ ငယ်ရွယ်သော ကျောင်းသားများ၊ ဆရာမိသားစုဝင်များ အစရှိသဖြင့်ပျော်စရာပင်ဖြစ်သည်။ ကျောင်းသားများတွင် မိမိကျောင်းနေဖက်သူငယ်ချင်းများ၏ သားသမီးများ၊ မိတ်ဆွေဟောင်းတို့၏ သားသမီးများကိုတွေ့ပြန်လျှင် ပျော်ရပြန်သည်။ အချို့ ကျောင်းသားများမှာ ကျမ်းစာကျောင်းမတက် မီကပင်

စာသင်ပေးဖူးပါသည်။ ဥပမာ– အင်္ဂလိပ်စာ၊ ရန်ကုန်ကျမ်းစာကျောင်းစသည်တို့ဖြစ် သည်။

ကျွန်ုပ်ကား အချိန်ပိုင်းဆရာဖြစ်သဖြင့် ကျောင်း၏လှုပ်ရှားမှု၌ အချိန်ပိုင်းသာ ဆက်စပ်ပါသည်။ သို့သော်လည်း ကျောင်းမှအခွင့်အရေးပေးသမျှ စားစရာရှိတာစား၊ ပြောချင်သောအရာများကိုပြောနှင့် အတော်သဘောကျခဲ့ပါသည်။ သို့သော် ထိုအခွင့်အရေးမှာ တစ်နှစ်တာသာဖြစ်ပါသည်။ အကြောင်းမူကား ကျမ်းစာကျောင်း၌ လက်ရှိသင်ကြားနေသောဆရာများ အပြင်နိုင်ငံခြားတွင် ပညာဆည်းပူးနေသောသူများရှိသည်။ ယခုစာသင်နှစ်တွင် M . Div အောင်သော ဆရာလေးများ ထပ်မံရရှိသဖြင့် ကျွန်ုပ်၏ အခွင့်အရေးများမှာ ရပ်တန်းမှရပ်သွားခဲ့တော့သည်။ သို့ရာတွင် ပြန်ခါနီး အပြီးခါဆိုသလို ဆရာများနှင့်ဝန်ထမ်းများ၏ ဝတ်စောင့်ခြင်းကို စက်စဲတွင် ပြုလုပ်သောအခါ ဟန်ပါပါနှင့် ပါဝင်ခဲ့ပြီး ကျမ်းစာလေ့လာခြင်းတွင် The parable of Talent သူကြွယ်တစ်ဦးနှင့် တပည့်များပုံဥပမာ ကို ဦးဆောင်ခွင့်ရခဲ့သည်။ ထိုလေ့လာပြီးနောက်

**အကျင့်အရ ဆရာကပဲပြောတာများ၍ ကျမ်းစာကျောင်းရောက်သော်လည်း သင်တန်းသားက ဆွေးနွေးခြင်းသိပ်မရှိပါ။ မဆွေးနွေးချင်တာလား၊ ဘာမှမသိတာလား၊ ဘယ်လိုပြောရမှန်းမသိအချက်အလက်မပိုင်တာလား၊ တစ်ခုခုတော့ရှိပါသည်။**

ဆရာတွေပြောနေသောစကားများမှာ should, must, have to, ought to တို့ဖြစ်နေသည်။ တစ်ခါတစ်ရံ ဆရာဂျွန်သက်လွင်က ကျွန်ုပ်အား ထိုစကားလုံးများနှင့် လာလာပြောတတ်သည်။

ဆရာဂျွန်နှင့်ပါရဒိသုဘုံ၌ တစ်ညတာတစ်ခန်းတည်းအတူတည်းခိုခဲ့သည်။ ဟိုတယ် အမည်မှာ One Paradise ဖြစ်သည်။ အလွန်စကားပြောနိုင်သောဆရာဖြစ်၍ အခန်းထဲမှာ နှစ်ယောက်သားစကား ရည်လုပွဲ အင်္ဂလိပ်လိုပြောကြသည်။ ဆရာဂျွန်သက်လွင်ကား ချောမောခန့်ညားသောရုပ်ရည်ရှိပြီး စကော၊ ပိုး၊ အင်္ဂလိပ်၊ မြန်မာစကား လေးမျိုးတတ်သူဖြစ်သည်။ ပြောရ လျှင် ဘားအံသားဖြစ်သဖြင့် အရှေ့ပိုးလည်း တတ်လိမ့်မည်။ ကျွန်ုပ်တို့အတော်ကြာ အင်္ဂလိပ်လိုမှတ်ခဲ့ကြပြီး သူကမှတ်ချက်ချသည်။ ကျွန်ုပ်တို့တစ်ယောက်စကား တစ်ယောက်နား လည်ကြတာပဲနော်ဟုဖြစ်သည်။ ကျွန်ုပ်ရယ်ချင်အောင်ပြောတာဖြစ်မည်။ သို့သော် ဒါက အတော်ရိုးစင်းသောပျက်လုံးဖြစ်သည်။ မြန်မာပြည်၌ လမ်းပေါ်ကလူပင် အင်္ဂလိပ်စကားနားလည်ကြ သည်။ ကျွန်ုပ်တို့လိုဆရာအဆင့်ဆိုရင် ဘာခက် သလဲဟုစဉ်းစားမိသည်။ သူက မိမိကိုယ်ကို လည်းကောင်း၊ ကျွန်ုပ်ကိုလည်းကောင်း လျှော့တွက်မိပုံဖြစ်နိုင်သည်။

တဖန်စာသင်ကြားခြင်းတွင် ကျောင်းသားများနှင့်ပတ်သက်၍ တွေ့ရှိရချက်လေးများ လည်းပြောစရာများရှိသည်။ အသက်ရွယ်အားဖြင့် သုံးဆယ်ဝန်းကျင်ရှိသလို၊ နှစ်ဆယ်ဝန်းကျင် လူငယ်များလည်းရှိသည်။ ကျမ်းစာကျောင်း၌ အချိန်ပိုင်းဆရာဖြစ်သဖြင့် သူတို့အကြောင်း ကောင်းကောင်းမသိသော်လည်း ကျောင်းသားဖြစ်ဖူးသဖြင့် ကျောင်းသားဆိုသော လူတန်းစားအကြောင်း ကောင်းကောင်းသိပါသည်။ ကျောင်းသားတို့၏ အားနည်းချက်၊ အားသာချက်များကိုလည်းသိပါသည်။ သူတို့လိုချင်ပေမယ့် ဆရာများက မပေးနိုင်သောအရာများရှိသည်။ သူ တို့မလိုချင်ပေမယ့် ဆရာများက တာဝန်အရ ပေးရသော အရာများရှိသည်။ ဥပမာ– ရေကြောင်းခရီးသွားလျှင်၊ လေယာဉ်စီးလျှင် အသက်ကယ်အင်္ကျီအကြောင်း၊ ထိုင်ခုံခါးပတ်အ

ကြောင်းပြောပြရသည်။ အလားတူပင် ကျောင်းစာသင်နှစ်အစ၌ Orientation နှုတ်ဆက်ခြင်းများ၌ ပြောထားခဲ့သည်။ သို့ရာတွင် စာသင်နှစ်တစ်လျှောက်လုံး၌လည်း လိုအပ်လျှင် လိုအပ်သလို ထပ်မံပြောစရာများ ရှိပြန်သည်။ ပြောလို့မရသောသူတို့ကတော့ အိမ်ပြန်ခဏနား၊ သို့မဟုတ် အပြီးပြန်ကြရသည်။

ကျွန်ုပ်စာသင်သောအခါ ''ဒါကိုသိသလား၊ သိရင်ပြောပြပါ'' ''ဒီလိုအချက်မျိုးသင် တို့နယ်မြေမှာ ရှိသလား သိရင်ပြောပြပါ''ပြန်သာပြန်၏။ အကျင့် အရဆရာကပဲပြောတာများ၍ ကျမ်းစာကျောင်းရောက်သော်လည်း သင်တန်းသားက ဆွေးနွေးခြင်းသိပ်မရှိပါ။ မဆွေးနွေးချင်တာလား။ ဘာမှမသိတာလား။ ဘယ်လိုပြောရမှန်းမသိအချက်အလက်မပိုင်တာလား။ တစ်ခုခုတော့ရှိပါသည်။ တစ်ခုသိသွားတာက သူတို့အနေဖြင့် စာပေဗဟုသုတနှင့် အတွေ့အကြုံရှိဖို့၊ မိမိကိုယ်ကိုနှင့်ဆရာကိုယုံကြည်မှုရှိဖို့အများကြီးလိုအပ်ကြောင်း သုံးသပ်မိပါသည်။

**တစ်ခုသိသွားတာက စာပေဗဟုသုတနှင့် အတွေ့အကြုံရှိဖို့၊ မိမိကိုယ်ကို နှင့်ဆရာကိုယုံကြည်မှုရှိဖို့ အများကြီးလိုအပ်ကြောင်း သုံးသပ်မိပါသည်။**

စာမေးပွဲကို အမှတ်(၁၀၀)ပေး၍၊ အမှတ်(၇၀)ရမှအောင်ပါသည်။ ကျွန်ုပ်အမှတ်ပေးပုံမှာ ရေးဖြေအတွက် အမှတ်(၆၀)၊ အတန်းတက်ချိန်၊ စာဖတ်ခြင်း၊ assignment ၊ အတန်းတွင်းပါဝင်မှုတို့အတွက် အမှတ်(၄၀)ပေးပါသည်။ အားလုံးအောင်ကြပါသည်။ ရေးဖြေအပိုင်း၌ အားနည်းချက်များရှိလျှင်တော့ အမှတ်နည်းသွားပါသည်။ ပြဿနာမှာ ပြဋ္ဌာန်းစာအုပ်နှင့် သက်ဆိုင်ရာခေါင်းစဉ်ကိုဖတ်ခြင်း၌ အားနည်းကြသည်။ စာအုပ်ထဲ၌ပါသောအရာကိုသာ အာရုံစိုက်ချင်ကြပြီး မပါလျှင် အရေးမကြီးဟုထင်သည်။ စာအုပ်ထဲ၌မပါ လိုက်သောအလွန်အရေးကြီးသည့်အရာတို့သည် ပို၍အဓိကကျကြောင်းမသိသောသူများလည်း ရှိသည်။

အမှုတော်ဆောင်များသည် လေးနှစ်တာ သင်ကြားခဲ့သောအရာများကိုအသုံးပြုလာခဲ့ရာ နှစ်အတန်ကြာသော် ကျမ်းစာကျောင်းမှာ သင်ခဲ့တာကုန်သွားပြီဟုဆိုသည်။ အမြဲပြောပြရသည်မှာ သူငယ်တန်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ ဘွဲ့လွန်အဆင့်တိုင်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်းစသည်တို့ကို သင်ကြသည်။ သို့သော် Level အလိုက် ကွဲပြားခြားနားသွားပြီးပိုခက်လာသည်။ ပိုကျယ်ပြန့်လာသည်။ ဒံယေလအကြောင်း Sunday School ၌ သင်ကြားခဲ့ဖူးတာနှင့် ကျမ်းစာကျောင်း၌ သင်ကြားရတာမတူပါ။ ယောနအကြောင်း၊ မောရှေအကြောင်းတို့သည်လည်း ကွာခြားသောအနေအထား၊ အယူအဆများဖြင့် ဝေဖန်ဆန်းစစ်ငြင်းခုံအဖြေရှာခြင်းဖြင့် သင်ယူကြရသည်။ သို့မှသာ ခရစ်ယာန်မဟုတ်သူများက ဝေဖန်၊ အပြစ်တင်၊ ငြင်းခုံ၊ ဆန့်ကျင်ဖက်ပြောဆိုရေးသားလာလျှင် ပြန်လည်ရှင်းလင်း ချေပနိုင်မည်ဖြစ်သည်။

ပညာရေးဟုဆိုရာ၌ ဘယ်လောက် အရေးကြီးသလဲဆိုတာသိဖို့လိုသည်။ ပညာရှင်တစ်ဦးက ''လူတို့၌ မလုပ်မီ စဉ်းစားရသောအရာနှစ်ခုရှိသည်။ တစ်ခုမှာ ဘာသာရေးနှင့်ကျန်တစ်ခုမှာ ပညာရေးဖြစ်သည်။''ဟု ပြောဖူးပါသည်။ ထို့ကြောင့် ကျမ်းစာကျောင်း၌ အမှုတော်ဆောင်ရန်လာသူများသည် ထိုဆိုရိုးစကားအရ စဉ်းစားရ

**ပြောင်းလဲခြင်း ဆိုတာရှိမည်ဖြစ် သော်လည်း ကောင်း သောပြောင်းလဲ ခြင်းရှိမှ ကျိုးရှိမည် ဖြစ်ပါသည်။**

သောအလုပ်ကို သေသေချာချာလုပ်ရသူများဖြစ်သည်။ ဘဝအသက်တာ၌ ပညာရေးနှင့်ဘာသာရေးကို အနက် အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကြသည်။ သို့ရာတွင် ကျွန်ုပ် အတွက်အထက်ပါဆိုရိုးစကားက သံမှိုနှက်သလိုစွဲ နေသည်။ ဆရာတစ်ဦးကပြောဖူးသူမှာလည်း Think what you believe! Believe what you think! သင်ဘာကိုယုံကြည်သလဲဆိုတာစဉ်းစားပါ။ သင်စဉ်းစား တာကို ယုံကြည်ပါ။ စဉ်းစားပြီးအဖြေမှန်ရနိုင် သောအ နေအထားဖြစ်မှ ယုံကြည်နိုင်ပါမည်။ ဘဝဆိုတာက လည်း နောက်ပြန်လှည့် လို့မရသော အရာဖြစ်သည်။ ပြောင်းလဲခြင်းဆိုတာရှိမည်ဖြစ်သော်လည်း ကောင်း သောပြောင်းလဲခြင်းရှိမှ ကျိုးရှိမည် ဖြစ်ပါသည်။

ဥပမာအားဖြင့် ကျောင်းသားတို့ကို Assignment ရေးခိုင်းသည်။ ကျွန်ုပ်တို့ခေတ်၌ Library မရှိ၊ မြန်မာဘာ သာပြန်မရှိ၊ အင်တာနက်မရှိ၊ ဆရာကိုလဲ မေးလို့မဖြစ် (ဆရာတွေနဲ့ကိုယ်နဲ့အရမ်းကွာသည်။ အသက်၊အတွေ့အကြုံ) ယခုကား Resource အမျိုးမျိုး ရှိသည်။ ဒါမှတက္ကသိုလ်။ ကိုယ်တို့က ကျမ်းစာကျောင်း အဆင့်သာဖြစ်သည်။ အဲဒီတော့ သူတို့က ရေးပြီးလာ တင်သည်။ တင်တော့ သူတို့နည်းနည်းစာအုပ်ထဲက ကူးချလာတာတွေ့ရသည်။ Reflection, comment, argument, Suggestion ဘာတစ်ခုမှမပါသူတွေ ရှိသည်။ ဝေဖန်၊ သုံးသပ်၊ ငြင်းခုံအကြံပြု မပါရှိပေ။ **Application** မိမိလက်တွေ့ဘာယူမည်ဆိုတာ ဝေလာဝေး။ ဆရာစာအုပ်ထဲမှာ ဒါပဲပါတယ်ဟုဆိုသည်။ ဒီစာအုပ်မှာ ဒါပဲပါပေမယ့် သူတို့အကြောင်းက ဒီ လောက်မှမဟုတ်တာကွယ်။ ပြန်ရေးပေးပါဟု တောင်း တောင်းပန်ပန်ခိုင်းရသည်။ အဲတာတွေကိုပါလိုချင် တယ်။ ဝေဖန်၊ သုံးသပ်၊ အကြံပြု၊ လက်တွေ့ စပ်ဟပ် ခိုင်းရသည်။

ဒီလိုနှင့်ပင် တစ်နှစ်ပြီးသွားခဲ့သည်။ သူတို့ လည်းအတန်းတက်သွားသည်။ ကျွန်ုပ်လည်း (အလုပ် ပြုတ်သွားသည် မဟုတ်သော်လည်း) (ဆရာများလာ သောကြောင့် သားမသေစေရန်မဟုတ်ပါသော်လည်း) ကျောင်းတော်ကြီး၌ ပင်ရင်းအတွင်းဆရာများ ဖူလုံ သောကြောင့် အနားရခဲ့လေသည်။ သို့ရာတွင် ကျောင်း အုပ်ကြီးက မျက်နှာသာပေး၍ ၂၀၁၆–၁၇ ပညာသင်နှစ် ၌ အားသစ်လောင်းဆရာလေးပါး၊ ရှင်ပေတရုကျမ်းစာ ကျောင်းဆင်းပေါင်းကူးနှစ်ယောက်၊ ပေါင်းခြောက် ယောက်ကို အခြေခံအင်္ဂလိပ်စာ နှစ်လတာသင်ပေးခွင့်ရ ပါသည်။ ကျွန်ုပ်ကား ရေငတ်တုန်းတွင်းထဲကျဆိုသလို၊ အချိုရှာ သကာတွေ့ဆိုသလို အမိကျောင်းတော်ကြီး အတွက် ပြန်လည်ပေးဆပ်ခွင့်ရရှိပါသည်။ ပလက်ဝမှ ဘုန်းတော်ကြီးသုံးပါး၊ နာဂတောင်မှ ဘုန်းတော်ကြီး တစ်ပါး၊ တောင်ငူရှင်ပေတရု ကျမ်းစာကျောင်းဆင်း ဆရာနှစ်ဦးနှင့် ရုံးအဖွဲ့ ဆရာမနော်မာသလည်း ပါဝင်ကြသဖြင့် အတော်စည်ကားသောအတန်းဖြစ်ပါ သည်။ တစ်ပတ်လျှင် နှစ်ရက်၊ တစ်ရက်လျှင် နှစ် နာရီဖြင့် လေ့ကျင့်လျက်ရှိကြပါသည်။

ဆဲဗင်းမွန်း

# ဟာသ

## သက်ရှိပါဆရာမ

တစ်နေ့တွင် စာသင်ခန်းအတွင်း ဆရာမသည်အိမ်မွေးတိရိစ္ဆာန်များအကြောင်း သင်နေသည်။

ဆရာမ – သားတို့သမီးတို့ရေ။ သားတို့သမီးတို့ရဲ့အိမ်မှာဘာအကောင်လေးတွေမွေးကြလဲ။

ကလေးများက ခွေး၊ ကြောင်၊ ကြက်၊ ငှက်၊ ယုန် စသည်ဖြင့် ဖြေကြသည်။ ထိုအခါ ကျောင်းသားတစ်ဦးက ခြသေ့်နှင့်ဆင်ဟု ဖြေလိုက်ရာအားလုံးကသူ့ကိုအံ့သြစွာဖြင့် ဝိုင်းကြည့်ကြသည်။ ထိုအခါ ဆရာမက ထိုကလေး အနားသို့ကပ်လာပြီး –

ဆရာမ – သားလေးက ဘာလို့အိမ်မှာ ခြသေ့်နဲ့ဆင်ကိုမွေးတာလဲကွယ့်။

ကျောင်းသား – အဲ့အကောင်တွေကို ကျွန်တော်တို့အိမ်က ဝိုင်းချစ်ကြလို့ပါ။

ဆရာမ – သူတို့က အိမ်မှာမွေးရမယ့်အကောင်တွေမဟုတ်ဘူးလေ သားရဲ့။

ကျောင်းသား – အမေက သေချာသော့ခတ်ပြီးထားတာပါ။

ဆရာမ – ဩော်သားပြောတာ ပိုက်ဆံမဟုတ်လား။ သူတို့ကသက်ရှိမှမဟုတ်တာကွယ့်။

ကျောင်းသား– သက်ရှိဟုတ်တာပေါ့ဆရာမ။ ဟုတ်လို့ပဲသော့ခတ်ထားတာပေါ့။ ဒါမှမဟုတ်ရင်သူတို့က ထွက်ပြေးမှာပေါ့။

ကလေးများအားလုံးကဝိုင်းရယ်ကြသည်။ ဆရာမလည်း တစ်ချက်ပြုံးပြီး –

ဆရာမ – အေးပါကွယ်

**သိုးမဲလေး**

## အဟုတ်မှတ်လို့

ဘုရားကျောင်းတစ်ခု၌ ဓမ္မသီချင်းကျူးရေန် ကီးဘုတ်သမားမှ Key ပေးလိုက်သော်လည်း ဓမ္မဆရာမှအခြား (B=ပလပ် Key) တစ်ခုနှင့်ဆိုလိုက်ရာ သီချင်းသာပြီးဆုံးသွားသော်လည်း (အတီးနှင့်အဆို) မည်သို့မျှမကိုက်ညီချေ။ အဘယ်ကြောင့်ဆိုသော် ဓမ္မဆရာသည် Music နှင့်အလှမ်းဝေးသူဖြစ်ရကား Key ၏သဘောသဘာဝကို နားမလည်ပေ။ သို့သော် ဝတ်ပြုခြင်းပြီးဆုံးသောအခါ ကီးဘုတ်သမားမှ ဓမ္မဆရာအား ခပ်တည်တည်နှင့် နောက်ပြောင်လေတော့သည်။

ကီးဘုတ်သမား – ဆရာ ကျွန်တော်ကီးဘုတ်အသစ်တစ်လုံးဝယ်မှ ရမယ်ဗျ။

ဆရာ – ဟာ . . . ဘာလို့လဲ။

ကီးဘုတ်သမား – ဆရာဆိုတဲ့ Key က ဒီကီးဘုတ်ထဲမှာလုံးဝမပါဘူးလေ။

ဆရာ – ဟာ ဂွကျတာပဲ။ ဒို့အသင်းတော်မှာက အသစ်ထပ်ဝယ်ဖို့ ပိုက်ဆံမရှိတော့ဘူးလေ . . . ဟူ၍တည်း။



# လောကကြီးကို အလင်းဆင်စို့

ထီ (ခုနစ်စင်ကြယ်)

အလင်းရောင်ဆိုတာလူတိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ အရာဖြစ်ပါတယ်။ အလင်းရောင်ကို မကြုံက်တဲ့သူ တစ်ယောက်မှမရှိသလို အလင်းမရှိဘဲ အသက်ရှင်လို့လည်းမရပါဘူး။ ဘုရားသခင်ကိုယ်တိုင်က ကမ္ဘာကြီးကိုဖန်ဆင်းတဲ့အခါ ပထမဆုံးနေ့မှာ ဖန်ဆင်းတဲ့အရာက "အလင်း" ဖြစ်ပါတယ်။ မြေကြီးဟာအဆင်းသဏ္ဍာန်မရှိ၊ လစ်လပ်လဟာဖြစ်နေပြီး နက်နဲရာအရပ်တို့ကိုမှောင်မိုက်ဖုံးလွှမ်းနေချိန်မှာ ဘုရားသခင်ရဲ့နှုတ်တော်က အရင်ဆုံးမိန့်ခဲ့သောအရာ မှာ "အလင်းဖြစ်စေ" လို့မိန့်တော်မူခဲ့တာပါ။ ဘုရားသခင်က ဒီလောကကြီးကိုဘာကြောင့် အလင်းကိုအရင်ဆုံးဖြစ်စေခဲ့တာလဲဆိုရင် မှောင်မိုက်နေတဲ့လောကကြီးထဲမှာ "အလင်း" လိုအပ်နေလို့ပဲ ဖြစ်ပါတယ်။

ထွက်မြောက်ရာကျမ်းထဲမှာလည်း ဣသရေလလူမျိုးတော်တွေကို ကျွန်ခံရာအဲဂုတ္တုပြည်က ခေါ်ထုတ်လာတဲ့အခါ တောထဲမှာလှည့်လည်သွားလာနေရချိန်မှာ အဆင်ပြေစေဖို့ အလင်းကိုပြင်ဆင်ပေးခဲ့ပါတယ်။ "သူတို့သည် နေ့ညသွားနိုင်အောင် ထာဝရဘုရားသည် နေ့၌ကားလမ်းပြဘို့ မိုးတိမ်တိုင်အားဖြင့်လည်းကောင်း၊ ည၌ကားအလင်းပေးဖို့ မီးတိုင်အားဖြင့်လည်းကောင်း သူတို့ရှေ့က ကြွတော်မူ၏။" (ထွက်မြောက် ၁၃း၂၁)

သခင်ယေရှု ဒီလောကကြီးကိုလူသား ဇာတိအဖြစ်ဆင်းကြွခဲ့ရတဲ့အကြောင်းအရင်းကလည်း အပြစ်ထဲမှာ နစ်မွန်းနေတဲ့ မှောင်မိုက်ထဲက လူသားတွေကို ကယ်တင်ပြီး အလင်းတရားကို ထုတ်ဆောင်ဖို့ပဲဖြစ်ပါတယ်။ ပရောဖက်ဟေရှာယ က သခင်ခရစ်တော်၏ လောကကိုကြွဆင်းလာမယ့် ကြောင်းကြိုတင် ပရောဖက်ပြုပြီးသားဖြစ်ပါတယ်၊ "ငါထာဝရဘုရား သည် သင့်ကို

**ထကယ်တော့ မှောင်မိုက် နေထဲ့ကမ္ဘာကြီးထဲမှာ အလင်းလင်းစေဖို့ ခရစ်တော် ဘုရားကိုယ်တိုင်က ကျွန်ုပ်တို့ကိုရွေးချယ်ထားပြီး သူ့ရဲ့ အလင်းကိုပေးထားတာပါ။**

တရားသဖြင့်ခေါ်ထားသည်ဖြစ်၍ လက်ဆွဲလျက် ထောက်မမည်။ သင်သည်ကန်းသောမျက်စိတို့ကိုဖွင့်စိမ့်သောငှါ၄င်း၊ ချုပ်ထားသောသူတို့ကိုလွှတ်စိမ့်သောငှါ၄င်း၊ မှောင်မိုက်ထဲမှာနေသောသူတို့ကို အမိုက်ထောင်ထဲက နှုတ် ယူစိမ့်သောငှါလည်းကောင်း၊ သင့်ကိုလူများနှင့် ပဋိညာဉ်ဖွဲ့စရာဖို့၊ သင့်ကိုလူအမျိုးမျိုးလင်းစရာဘို့ ခန့်ထားမည်။'' (ဟေရှာယ ၄၂း၆–၇) လို့ဖော်ပြထားပါတယ်။

သခင်ယေရှုမွေးဖွားလာတဲ့အချိန်မှာ ညအမှောင်ထဲမှာ ရှိနေတဲ့ သိုးထိန်းတွေဆီကို ကောင်းကင်တမန်တွေရောက်ရှိလာခဲ့ပြီး ထာဝရဘုရားရဲ့ဘုန်းတော်ထွန်းတောက်ကာ ဒီလောကရဲ့အလင်းရှင် မွေးဖွားကြောင်းသတင်းကောင်းကိုပေးခဲ့ပါတယ်။ မာကုပညာရှိတွေကလည်း အရှေ့ပြည်ကကြယ်ကိုမြင်ခဲ့ပြီး သခင်ခရစ်တော်ကို လာရောက်ဖူးမြော်ခဲ့ခြင်းဖြစ်ပါတယ်။

သခင်ခရစ်တော်မွေးဖွားပြီး ရှစ်ရက်မြောက်တဲ့နေ့မှာသူ့ရဲ့မိဘတွေက ယေရုရှလင်မြို့ကိုခေါ်လာခဲ့ပြီး ဗိမာန်တော်ထဲ ဆက်ကပ်ခဲ့တဲ့အချိန်မှာ ရှုမောင်ကသခင်ယေရှုလေးကို လက်နဲ့ပွေ့ချီပြီး –

''ကိုယ်တော်၏လူ ဣသရေလအမျိုးကိုချီးမြှောက်စေခြင်းငှါ၄င်း၊ တပါးအမျိုးသားတို့ကို လင်းစေခြင်းငှါ၄င်း၊ လူအမျိုးမျိုးတို့ရှေ့မှောက်၌ပြင်ဆင်တော်မူသော အလင်းတည်းဟူသောကယ်တင်သောသခင်ကို အကျွန်ုပ်သည် ကိုယ့်မျက်စိနှင့်မြင်ရပါ၏။''ဟု မြွက်ဆိုခဲ့ပါသည်။

ဒီအကြောင်းအရာတွေကိုကြည့်မယ်ဆိုရင် ဒီလောကကြီးမှာ အလင်းကဘယ်လောက်ရေးကြီးသလဲ၊ လူတွေ အတွက် ဘယ်လောက်လိုအပ်နေသလဲဆိုတာကို သက်သေပြနေပါတယ်။ သခင်ခရစ်တော်က ''ငါသည် လောက၏ အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ။ အသက်၏အလင်းကိုရလိမ့်မည်။'' ဟု ဆိုခဲ့ပါတယ်။ (ယောဟန် ၈း၁၂)

''ငါ့ကိုယုံကြည်သမျှသောသူတို့သည် မှောင်မိုက်၌မနေစေခြင်းငှါ ငါသည်အလင်းဖြစ်လျက် ဤလောကသို့ ကြွလာပြီ။'' (မဿဲ ၁၂း၄၆) 

သခင်ခရစ်တော်က ဒီလောကရဲ့အလင်းရှင်ဖြစ်ပါတယ်။ ''ဟုတ်မှန်သောအလင်းဟူမူကား ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကိုပေးသောသူဖြစ်သတည်း။'' (ယောဟန်၁း၉) လို့သမ္မာကျမ်းစာ ကဆိုထားပါတယ်။

ကျွန်ုပ်တို့ဟာဘုရားသခင်ရဲ့ သဏ္ဍာန်တော်နဲ့ အညီဖန်ဆင်းခံထားရတဲ့သူတွေဖြစ်ပြီး အလင်း၏သားသမီးများဖြစ် ကြပါတယ်။ ''သင်တို့အပေါင်းသည် အလင်း၏သား၊ နေ့၏သားဖြစ်ကြ၏။ ညဉ့်၏သား၊ မှောင်မိုက်၏သားမဟုတ်'' ၁သက် ၅း၅ က ပြောထားတာကြောင့် ကျွန်ုပ်တို့ဟာအလင်းထဲမှာ အသက်ရှင်ကြရမှာ ဖြစ်ပါတယ်။ စာတန်ကတော့ အလင်းရဲ့သားသမီးတွေဖြစ်တဲ့ ကျွန်ုပ်တို့ကို မှောင်မိုက်ရဲ့တရားလမ်းထဲကို သွေးဆောင်ခေါ်ယူနေဦးမှာပါပဲ။ အလင်းရဲ့ သားသမီးတွေဖြစ်တဲ့ ကျွန်ုပ်တို့က စာတန်ရဲ့သွေးဆောင်မှုနောက်ကို မပါသွားမိဖို့ အထူးသတိထားရမှာဖြစ်ပါတယ်။

''အထက်ကာလ၌ သင်တို့သည် မှောင်မိုက်အတိဖြစ်ကြ၏။ ယခုမူကား သခင်ဘုရား၌အလင်းဖြစ်ကြ၏။ ထို့ကြောင့် အလင်း၏သားကဲ့သို့ကျင့်နေကြလော့။

'' (ဖေက် ၅း၈)

ကျွန်ုပ်တို့ဟာ အလင်းရဲ့သားသမီးဖြစ်တာကြောင့် မိမိမှာရှိနေတဲ့အလင်းအားဖြင့် သူတစ်ပါးကို အလင်းပေးဖို့ လွန်စွာအရေးကြီးပါတယ်။ ခရစ်တော်က မဿဲ ၅း၁၄–၁၆ မှာ

''သင်တို့သည် ဤလောက၏အလင်းဖြစ်၏။ တောင်ထိပ်၌တည်သောမြို့ကိုမကွယ်နိုင်။ ဆီမီးထွန်း၍တောင် ဇလားအောက်၌ဖုံးထားလေ့မရှိ။ အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကိုရစေခြင်းငှာ ဆီမီးခုံပေါ်မှာတင်ထားလေ့ရှိ၏။ ထိုနည်းတူ သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့် ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိသော သင်တို့အဘ၏ ဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှာ သူတစ်ပါးရှေ့၌သင်တို့၏ အလင်းကိုလင်းစေကြလော့။'' လို့မိန့်တော်မူပါတယ်။

မြန်မာနိုင်ငံမှာ ခရစ်တော်ရဲ့အလင်းတရားကို ရရှိဖို့ ဆရာကြီးယုဒသန်ဟာ ယူဆောင်လာခဲ့ပြီး သူ့ဘဝကိုပေးဆပ်ခဲ့ခြင်းကြောင့် ယနေ့ကျွန်ုပ်တို့ မြန်မာနိုင်ငံသူ၊သား များကခရစ်တော်ကိုသိခွင့်ရခဲ့ပါပြီ။ ဆရာကြီးဒေးဗစ်လင်းဗင်းစတုန်း (David Livingstone) ရဲ့ပေးဆပ်ခဲ့ခြင်းကြောင့် အာဖရိကတိုက်မှာလည်း လူတွေခရစ်တော်ရဲ့အလင်းတရားကို ရရှိခဲ့ကြပါပြီ။ ထိုနည်းတူစွာ ကမ္ဘာအရပ်ရပ်ကိုသွား၍ ဧဝံဂေလိတရားကိုဟောပြောဝေငှခဲ့တဲ့သူတွေဟာ သူတို့မှာရှိထားတဲ့ အလင်းကို သူတပါးအတွက် ထွန်းညှိပေးခဲ့တဲ့သူတွေဖြစ်ပါတယ်။

''အလင်း''ဆိုတာ မှောင်နေတဲ့နေရာအတွက် အသုံးလိုတဲ့အရာပါ။ အလင်းထဲမှာ အလင်းရောင်ကို သွားပြီး ထွန်းညှိရန်သိပ်တန်ဖိုးမရှိပေမယ့် မှောင်မိုက်ထဲမှာ အလင်းတစ်ခုကိုသွားထွန်းလိုက်ရင် ပတ်ဝန်းကျင်တစ်ခုလုံးကိုလင်း သွားစေပါတယ်။ အလင်းရောင်ဆိုတာ မှောင်နေတဲ့ပတ်ဝန်းကျင်ထဲမှာသူတပါးအတွက် လင်းပေးရပေမယ့် ကိုယ်တိုင်က လောင်ကျွမ်းခြင်းကိုခံခဲ့ရတာပါ။ ကိုယ်တိုင်က အပူခံ၊ လောင်ကျွမ်းခံရခြင်းမရှိရင် ဘယ်လိုမှမလင်းနိုင်ပါဘူး။ ဖယောင်းတိုင်လေးတစ်တိုင်ကိုကြည့်မယ်ဆိုရင် သူ့ရဲ့မီးကလေးလည်းလောင်ကျွမ်းခံရပြီး သူကိုယ်တိုင်အပူခံပျော်ဝင်ခဲ့ရတာက အလင်းလင်းပေးဖို့ပါ။ လူတွေက ဖယောင်းတိုင်လေးရဲ့အလင်းကိုအသုံးပြုပေမယ့် ဖယောင်းတိုင်လေးရဲ့ လောင်ကျွမ်းခြင်းကို သတိမထားမိကြပါဘူး။

ခရစ်တော်ကိုယ်တိုင်ကလည်း ဒီလောကကြီးကိုလူသားအဖြစ်ဆင်းကြွလာခဲ့ခြင်းဟာ မှောင်မိုက်နေတဲ့ကမ္ဘာ ကြီးအတွက် ''အလင်း'' လင်းပေးဖို့ပါ။ သူကိုယ်တိုင်က အလင်းဖြစ်ပြီးလူသားတွေအတွက် သူ့ဘဝကိုလောင်ကျွမ်း ခံပေးဆပ်ခဲ့ခြင်းက ကျွန်ုပ်တို့ဘဝ အလင်းထဲကိုရောက်ရှိဖို့ပါပဲ။

ယနေ့ကမ္ဘာလောကကြီးတစ်ခုလုံးဟာ အမှောင်ထုအောက်မှာ လွှမ်းမိုးနေပါပြီ။ စာတန်ရဲ့ လှည့်ဖြားမှုနဲ့ သွေးဆောင်မှုအောက်တွေမှာ နစ်မျောပြီး ဘုရားသခင်ဖန်ဆင်းခဲ့တဲ့အလင်းအောက်မှာ မနေလိုကြတော့ဘဲ အမှောင်ထုရဲ့ အောက်မှာပဲ ပျော်မွေ့နေကြပါပြီ၊ ကျွန်ုပ်တို့ဟာ အလင်းရဲ့သားသမီးများဖြစ်တာကြောင့် မှောင်မိုက် နေတဲ့ကမ္ဘာကြီးထဲမှာ ကိုယ့်ရဲ့အလင်းကို လင်းပေးဖို့ လိုအပ်နေပါပြီ။

ကမ္ဘာကြီးက အလင်းကို အရမ်းလိုအပ်နေပါပြီ။ ကျွန်ုပ်တို့မှာရှိနေတဲ့ ခရစ်တော်ရဲ့အလင်းတရားတွေကို သူတစ်ပါးကို လင်းစေဖို့အတွက် မှောင်မိုက်ထဲမှာရှိနေတဲ့လူသားတွေကို အလင်းထဲကိုရောက်လာဖို့အတွက် ကျွန်ုပ်တို့ကိုယ် တိုင် လောင်ကျွမ်းခံ၊ အပူလောင်ခံပေးဆပ်ဖို့လိုအပ်နေပါပြီ။ တကယ်တော့ မှောင်မိုက်နေတဲ့ကမ္ဘာကြီးထဲမှာ အလင်းလင်းစေဖို့ ခရစ်တော်ဘုရားကိုယ်တိုင်က ကျွန်ုပ်တို့ကိုရွေးချယ်ထားပြီး သူ့ရဲ့အလင်းကိုပေးထားတာပါ။

အလင်းရောင်ကို ဘယ်သူမှတောင်း ဇလားအထဲမှာ အုပ်မထားပါဘူး။ ဆီမီးခုံပေါ်မှာတင်ထားပြီး သူတစ်ပါး အတွက်လင်းစေသလို သင်နှင့်ကျွန်ုပ်တို့မှာ ခရစ်တော်ပေးထားတဲ့အလင်းတရားကို ကမ္ဘာကြီးအတွက် ထွန်းလင်းကြပါစို့။



# ဂေါ်ပြားမှ ပေါက်ပြားသို့

ဆိုင်မွန်ဂျာလီအောင်

ထာဝရဘုရားသခင်၏ ကျေးဇူးတော်ဂုဏ်တော်အပေါင်းကိုဦးစွာချီးမွမ်းပါတယ်။ ရှာလုမ်မဂ္ဂဇင်းမှ တဆင့် ပါဝင် သက်သေခံဝေမျှခွင့်နှင့် မွေးဖွားချိန်မှစ၍ ယခုတိုင်အောင် ကွယ်ကာစောင်မလမ်းပြပို့ဆောင်ကောင်းချီးပေးတော်မူသော ကိုယ်တော်ဘုရားအား အစဉ်အမြဲချီးမွမ်းပါသည်။ ကျွန်တော်တို့ နေ့စဉ်သွားလာအသက်ရှင်နေရခြင်းသည် ဘာအတွက်လဲ။ ဘာကြောင့်လဲ။ ပြန်လည်စဉ်းစားဆင်ခြင်မိပါတယ်။ ကျွန်တော် ၂၀၀၃ခုနှစ်မှာ ဆယ်တန်းကိုအောင်ပြီး ဘူမိဗေဒမေဂျာဖြင့်ဘွဲ့ကိုရှိပြီးနောက် ဂျပန်နိုင်ငံသို့ ငွေကြေးပြည့်စုံမှုကိုလိုလားသဖြင့် ရှစ်နှစ်တိုင် အလုပ်ကိုကြိုးစားလုပ်ဆောင်ရင်း ထိုအချိန် ရှစ်နှစ်အတွင်းမှာ ကျွန်တော်ယုံကြည်ကိုးကွယ်သော မောရှေလဘုရားသည် ကျွန်တော်နှင့်အတူရှိနေပေး ခဲ့ပါတယ်။ ဂျပန်စာစကားကိုတတ်မြောက်ရသောအခွင့်၊ လုပ်ငန်းထဲမှာ မန်နေဂျာရာထူးဖြစ်ရသောအခွင့်၊ လစာကောင်း ခံစားရသောအခွင့် စသည်ဖြင့် ကျွန်တော့်အပေါ်မှာ ကိုယ်တော်ဘုရား၏ ကောင်းမြတ်ခြင်း ကောင်းချီးမင်္ဂလာများစွာကို ရရှိခံစားခဲ့ရပါတယ်။

တစ်ကမ္ဘာလုံးသိရှိပြီးဖြစ်တဲ့ ၂၀၁၁ခုနှစ်၊ မတ်လတွင်ဂျပန်နိုင်ငံမှာ ဝမ်းနည်းတုန်လှုပ်ခဲ့ကြရသော အကြီးမားဆုံး ဆူနာမီနှင့်ငလျင် တစ်ပြိုင်နက်တည်းဖြစ်ပွားခဲ့ပါတယ်။ ထိုအချိန်မှာ ကျွန်တော့်မျက်စိရှေ့ ကျွန်တော့်ပတ်ဝန်းကျင်တွင် လူပေါင်း၊ ရွာပေါင်းမြောက်များစွာ သေကြေပျက်စီးဆုံးရှုံးခဲ့ကြရပါသည်။ အပေါ်ဖက်မော့ကြည့်လိုက်သောအခါ တိုက်ကြီးများက အမြင့်ကြီးတွေနဲ့ပြိုလဲကျလာခဲ့လျှင် ဘယ်လိုနည်းနဲ့မှပြေး ရှောင်၍မရနိုင်သောအခြေအနေဖြစ်ခဲ့ပါသည်။ ကျွန်တော့်စိတ်ထဲမှာတော့ ငါဒီတစ်သက်အမိမြန်မာပြည်ကိုပြန်မရောက်နိုင်တော့ဘဲ ဤနိုင်ငံမှာပင် အသက်အဆုံးသတ် သွားရတော့မည်ဟု တွေးထင်ခဲ့ရပါတယ်။ သို့သော် ကျွန်တော်တွေးထင်ခဲ့သည့် အတိုင်းဖြစ်မလာခဲ့ဘဲ မောရှေလဘုရားသခင်၏ မစခြင်းအကြောင်းအရာတွေဟာ အံ့သြဖွယ်ဖြစ်လာခဲ့ပါတယ်။ အတိုချုပ်ပြောရလျှင် ကျွန်တော့်အားအသက် အန္တရယ်မှ မစကယ်တင်ပေးခဲ့သည်မှာ ထာဝရဘုရားတစ်ပါးတည်းပင်ဖြစ်သည်။

တစ်ညတွင် ကျွန်တော့်သူငယ်ချင်းနှင့်အတူ ဘီယာဘားဆိုင်မှအပြန် လမ်းတဖက်သို့ကူးနေစဉ် အဝေးမှကား တစ်စီးသည် အလွန်အရှိန်ပြင်းစွာဖြင့်

## ပေါက်ပြား ခရစ်ယာန်တစ်ယောက်မ ဖြစ်တော့ဘဲ ဂေါ်ပြားခရစ်ယာန်အသက်တာသို့ ပြောင်းလဲရမည်ဟု ကျွန်တော့်ကို ကျွန်တော် ဆင်ခြင်မိလာတယ်။

မောင်းနှင်လာကာ ရှေ့မှသွားနေသောသူငယ်ချင်းအား ဝင်တိုက်မိ၍ထိုနေရာမှာပင် ဝမ်းနည်းဖွယ်အသက်ဆုံးရှုံးခဲ့ပါတယ်။ ကျွန်တော့်ဘဝမှာ ဘယ်သောအခါမှ မေ့၍ မရနိုင်သောဖြစ်ရပ်တွေပါပဲ။ သေစေနိုင်သောအရာများမှ အံ့သြဖွယ်ကျွန်တော့်အား ထာဝရဘုရားသည် ကွယ်ကာဆောင်မပေးလျက်ယခုအချိန်ထိတိုင်အသက်ရှင်ခွင့်ပေးသည်သာမက မြောက်များစွာသောအတွေ့အကြုံများကိုလည်း ရရှိစေခဲ့ပါတယ်။ ကျွန်တော်မှတ်မိပါသေးတယ်။ ငယ်စဉ်အရွယ်မှာ လည်းဘဲထိုကဲ့သို့အသက်အန္တရယ်များနှင့်ကြုံတွေ့ခဲ့ရဖူးပါတယ်။ သို့သော် ကျွန်တော့်အား လွတ်မြောက်ရသောအခွင့်ကိုပေးခဲ့ပါတယ်။ ကျွန်တော့်လက်တွေ့ဘဝအသက်တာဖြင့်သက်သေခံဝေမျှခြင်းဖြစ်ပါသည်။

တစ်နေ့သောအခါ အလုပ်လုပ်နေရင်းဖြင့် ကျွန်တော့်ခေါင်းထဲပြေးဝင်လာခဲ့တဲ့ အကြောင်းအရာတစ်ခုက ကိုယ့် အတွက်ချည်းပဲ ကိုယ်လုပ်နေခဲ့တယ်။ တနည်းအားဖြင့်ပြောရလျှင် ပေါက်ပြားခရစ်ယာန်ပေါ့။ ပေါက်ပြားဆိုတဲ့အရာက ပေါက်ပြီးရင် ကိုယ့်ဖက်ယက်လေ့ရှိတယ်၊ ဒါကြောင့် ပေါက်ပြားခရစ်ယာန်၊ ပေါက်ပြားလူသားတစ်ယောက် ဖြစ်နေခဲ့ တယ်ဆိုတဲ့အကြောင်းပဲဖြစ်ပါတယ်။ အထက်ကဆိုခဲ့သလို ကိုယ်တော်ဘုရား၏ကောင်းမြတ်ခြင်းကောင်းချီးမင်္ဂလာ တွေများစွာကိုကျွန်တော်ရရှိခံစားခဲ့ရတယ်။ ဖန်ဆင်းရှင်ထာဝရဘုရားအတွက် ဘာတွေများလုပ်ဆောင်ပေးခဲ့ပြီလဲ၊ ကိုယ်တော်ဘုရားလိုချင်သောအရာကဘာလဲ စသည်ဖြင့် ကိုယ့်ကိုကိုယ်မေးခွန်းပေါင်းများစွာနဲ့ တစ်ရက်တာကုန်ဆုံးသွားခဲ့ပါတယ်။ ကိုယ်တော်ဘုရားလုပ်စေချင်သောအရာ၊ ဖြစ်စေလိုသောအရာမှာ ရွှေ၊ ငွေ၊ ပတ္တမြားလောက၌တန်ဖိုး အမြင့်ဆုံးသောအရာတွေဖြင့် ပြန်လည်ပူဇော်ဆက်ကပ်ခြင်းမျိုးတွေမဟုတ်ပါဘူး။ မိမိ၏ဖြူစင်သောနှလုံးသား၊ စစ်မှန် သောချစ်ခြင်းမေတ္တာ၊ ဉာဏ်စွမ်း၊ ကိုယ်စွမ်းရှိသမျှနှင့် ကိုယ်တော်ဘုရားအားပြန်လည်ချစ်ရန်ပင် ဖြစ်ပါတယ်။ ထို့ကြောင့် ''သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့''မာကု ၁၂း၃၀ ဟု ပညတ်တော်မူကြောင်းကိုကျွန်ုပ်တို့တွေ့ရပါသည်။ ကျွန်တော်နားလည်သဘောပေါက်ခဲ့ပါတယ်။ ကျွန်တော့်ကို မစသော အရှင်ဘုရားအတွက် ပြန်လည်၍အသက်ရှင်သွားလာလှုပ်ရှားဆက်ကပ်ရန်သာ ဖြစ်တော့တယ်။ ထို့ကြောင့် ပေါက်ပြားခရစ်ယာန်တစ်ယောက်မ ဖြစ်တော့ဘဲ ဂေါ်ပြားခရစ်ယာန်အသက်တာသို့ ပြောင်းလဲရမည်ဟု ကျွန်တော့်ကို ကျွန်တော် ဆင်ခြင်မိလာတယ်၊ ဂေါ်ပြားဆိုတဲ့အရာက ကော်ပြီးရင်သူတစ်ပါးအားပေးလေ့ရှိတယ်။ ဒါကြောင့် ဂေါ်ပြားခရစ်ယာန်၊ ဂေါ်ပြားလူသားတစ်ယောက်ဖြစ်ဖို့ ထာဝရဘုရားသခင်သည် ကျွန်တော့်စိတ်နှလုံးအားတို့ထိပြောင်းလဲ စေခဲ့ပါတယ်၊ ကိုယ်တော်ဘုရား၏ ကောင်းမြတ်ခြင်း၊ ကယ်တင်ခြင်း၊ ကရုဏာပြုခြင်း အကြောင်းအရာတွေကို ကိုယ်တော်အား မသိကျွမ်းနားမလည်နိုင်သေး သောလူသားများသို့ အရောက်ပို့ဆောင်ပေးရန်၊ ကိုယ်တော်ဘုရားအသုံးပြုသော ဂေါ်ပြားတစ်လက်အဖြစ် ကျွန်ုပ်အားရွေးချယ်ခဲ့သည့်အတွက် ကျေးဇူးတော်ကိုအလွန်ပဲချီးမွမ်းပါတယ်။

အင်မတန်မှတိုးတက်လျက်ရှိသော ဂျပန်နိုင်ငံမှာနေထိုင်ရခြင်းသည် လူတစ်ယောက်အနေဖြင့်၊ ဇာတိပကတိသဘောအနေဖြင့် ကြည့်မည်ဆိုလျှင် ပျော်ရွှင်မက်မောဖွယ်ရာ အခြေနေတစ်ခုဖြစ်ပါသည်။ အခြားသောဘာသာဝင်သူငယ် ချင်းများက 'မင်းက အရူးပဲ' စရင်းနောက်ရင်းဝိုင်းပြောကြပါတယ်။ ဘာကြောင့်လဲဆိုတော့ လစာကောင်း၊ အလုပ်ကောင်း၊ နိုင်ငံကောင်းကနေ မြန်မာပြည်ပြန်လာပြီး ဘာသာရေးကျောင်းတက်မယ်ဆိုတော့ 'မင်းအရူးပဲ' လို့ အပြောခံခဲ့ရဖူးတယ်။ ဒါပေမယ့် ပြောပါစေကျွန်တော် ဂရုမစိုက်ခဲ့ပါဘူး။ လူတိုင်းခရစ်ယာန်ဖြစ်ဖို့ လွယ်ပါတယ်။ ခရစ်ယာန်ကောင်း တစ်ယောက်၊ သခင်ခရစ်တော်ရဲ့နောက်လိုက်ကောင်းတစ်ယောက်ဖြစ်ရန် မလွယ်ကူနိုင်ပါ။ ခရစ်ယာန်များကြောင့် လူတစ်ယောက် လူကောင်းဖြစ်လာနိုင်သကဲ့သို့၊ လူဆိုးလည်း ဖြစ်စေနိုင်ပါတယ်။ ထို့ကြောင့် သခင်ယေရှုက ''ပျက်စီး ရာသို့ရောက်သောတံခါးနှင့်လမ်းသည် ကျယ်ဝန်းသဖြင့် ဝင်သွားသူများလှ၏။ အသက်ရှင်ရာသို့ရောက်သောတံခါးနှင့် လမ်းမူကား တွေ့မြင်သူနည်းလှ၏'' (မဿဲ ၇း၁၃–၁၄) ဟုမိန့်တော်မူခဲ့ပါတယ်။

ယခုအချိန်တွင် Holy Cross Theological College ကျောင်းသားဘဝသို့ရောက်ရှိကာ သက်ဆုံးတိုင် ကိုယ်တော်ဘုရား၏ အမှုတော်မြတ်မှာ ပါဝင်ဆက်ကပ်ခွင့်ကို ပေးခဲ့ပြန်သည်။ ကိုယ်တော်ဘုရား၏ ကျေးဇူးတော်အ ပေါင်းကိုမချီးမွမ်းဘဲ မနေနိုင်တော့ပါ။ ကောင်းမြတ်ခြင်းအကြောင်းတွေကို သက်သေမခံဘဲမနေနိုင်တော့ပါဘူး။ ခရစ်တော်အတွက် ခံနိုင်ရည်ရှိအောင်ပြင်ဆင်ရင်း ပေါက်ပြားခရစ်ယာန်မှ ငေါ်ပြားခရစ်ယာန်သို့ ပြောင်းလဲကြပါစို့။ ဤမျှ လောက်ဖြင့် ကိုယ်တော်ဘုရား၏ကောင်းမြတ်ခြင်း၊ မစခြင်း၊ ကရုဏာပြုခြင်းများကို သက်သေခံဝေမျှလိုက်ရပါတယ်။ ဘုရားသခင်၏ငြိမ်သက်ခြင်းကောင်းချီးမင်္ဂလာသည် အားလုံးအပေါ်သို့သက်ရောက်ပါစေသော်။ အာမင်။

Simon Jar Li Aung



# ယုံကြည်သူများ ခံစားရသော ဒုက္ခဝေဒနာ

ဆလိုင်းဌေးလွင် (ဒီးဒုတ်)

ယနေ့ကျွန်တော်တို့ယုံကြည် သူခရစ်ယာန်များသည် မိမိတို့၏ဘဝအသက်တာတွင် ဒုက္ခအခက်အခဲအမျိုးမျိုးမှ ကင်းလွတ်၍ သုခချမ်းသာနှင့်ပြည့်စုံနေသည့်အချိန်တွင် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ရေတွက်ချီးမွမ်းသက်သေခံနိုင်ကြသည်၊ သို့သော် ဘဝမှာ ဒုက္ခအခက်အခဲများနှင့်ဘဝမုန် တိုင်းများကြားထဲတွင် လျှောက်လှမ်းနေရသည့်အချိန်မှာတော့ ဘုရားကို နားမလည်နိုင်တော့သည့်အခြေအနေနှင့်တကွ ယုံကြည်ခြင်းအရာမှာလည်း သံသယဝင်လာတတ်ကြပါသည်။ ဘဝမှာ တစ်ခါတစ်ရံအချို့သောအကြောင်းအရာ၊ အဖြစ်အပျက်များမှာ ဘုရားသခင်၏အကြံအစည်နှင့် အလိုတော်ကို နားမလည်နိုင်တော့ သည့်အခြေအနေများနှင့် ကြုံတွေ့လာရတတ်ပါသည်၊ လောကမှာ ဘုရားသခင်၏ အလိုတော်နှင့်အကောင်းဆုံးအသက်ရှင်နေထိုင်ပြီး ကောင်းသောပုံသက်သေနှင့်တကွ ခရစ်ယာန် အသက်တာကိုလိုက် လျှောက်အသက်ရှင်နေထိုင်ပေမယ့်လည်း ဒုက္ခအခက်အခဲအမျိုးမျိုးနှင့်ကြုံတွေ့ရင်ဆိုင်နေရသောသူများစွာ ရှိသည်ကို တွေ့ရမှာဖြစ်သလို ဘဝမှာဆိုးသွမ်းမှုအမျိုးမျိုး၊ မကောင်းမှုအမျိုးမျိုး ကိုပြုလုပ်နေကြသော်လည်း ချမ်းသာကြွယ်ဝခြင်းများနှင့် ပြည့်စုံနေသောသူများကိုလည်း တွေ့ရမှာဖြစ်ပါသည်။ ထိုအချိန်တွင်ဖြောင့်မတ်ခြင်းကို နှစ်သက်တော်မူသော အရှင်နှင့် တရားမင်းဖြစ်သည့် ဘုရားသခင်ကိုမည်သို့သောပုံစံအားဖြင့် နားမလည်နိုင်ရအောင် ဖြစ်ခဲ့မိပါသည်။

ယုံကြည်သူများတွေ့ကြုံရင်ဆိုင်ရသည့် ဒုက္ခဝေဒနာများနှင့်ပတ်သက်ပြီး ရှင်ယာကုပ်ဩဝါဒစာ ၁း၂-၃ တွင် ဖော်ပြထားသောအချက်မှာ ဒုက္ခအခက်အခဲများသည် ယုံကြည်သူများအတွက်အဆုံးတွင် ဝမ်းမြောက်စရာသက်သေ ဖြစ်ရန်သာ ဖြစ်သည်ကိုတွေ့ရပါသည်။ ‘‘ညီအစ်ကိုတို့ ယုံကြည်ခြင်းကိုစစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ်

သည်ဟု သိမှတ်လျက်အထူးထူး၊ အပြားပြားစုံစမ်းနှောင့်ယှက်ခြင်းကို တွေ့ကြုံသောအခါဝမ်းမြောက်စရာအကြောင်းသက်သေဖြစ်သည်ဟု မှတ်ကြလော့။'' ယာကုပ် ၁း၂-၃။

ကျွန်တော်တို့ယုံကြည်သူခရစ်ယာန်များ၏ အသက်တာတွင် ဒုက္ခအခက်အခဲများနှင့်ရင်ဆိုင်နေရသည့်အချိန်များ တွင် ဘုရားသခင်ကကျွန်ုပ်တို့အနားမှစွန့်ခွာသွားပြီးကွယ်ကာစောင့်မမှုမပေးတော့သည့်အချိန်ဟု တစ်ခါတစ်ရံတွေးတောတတ်ကြပါသည်။ ထိုသို့တွေးခေါ်ခြင်းမှာ တနည်းအားဖြင့် ဘုရားအတူရှိသော အသက်တာသည် မည်သည့်အခက်အခဲ ဒုက္ခတစ်ခုမျှမိမိတို့အသက်တာမှာ သက်ရောက်ခြင်းမရှိရဟု ယုံကြည်လက်ခံထားသောကြောင့်ဖြစ်သည်။ သို့သော် ရှင်ယာကုပ်ကျမ်းချက်မှဖော်ပြချက်အရ ဒုက္ခအခက်အခဲများသည် ဝမ်းမြောက်စရာသက်သေဖြစ်ရန်အတွက် ဘုရားသခင်ပေးတွေ့သော စစ်ကြောစုံ စမ်းခြင်းအရာများသာ ဖြစ်သည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး သာဓကတစ်ခုအနေဖြင့် ဖော်ပြလိုသည်မှာ တမန်တော်တစ်ဆယ့်နှစ်ပါးသည် ဂါလိလဲအိုင်ကိုလှေဖြင့် ကူးသည့်အချိန်၌ အိုင်အလယ်တွင်မုန်တိုင်းနှင့် ကြုံတွေ့ရသည့်ဖြစ်စဉ်ကိုကြည့်သည့်အခါ ထိုခရီးစဉ်တွင် တမန်တော်တို့နှင့်အတူ သခင်ခရစ်တော်အတူပါရှိသော်လည်း မုန်တိုင်းနှင့်ရင်ဆိုင်ကြုံတွေ့ရသည်။ ၎င်းအဖြစ်အပျက်ကိုကြည့်သည့်အခါ ဘုရားသခင်အတူပါသောခရီးဖြစ်သောကြောင့် မည်သည့်အန္တရာယ်ဒုက္ခနှင့် မတွေ့ကြုံရနိုင်ဟု တွေးမိမှာဖြစ်ပါသည်။ သို့သော် တမန်တော်များသည်မုန်တိုင်းနှင့်ရင်ဆိုင်ရသည့် အခြေအနေကို တွေ့ရပါသည်။ သို့သော်လည်း အဆုံးမှာဒုက္ခမုန်တိုင်းနှင့်ကြုံတွေ့ရသော်လည်း ထိုမုန်တိုင်းများကြားထဲ၌ သခင်ဘုရားအတူရှိနေပြီး မုန်တိုင်းအန္တရာယ်မှ လွတ်မြောက်ရသောအခွင့်ကို ရရှိခဲ့သည်။ ထိုအမှုအရာမှာ တမန်တော်များအတွက် ဝမ်းမြောက်ဖွယ်ရာသက်သေတစ်ခုအဖြစ် ကြုံတွေ့ရသောဒုက္ခအခက် အခဲသာဖြစ်သည်ကို တွေ့ ရပါသည်။

**အိုင်အလယ်တွင်မုန်တိုင်းနှင့် ကြုံတွေ့ရသည့်ဖြစ်စဉ်ကိုကြည့်သည့်အခါ ထိုခရီးစဉ်တွင် တမန်တော်တို့နှင့်အတူ သခင်ခရစ်တော်အတူပါရှိသော်လည်း မုန်တိုင်းနှင့်ရင်ဆိုင်ကြုံတွေ့ရသည်။**

ယနေ့ကျွန်တော်တို့ယုံကြည်သူတစ်ဦးတစ်ယောက်အနေဖြင့်ဘဝတွင် ဘုရားသခင်သည် အတူရှိနေသောကြောင့် မည်သည့်အခက်အခဲအမျိုးမျိုးမှ မကြုံတွေ့နိုင်တော့ဟု မခံယူသင့်ပေ။ ဘဝတွင် အခက်အခဲဒုက္ခမုန်တိုင်းများနှင့် ကြုံတွေ့ရင်ဆိုင် ရသောအခါ ဘုရားသခင်သည်ကျွန်ုပ်တို့အနားမှစွန့်ခွာသွားသည်ဟု တွေးခြင်းထက်ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ထိုဒုက္ခအခက်အခဲကြားထဲ၌ အတူရှိနေခြင်းကို ယုံကြည်ရမည်ဖြစ်ပါသည်။ ဤအတွေ့အကြုံများအားဖြင့် ဘုရားသခင်၏ကောင်းမြတ်ခြင်းကိုသက်သေခံနိုင်ရန်အတွက် ဘုရားသခင်ကပေးတွေ့သောအခက်အခဲများသာ ဖြစ်ပြီး နောက်ဆုံးကျွန်ုပ်တို့အတွက်ဝမ်းမြောက်စရာ သက်သေများဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည်သူ့အားချစ်ပြီး စုံစမ်းခြင်းကိုသည်းခံသောသူအတွက် (သို့) ဘုရားအတွက်အဆုံးတိုင်ဆက်လက်ရပ်တည် သောသူများအတွက် ဘုရားသခင်သည် ထိုသူတို့အတွက် ပြန်လည်ကာရပ်တည်ပေးရုံမျှမက နောက်ဆုံးတွင်စုံလင်သောအသက်သရဖူကို ပြင်ဆင်ထားပေးသည်ကို တွေ့ရ

ပါသည်။ ''စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသောသူသည်မင်္ဂလာရှိ၏။ အကြောင်းမူကား စစ်ကြောစုံစမ်းခြင်းကို ခံပြီးမှသခင်ဘုရားကို ချစ်သောသူအပေါင်းတို့သည် ကတိထားသောမူသော အသက်သရဖူကိုရလိမ့်မည်။'' ရှင်ယာကုပ် ၁း၁၂။

ထိုနည်းတူ ဓမ္မဟောင်း၌ ယောဘ၏ အသက်တာကို လေ့လာသောအခါတွင်လည်း ယောဘခံစားရသော ဒုက္ခဝေဒနာများသည် ယောဘ၏ ယုံကြည်ခြင်းကိုစစ်ကြောစုံစမ်းခြင်းမျိုးသာ ဖြစ်သည်ကိုတွေ့ရပြီး ယောဘသည်ထိုစုံစမ်းစစ်ကြောခြင်းကို အဆုံးတိုင်အောင်သည်းခံသောကြောင့် နောက်ဆုံးတွင်များစွာသောကောင်းချီးမင်္ဂလာများကို ပြန်လည်ကာ ရရှိခံစားခဲ့ရသည်။ ထို့ကြောင့် ယနေ့ကျွန်ုပ်တို့ယုံကြည်သူများသည် ဘဝတွင်ဒုက္ခဝေဒနာများနှင့်ရင်ဆိုင်ရသောအချိန်များတွင် ထိုစုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံခြင်းအားဖြင့် အဆုံးတွင်ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ဝမ်းမြောက်စရာသက်သေအဖြစ် ပြန်လည်ဝေမျှနိုင်သောသူများဖြစ်စေရန်အတွက် ဘုရားသခင်ပေးတွေ့သောအခက်အခဲ ဒုက္ခဝေဒနာများသာဖြစ်ကြောင်း နားလည်ရပေမည်။

ဆလိုင်းဌေးလွင် (ဒီးဒုတ်)



# အလင်းတစ်ပွင့်

ဆိုင်(န်)နရူဏ်

''ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင်''

မြည်နေတဲ့ခေါင်းလောင်းသံနဲ့အတူ ဝတ်လုံဖြူအပြေးအလွှားဆွဲပြီး ခြေလှမ်းကျဲကျဲဖြင့်ဘုရားကျောင်းဆီသို့ ဆရာဂေဘရယ် အရောက်လှမ်း သွားခဲ့သည်။ နံနက်တိုင်း နံနက်ဝတ်ကိုကြိုးစားပြီး တက်လာခဲ့သည်မှာ သုံးနှစ်ကျော်ခဲ့ပြီ။ ဘယ်လိုပဲဖြစ်ပါစေ ဒီနေ့တော့ ဖိုးဇော်ရဲ့တက်ကြွတဲ့ခေါင်းလောင်းသံစာစာနဲ့ နံနက်ဝတ်ကိုတက်ရပေဦးမည်။

နယ်မြေကတော့ ဇဝံဂေလိနယ်မြေသစ်။ ရိုးရာနတ်ကိုးကွယ်ယုံကြည်လာတဲ့လူမျိုးတစ်ခုမှ ပြောင်းလဲလာတဲ့ ယုံကြည်သူတွေဖြစ်သည်။ လူဦးရေ (၅၀)ခန့်ရှိသော်လည်း မိသားစုဝင်တိုင်းတွင် အိမ်သားအားလုံးခရစ်ယာန်တော့ မဖြစ်သေးပေ။ တချို့မှာတော့ လူပုဂ္ဂိုလ်ကိုခင်ပြီးဝင်ထွက်သွား လာကြသော်လည်း ဆုတောင်းပေးရန်အဆင်မပြေသလို ဘုရားကျောင်းမှာ ဝင်ရောက်ပါဝင်နေပြီး သခင်ခရစ်တော်ကို မယုံကြည်ကြသေးသူကလည်းရှိနေပြန်သေးသည်၊ ဒါပေမယ့်လည်းအားမငယ်ပါ။ သုံးနှစ်မြောက် နံနက် ၆း၀၀နာရီတိုင်း နံနက်ဝတ်ကြိုးစားတက်လာရာမှ ယခုဆိုအသီးအပွင့် ခံစားရပြီ။

နံနက်ဝတ်တက်ပြီးလျှင် ကိုယ်ပိုင်ခွန်အားယူဖို့အတွက် သမ္မာကျမ်းစာဖတ်၊ ပြီးရင်တော့ နံနက်စာ၊ နေ့လည်စာ၊ ညစာအပြီးချက်ပြုတ်။ ရေခပ်၊ ထင်းခွေ ကိုယ်တိုင်လုပ်။ ကိုယ်ပဲဒါရိုက်တာ၊ ကိုယ်ပဲဇာတ်လိုက်။ ဘာကြောင့်လဲဆိုတော့ နံနက် ၈း၀၀နာရီဆို ကလေးအားလုံးကျောင်းသွားပြီ။ ကူညီပေးဖို့တစ်ယောက်မှမရှိ၊ ၁၀း၀၀နာရီမှာတော့ မိခင်တွေနဲ့ မိခင်ဝတ်တက်။ မိခင်ဝတ်သာပြောရသည် မိခင်က (၅)ယောက် နို့စို့ကလေးနဲ့ (၃)နှစ်အောက်က (၅)ယောက်ပါလာသေး သည်။ ငယ်ငယ်ရွယ်ရွယ်နဲ့ အချိန်မတန်ပဲအိမ်ထောင်ကျန်သော မိခင်များအတွက် မျိုးဆက်ပွားကျန်းမာရေးသင်တန်း လုပ်ပေးရပေဦးမည်။ ရောက်တဲ့အရပ်မှာပျော်ပျော်နေပြီး ဆက်ကပ်ရမည်ပေါ့။ မိခင်ဝတ်မှာ သမ္မာကျမ်းစာလေ့လာခြင်း လုပ်ပေးသည်။ တစ်ခါတော့ မိခင်တစ်ဦးနဲ့ အမေးအဖြေလုပ်တဲ့အခါ အခုလုပ်တဲ့ကျမ်းချက်က ဘာတွေခွန်အားရလဲ မေးတော့ မဖြေတတ်ဘူးဆရာရေ၊

ခေတ္တမျှအသံအားလုံး တိတ်ဆိတ်သွားသည်။ ကျွန်မတို့က ထောင်ထွက်တွေ 'ကြားရလိုက်တဲ့ စကားကြောင့်မျက်လုံးအတော်ပြူးသွားသည်' အမျိုးသမီးတွေက ထောင်ထွက်ဆိုတော့ဘာတွေများ ဒုစရိုက်လုပ်ပါလိမ့်။ အဓိပ္ပာယ်ကတော့ "တစ်ဖက်နားကဝင်ရင် တစ်ဖက်ကထွက်တယ်လေ ဆရာရဲ့"။ တုန့်ပြန်သံ တွေကတော့ အားရစရာပါပဲ။

အားတင်းထား ဂေဘရယ်ရေအားတင်းထား။ အရွယ်မရောက်ခင်အိမ်ထောင်ကျပြီး ပညာရေးအားနည်းခဲ့တဲ့ သူတို့လေးတွေ စိတ်အားငယ်သွားမှာ စိုးရွံ့မိတာအမှန်ပင်။ ၁၁နာရီခွဲလောက် မိခင်ဝတ်ပြီးသွားတော့ အိမ်ပြန်ပြီး ဓမ္မတေးလေးဖွင့် နောက်နေ့အတွက် သမ္မာကျမ်းစာပြင်ဆင်ရင်းအနားယူ။ ပြီးတော့ရေဒီယိုမှ သီချင်းလေးနားထောင်ပြီး မိုးလေဝသသတင်း၊ ကျန်းမာရေး၊ နိုင်ငံရေး စတဲ့ပြည်တွင်း၊ ပြည်ပသတင်းနဲ့ အဆက်မပြတ်စေဖို့ ကြိုးစားရသေးသည်။ ခေါင်းဆောင်တစ်ယောက်ဖြစ်နေတဲ့အတွက် ပြည်တွင်း၊ ပြည်ပ ခေတ်စနစ်နဲ့အဆက်မပြတ်စေဖို့ကလည်း အရေးကြီး တဲ့အခန်းကဏ္ဍတစ်ခုဖြစ်နေပြန်သည်။ တခါတရံ နေ့လည်နေ့ခင်း အိမ်လာလည်သူ၊ အကူအညီတောင်းသူများနဲ့ မပျင်းရပဲ တစ်နေကုန်သွားသည်။

ညနေ (၄)နာရီမှ (၆)နာရီကတော့ ကလေးတွေနဲ့နပန်းလုံးချိန်။ အခမဲ့စာသင်ဝိုင်းလေး ဖွင့်ထားပေးသည်။ မူလတန်းကလေးများ အယောက်(၂၀) လာတက်ကြသည်။ အိမ်တစ်အိမ်လုံး စာသင်သံ၊ စာအံသံများနဲ့ ဆူဆူညံညံ ရှိလှပါသည်။ ဘာသာရပ်အမျိုးမျိုးသင်ပြ၊ ရှင်းပြနဲ့ပဲ ညနေခင်းတစ်ခုလုံးစည်ကားသွားခဲ့သည်။

ညပိုင်း (၆)နာရီခွဲမှာတော့ ညဝတ်တက်ရင်း ယုံကြည်ခြင်းအမြစ်ခိုင်မာစေဖို့အတွက် ဆုတောင်းခြင်း၊ သမ္မာကျမ်းဖတ်ကြားခြင်းတွေကို အလှည့်ကျပြုလုပ်စေပြီး အခါအားလျော်စွာ သင်ကြားမှု၊ သမ္မာကျမ်းစာလေ့လာခြင်းတွေ ပြုလုပ်ပေးပါသည်။ လုပ်ကိုင်နေတဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ ဖြစ်ထွန်းအောင်မြင်စေဖို့အတွက်နဲ့ ကျန်းမာစေဖို့အတွက် အထူးဆုတောင်းကြသည်။ ည(၁၀)နာရီမှာတော့ ကျောင်းသားအချို့နဲ့ အတူစာကျက်ပြီး၍ အိပ်စက်အနားယူလေပြီ။ နောက်တစ်ရက်အတွက် ခွန်အားသစ်တွေမွေးမြူချိန်ဆိုလည်း မမှားပေဘူးပေါ့။

ဖြတ်သန်းခဲ့တဲ့ အမှုတော်ဆောင်ခြင်းနေ့ရက်များကိုပြန်လည်စဉ်းစားတဲ့အခါ ဘုရားသခင်သည် ခြောက်ခြားစရာ ညအချို့ရဲ့ကြောက်ရွံ့ခြင်းနဲ့ ပူပန်ခြင်းကိုလည်း (၁ပေ ၅း၇)နဲ့ဖြေရှင်းပေးခဲ့ပါသည်။ စိတ်နှလုံးရဲ့ မကောင်းတဲ့အကြံအစည် အတွက်လည်း (ဖေက် ၄း၂)အားဖြင့် တားမြစ်ပေးခဲ့သလို လူသူကင်းမဲ့ပြီး အဖော်မပါတဲ့ခရီးစဉ်အတွက်လည်း (မဿဲ ၆း၉–၁၃) အားဖြင့်လုံခြုံမှုကိုရစေခဲ့ပါသည်။ ဘုရားသခင်ရဲ့ အမျိုးမျိုးသောပြုပြင်ပေးမှု၊ ကွယ်ကာစောင်မမှုတို့ကိုကိုယ်တိုင်ကြုံတွေ့လာရတဲ့အခါ သက်ဆုံးတိုင်အမှုတော်မြတ်အတွက် ပါဝင်ဆက်ကပ်မည်ဆိုတဲ့ သံဓိဋ္ဌာန်တစ်ခုနဲ့အတူ လပြည့်ညရဲ့ ဖြူဖွေးနေတဲ့ လမင်းကြီးလိုအလင်းရောင် မပေးနိုင်တောင်မှ လမိုက်ညရဲ့ကြယ်ကလေးတစ်ပွင့်အဖြစ် အစွမ်းရှိသလောက်ဆက်ကပ်နေပါဦးမည်။

**ငယ်ငယ်ရွယ်ရွယ်နဲ့ အချိန်မတန်ပဲအိမ်ထောင်ကျန်သော မိခင်များအတွက် မျိုးဆက်ပွားကျန်းမာရေးသင်တန်း လုပ်ပေးရပေဦးမည်၊ ရောက်တဲ့အရပ်မှာပျော်ပျော်နေပြီး ဆက်ကပ်ရမည်ပေါ့၊ မိခင်ဝတ်မှာ သမ္မာကျမ်းစာလေ့လာခြင်း လုပ်ပေးသည်၊**



# ဒုက္ခဆိုတာ
# အရောင်ဆိုးထားသော ဘုရားသခင်၏ ကောင်းချီးမင်္ဂလာ

လုကာအောင်ဇင်ဦး (ပထမနှစ်)

ဘုရားသခင်၏ကျေးဇူးတော်ကြောင့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်မြင်ခဲ့သည်။ သို့သော်သာသနာပိုင်ကြီး၏ လမ်းညွှန်မှုအရ ရန်ကုန်သာသနာပိုင်နယ်ဇေဝံဂေလိသင်တန်းကျောင်းသို့ အရင်တစ်နှစ်တက်ရောက်ခဲ့ရပါသည်။ သင်တန်းကျောင်းတွင် သုံးလကျောင်းတက်၊ သုံးလ လက်တွေ့ကွင်းဆင်းခြင်း (၂)ကြိမ် စုစုပေါင်း တစ်နှစ်တက် ရောက်ရပါသည်။ ပထမအကြိမ် ၃လကျောင်းတက်ပြီး ကွဲ့တဲကြီးဇေဝံဂေလိနယ်သို့ လက်တွေ့ကွင်း ဆင်းခဲ့ရသည်။ ထိုနေရာတွင် အထိုင်ဓမ္မဆရာမရှိသောကြောင့် အလွန်ပင်အဆင်ပြေခဲ့ပါသည်။ အထိုင်ဆရာမရှိခြင်းကြောင့် စားရေးသောက်ရေး၊ ရွာနှင့်ဆက်ဆံရေးများတွင်ခက်ခဲမှုမရှိ ဖြတ်သန်းခဲ့ရပါသည်။ ထို့နောက်ကျောင်းသို့ပြန်လာပြီး သုံးလတာစာတွေ့သင်ကြားမှုများပြုလုပ်ခဲ့ပါသည်။ ထိုသို့သင်ကြားပြီးနောက်ကျောင်းအုပ်ဆရာကြီးမှ ပြည် ဂိုဏ်းထောက်နယ်၊ ပေါက်ခေါင်းမြို့ရှိ ငလူးစမ်းကျေးရွာသို့သွားရန်ညွှန်ကြားခဲ့ပါသည်။ ထိုကျေးရွာသည် ဇေဝံဂေလိနယ်ဖြစ်၍ ဓမ္မဆရာတစ်ဦးမျှမရှိကြောင်း၊ စာသင်ရန်ကျောင်းဆရာတစ်ဦးလိုအပ်ကြောင်း အကူညီတောင်းလာသဖြင့် ထိုနေရာသို့ သွားရောက်ခဲ့သည်။ ပေါက်ခေါင်းမြို့မှကားဖြင့် (၂)နာရီခန့်ထပ်သွားရသော ထိုရွာကလေးသည် တောင်ပေါ်ပိုင်းလောက်တွင်တည်ရှိနေသည်။ မလုမ်းမကမ်းတွင် တပ်မတော်၏တပ်ရင်း (၁၉)တပ်မကြီးတည်ရှိနေသည်။ လမ်းခရီးအနည်းငယ်ကြမ်းတမ်းသဖြင့် စိုးရိမ်စရာများဖြစ်ခဲ့သည်။ သို့သော် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ရွာကလေး သို့ချောမောစွာရောက်ရှိခဲ့ပါသည်။ ရွာသူ၊ရွာသားများက လာရောက်ကြိုဆိုကြပြီး ကျောင်းဆရာနေရသည့်အိမ်ကို ခေါ် သွားခဲ့ပါသည်။ ထိုနေရာသည် ရွာအဝင်ဝတွင်ဖြစ်ပြီး (၁၀)ပေပတ်လည်ခန့်ဝါးထရံ ဓနိမိုးအိမ်ကလေးဖြစ်သည်။ အိမ်ထဲသို့ဝင်လိုက်သည်နှင့် အခင်းဝါးများကျိုး ချင်စပြုလာသဖြင့် သတိထားကာလျှောက်ခဲ့ရသည်။ ထို့နောက်အမောဖြေ၍ စာသင်ကျောင်းသို့သွားရောက်ကြည့်ရှုရာ

တွင်လည်း အိမ်နှင့်သိပ်မထူးလှပေ။ ထိုအရာများသည် ကျွန်ုပ်အတွက်အလွန် စိမ်းနေသလိုခံစားရာတွင် ထိုနေရာ၌တစ်ယောက်တည်း (၃)လတာဘယ်လိုကျော်ဖြတ်မလဲဟုသာ စဉ်းစားနေမိပါသည်။ ကြောက်စိတ်များဖြစ်ပေါ်လာသော်လည်း အချိန်ရလျှင်ရသလို ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်းများကိုပြုလုပ်ခဲ့ပါသည်။

နောက်တစ်နေ့တွင် ဗိုက်နာသဖြင့် အိမ်သာရှာရာ အိမ်သာမရှိကြောင်းထိုအချိန်မှသိရှိခဲ့ရသည်။ ထို့ကြောင့် အိမ်သာတစ်လုံးဆောက်လုပ်ရန် စိတ်ကူးပေါ်လာခဲ့ပါသည်။ ထို့နောက်အလှူခံရာတွင် အင်းစိန်အသင်းတော်မှ အလှူရှင်တစ်ဦးက လှူဒါန်းခဲ့ပါသည်။ ထို့ပြင်ကျောင်းတွင်လည်း အိမ်သာတစ်လုံးဆောက်လုပ်ရန် ကျွန်ုပ်၏အစ်ကိုဇနီးမောင်နှံထံတွင် အကူညီတောင်းခဲ့ပါသည်။ ထို့အပြင် ကျောင်း၏အခြေအနေကိုပါပြောပြခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ် တော်၏ထိတွေ့မှုဖြင့် ထိုဇနီးမောင်နှံမှကျောင်းပြန်လည်တည်ဆောက်ရန်ကူညီမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုအခါစာရင်းများတွက်၍ ကုန်ကျငွေကိုဖော်ပြရာ အလှူရှင်မှမဆိုင်းမတွလှူဒါန်းခဲ့ပါသည်။ ထိုအခါ ကျောင်းဆောက်ရန်ကျွန်တော့်အပေါ် တာဝန်ကြီးရောက်ရှိလာပါသည်။ ကျောင်းဆောင်အသစ်ဖြင့် ကလေးငယ်များပညာရေးကောင်း မွန်လာမည်ဖြစ်သောကြောင့် ဝမ်းသာမိခဲ့ရသော်လည်း ဆောက်လုပ်ရေးအတွေ့အကြုံမရှိသောကျွန်တော့်အတွက် စိန်ခေါ်မှုတစ်ခုဖြစ်လာခဲ့သည်။ ဆောက်လုပ်ရန်ကျွန်းသစ် များကို ထိုရွာမှ (၄)နာရီခန့်ဆိုင်ကယ်ဖြင့်သွားရသော တောထဲတွင် သာရရှိနိုင်ပါသည်။ ထိုခရီးမှာအလွန်ကြမ်းတမ်းသော်လည်း ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကောင်းမွန်စွာ ရောက်ရှိသွားခဲ့ပါသည်။ ထိုနေရာတွင် ပြည်သူပိုင်သစ်များကို တစ်နိုင်တစ်ပိုင်ထုတ်ယူနေသောနေရာဖြစ်သောကြောင့် အလွန်ပင်အန္တရယ်များသည်ဟု ဆိုနိုင်ပါသည်။ သို့သော်ထိုနေရာရှိလူများနှင့် ခင်မင်ရင်းနှီးခွင့်ရရှိခဲ့ပြီးနောက် ကျောင်း ဆောက်ရန်သစ်များမှာခဲ့ပြီး စရံငွေပေးချေကာ နေရင်းရွာသို့ပြန်လာခဲ့သည်။

**အိမ်ထဲသို့ ဝင်လိုက်သည်နှင့် အခင်းဝါးများ ကျိုးချင်စပြုလာသဖြင့် သတိထားကာ လျှောက်ခဲ့ရသည်။**

ကျွန်တော့်မိခင်ဖြစ်သူမှာ အလွန်စိတ်ပူသဖြင့် သစ်သွားသယ်သောနေ့တွင် ရွာသားများသာလွှတ်ရန် ဖုန်းဆက်ပြောဆိုခဲ့ပါသည်။ သို့သော်တစ်ခုခုလွဲချော်နိုင် မည်ဖြစ်သောကြောင့် သစ်သယ်သောနေ့တွင် ထိုတောထဲသို့ ဒုတိယအကြိမ် ဆိုင်ကယ်ဖြင့်သွားခဲ့သည်။ တရားမဝင်သစ် သယ်ယူမှုဖြစ်နေသဖြင့် သစ်များကို ဖောကား (Faw)ကားဖြင့်တင်ကာ ည(၁၀)နာရီခွဲအချိန်တွင် ကားမှာငုတ်ထောက်သဖြင့် အင်ဂျင်ဝိုင်ပိုက်ပျက်၍ ဆက်မောင်းရန်မရတော့ပေ။ ထိုအခါတောထဲ၌ပင် အလွန်ခြောက်ခြားစရာကောင်းလှပါသည်။ ကားနောက်ရှိသစ်များမှာလည်း ပုံပျက်နေပါသည်။ သစ်ပြန်လည်ရေတွက်သောအခါ (၈)လုံးခန့်၊ တန်ဖိုးအား ဖြင့် တစ်သိန်းဖိုးခန့်လျော့နေပါသည်။ နောက်ကြောင်းသို့ခြေလျင်ပြန်လှည့်၍သစ်များကိုရှာခဲ့ရာ ပြန်လည်တွေ့ရှိခဲ့ပြီး ကားရှိရာနေရာသို့ထမ်းပြန်ခဲ့ရပါသည်။ မနက်မိုးလင်းချိန်ဆိုင်ကယ်ကြုံဖြင့် အင်ဂျင်ဝိုင်ပိုက်ပြင်ရန်မြို့ကိုတက်ပြီး ညနေတွင် ပြန်လည်ခရီးဆက်ခဲ့ရာ ရွာသို့သစ်များရောက်ရှိခဲ့ပါသည်။ ကျွန်တော်သည်အစပိုင်းကား

ပျက်ချိန်တွင် ဒုက္ခများကြုံ ခဲ့သဖြင့် ဘုရားသခင်အား အပြစ်တင်ခဲ့မိပါသည်။ သို့သော်ကားသာမပျက်ခဲ့လျှင် သစ်များ ပြုတ်ကျသည်ကိုမသိရှိဘဲ ရွာရောက်ချိန်တွင် သစ်များကျန်တော့မည်မဟုတ်ကြောင်း စဉ်းစားမိခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်၏အကြံအစည်တော်သည် အလွန်အံ့သြဖွယ်ကောင်းလှကြောင်း သက်သေခံဝေမျှလိုပါသည်။

ထိုသို့သစ်များရောက်ရှိ၍ ကျောင်းကိုဆောက်လုပ်ကြရာ တွက်ချက်မှုအားနည်းသဖြင့် သစ်များထပ်မံလိုအပ်ရာ သစ်ထုတ်ရာတောသို့ တတိယအကြိမ်သွားခြင်းသည်ရှေ့အခါများနှင့်မတူ သစ်အရေအတွက်နည်းသဖြင့် (၁၁)နာရီ ခန့်သွားခဲ့ရပါသည်။ အသွားတွင်ဝန်ပေါ့သော်လည်း အပြန်တွင်သစ်များတင်လာသဖြင့် နွားလှည်းကျိုးမည်ကို သတိထားရပြန်သည်။ ထိုသို့ ကျွန်ုပ်နှင့်နယ်ခံရွာသားတစ်ဦး၏ (၁၃)နာရီခန့်ကြာသော နွားလှည်းခရီးစဉ်မှာပြီးဆုံး၍ ရာသို့ဝင်သောအခါ နွားပိုင်ရှင်မှအလွန်အံ့သြနေခဲ့ပါသည်။ နွားနှစ်ကောင်မှာ ဘယ်နှင့်ညာတပ်ထားခြင်းမှားနေသောကြောင့် ဖြစ်သည်။ အခန့်မသင့်လျှင် လှည်းကျိုးတတ်ကြောင်း၊ ကျွန်တော်တို့အလွန်ကံကောင်းကြောင်း ပြောဆိုခဲ့သည်။ ကျွန်ုပ်၏ စိတ်ထဲတွင်မူ ဘုရားသခင်သည် ကျွန်ုပ်နှင့် အတူပါရှိကြောင်း ချက်ခြင်းခံစားမိခဲ့ပါသည်။ ကျောင်းကြီးဆောက်လုပ်ပြီး၍ ဒီဇင်ဘာလတွင် ဖွင့်ပွဲနှင့် ခရစ်စမတ်ပွဲတော်ကျင်းပခဲ့ပါသည်။ ကျွန်တော်သည် ငလူးစမ်းဇေ၀ံဂေလိနယ်ကိုရောက်သောအချိန် မှ၍ ကျွန်ုပ်ရှိသောအချိန်တွင် မယုံကြည်သူတစ်ဦးကို ဗတ္တိဇံခံယူနိုင်ရန် နေ့စဉ်ဆုတောင်းခဲ့ပါသည်။ ခရစ်စမတ်ပွဲတော် ဝတ်ကျင်းပနေချိန်တွင် မယုံကြည်သူ မိဘတစ်ဦးမှ သူမ၏သားငယ်လေးတစ်ဦးမှာ ဗတ္တိဇံခံယူလိုကြောင်း ခွင့်တောင်းလေသည်။ ကျွန်တော်လည်း ချက်ခြင်းဗတ္တိဇံခံယူနိုင်ရန် ဘုန်းတော်ကြီးများနှင့်ပြင်ဆင်ပေးခဲ့ပါသည်။ ထိုကလေးငယ် မှာ ကျွန်ုပ်နှင့် ညတိုင်းအတူအိပ်စောင့်ပေးသော ကလေးငယ်ဖြစ်ပြီး ထိုကလေးငယ်မှာကျမ်းစာအကြောင်းအလွန်နား ထောင်ရန်ပြင်းပြသောကလေးငယ်ဖြစ်ပါသည်။ ဖခင်ဖြစ်သူမှာ အစပိုင်းတွင် သဘောမတူသော်လည်း နောက်ဆုံးတွင် လက်ခံခဲ့ပါသည်။ ထိုအချိန်တွင် ကျွန်ုပ်သည် မျက်ရည်ကျမတတ်အောင် ပီတိဖြစ်မိခဲ့ပါသည်။



တစ်ခါတစ်ရံကျွန်တော်တို့ ဒုက္ခခံစားရခြင်းများကြုံတွေ့ရသော်လည်း ဒုက္ခများ၏နောက်ကွယ်တွင် ဘုရားသခင် ၏ ကောင်းချီးမင်္ဂလာများရှိနေကြောင်း သက်သေခံဝေမျှလိုပါသည်။

လုကာအောင်ဇင်ဦး (ပထမနှစ်)



# Friends - Special Gifts from God

**Phyu Sin**

According to Oxford Advanced Learner's Dictionary of Current English, "A friend means a person you like/ a person you know well and like, and who is not usually a member of your family".

Among what God has granted us, friends are special gifts from Him. Friends can be classed into old friends, new friends, life long friends, close friends, childhood friends, family friends, best friends, true friends etc.

Friends need not be the same age as we are.

They may be males or females.

They may be our teachers or students.

They may be our employers or employees.

They may be our priests or Sunday school children.

They may be our doctors, nurses or our housemaids.

They may even be strangers we have never met before.

Again two types of friends are to be recognised: - Good friends and bad friends.

The following is what I have read on the cover of the newspaper "မြန်မာ့အလင်း"

"မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်း သင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့ အားပေါင်းသင်းဆက်ဆံမှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအ တွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ် ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။"

ပဏ္ဍိတဝဂ်(ဓမ္မပဒ–၇၈။)

I have read and noted the following quotations in "Our Daily Bread", usually appear at the bottom of each page.

(1) A friend is the first person who comes in when the whole world has gone out.

(2) A true friend stands with us in times of trial.

(3) Friends are flowers in the garden of life.

(4) Reach out in friendship and encourage the lonely, energise the weary.

(5) Loyalty is the test of true love.
(6) A good book - like a good friend is always there in your time of needs.
(7) True friends will never part.
(8) True friends speak the truth in love.
(9) A true friend stays true to the end.
(10) We don't find friends, we make them.

I would like to add some more quotations as follows ; -

A friend (i.e. a good friend) is one,

Who opens his or her heart to you when he or she is happy or sad.

Who always cheers you up when you feel depressed or are in sorrow.

Who will be patient enough to listen to each and every of your problem.

Who comes to your rescue when you are in danger.

Who is always ready to help you.

Who corrects your mistakes.

Who is happy with you when you achieve something; (e.g promotion, unexpected income etc.)

Who cries with you when you are in sorrow and laugh with you when you are happy.

Who loves you unconditionally.

Whom we can trust.

So also.

Friends are included in what money can't buy.

Here are some more writings and quotations from books and postcards to share.

A. "Two persons cannot long be friends if they cannot forgive each other's little failings."

More than thirty years ago, I quarelled with one of my colleagues, a very intimate friend, and we did not speak to each other for three years. Finally, I went to her place and spoke first to her. Now we are still very good friends.



B. The following is taken from "Top Magazine."

I am always by your side If one day you feel like crying, call me. I don't promise that I will make you laugh, but I can cry with you.

If one day you want to run away, don't be afraid to call me. I don't promise to ask you to stop, but I can run with you.

If one day you don't want to listen to anyone, call me. I promise to be there for you, and I promise to be very quiet.

But if one day you call, and there is no answer, come fast to see me. Perhaps I need you.

The poem mentioned above touches my heart and soul. I have a friend who is suffering from a terrible stroke for twenty seven years. At present, she cannot take food (solid or liquid) orally, so she has to be fed by tube through her nostril. In addition, she cannot speak, and the worst thing is that she doesn't know anybody anymore. I pay a visit to her occasionally. Whenever I sit near her and hold her hands, her eyes are unable to meet mine. She is still breathing, moving and can sit on bed, but she knows nothing. Her heart is still beating but her brain is not working anymore. All I can do for her is "praying for her".

C. The time that good friends share together will last in memory forever.

This is really true. I have some good friends - in my schooldays, when I was studying at the universities both at home and abroad, and some are my teachers, students and colleagues. Although we seldom meet they are frequently in my thoughts.

D. There is a special kind of freedom friends enjoy. Freedom to share innermost thoughts, to ask a favour, to show their true feelings. The freedom to simply be themselves.

I am blessed abundantly with such special friends - friends I can trust, and pour out my problems and ask helps.

E. The Miracle of Friendship

There's a miracle of friendship that dwells within the heart,

And you don't know how it happens or where it gets its start.

But the happpiness it brings you always give a special lift.

And you realise that friendship is God's most perfect gift.

Yes, friendship is really one of God's most perfect gifts. I have some good friends who make me happy and cheer me up when I am downhearted. I really don't know how, and where these freindship have started.

F. A friend is someone who helps you when you are in trouble. There is a saying "A friend in need is a friend indeed."

I have a neighbour (a family) living fairly close to my house. Some twelve years ago, I suffered a sort of dysentery and I almost collapsed. It happened at midnight. The husband, my niece and one of their daughters took me to the hospital in their car (one half an hour drive) and one of the daughters watched over my house while we went there. I never forget what they have done for me. They are really true and good friends. I am so lucky and blessed to have lived near such a family's house. I am grateful for their concern, love and help and praise God for granting me such good friends.

I had a neighbour ten years older

than I. She has daughters, grandchildren and great grandchildren. But they are unable to supply her with daily medicine she needs. I regards her as a friend and give her the medicine regularly. Now I have moved to another place, faraway from her house, but still, I do that because she is in need and it makes me happy to do so.

I have said that friends can also be strangers we have never known or met. This might sound ridiculous. But I have friends, totally strangers to me. They are in my thoughts and I pray for them. One case happened in 1990. I was waiting for the bus near Nandawun market in South Okkalapa. A bus came and stopped. Some people got off from the bus. I just got on the first step of the bus when the bus conductor shouted "Drive on"(armif;). I was sure he did not see me. I fell back from the bus and suddenly I thought I was going to die. But something unexpected happpened. Somebody caught hold of my shoulder and I was saved. When I realised what had happend, I just saw his back, walking away and disappeared among the pedestrians. He didn't even wait for my thanks. Well, is he not a friend? He saved my life. I would have been seriously injured, or even killed. It was not simply a matter of luck or coincidence that I was not hurt. God's protective hand was there.



Another case happened twelve years ago. While I was crossing the road near North Okkalapa cross roads, just before I reached the other side, I fell, my cheek touching the ground. A man and two other women came and helped me to get up on my feet. The only thing I could say was "thank you, thank you". I got some scratches on my cheek and cuts on my knees. I had to take medical treatment for two weeks and I was all right again.

G. A strong friendship does not need daily conversation.It does not always need togetherness. For as long as the relationship lives in the heart, true friends will never part. (From Facebook.)

In the Bible we have read about the faithful, true and great love between Jonathan and David ( 1samuel 20 : 4, 20: 17, 20 : 34, 20 : 41).

I recall what we were taught by one of our Sunday school teachers about the friendship between Jonathan and David. She illustrated their friendship as follows: - "The friendship between Jonathan and David was so great that if one did not have a slate pencil (ausmufwH) the other broke his and gave one of the broken halves to the one who did not have." In those days, at our school, we , primary children did not have books and pencils. Instead we had to use slate (ausmufoifykef;) to write on and slate pencil (ausmufwH) to write with.

In conclusion, I would like to say that Good Friends are like gold and diamond. They are precious and valuable. They are special gifts from God. So, we should love them, be loyal to them, treat them well, help them in their needs, and stand for them through thick and thin.

Only very few happenings are cited. In fact throughout my life, many good friends have helped me in various ways, and I have tried my best to do what I can for them.





# The Grace of Forgiveness

Pee Ku

### THE BRIDGE

He that cannot forgive others the wrongs which they have done him breaks the bridge over which he himself must pass sometime. Every man needs to be forgiven. It has bun reckoned a wise and withy answer which one of the philosophers returned to his friend, who advised him to advised him to avenge an injury that had bun done to him; "what" says he, "If an as kicked me, must I kick it". It seems to carry in it something of a true greatness of mind. Yet does it not at the same time discover a kind of haughty and contemptuous spirit? It has more pride than goodness.

True forgiveness comes, not out of disdain and can tempt of the person forgiven, the man who has pierced your heart stands to thee in the relation of the sea worm, that perforates the shell of the muscle, which straight way closes the wound with a pearl.

### THE TRIUMPH

A soldier was brought before the commanding officer of the regiment for some misdemeanor . The officer entering his name said, "oh, here's smith again! What can we do with him? He has gone through almost every ordeal". The sergeant major apologized for intruding and said, "There is one thing that has never been done with him yet sir". The officer was surprised and asked, "what is that? "well sir," said the sergeant major, " the man is not before you yet, and you can cancel it". After the officer reflected a few minutes he ordered the man to be brought before him. When he was asked what he had to say relative to the charges brought against him, "Nothing, sir," was the reply, "only that I am sorry for what I have done," After making some suitable remarks the officer said, "well we are resolved to forgive you." The soldier was struck with astonishment. Tears started from his eyes

and he wept. The officer and all those present were moved deeply when they saw the man so humbled. The soldier thanked the officer and retired. The officer forgave the soldier on any change. He was changed. Mercy triumped and kindness conquered. The man was won.



## THE HONEY BEE

When the honey bee dives its barbed sting into the flesh it becomes so embedded that the only way for him to escape is to leave its sting behind. This, however is sure to cause his death. He receives himself such a wound that he cannot recover. So when we sting others by revenge, we not only leave the sting in our enemy, but the act is moral death to us.

There are enemies who injure us by word and deed. There are others who say evil things against is carelessly, attribute wrong motives, prevent what we say. "They speak daggers". Even friends sometimes do the most annoying and trying things, that are apt to remain in the memory and fester like a thorn in the flesh. Almost everyone has some things in his daily life, which are annoying to others. We are apt to let these fester in our memories, to dwell upon them, when we ought to bury them in the depths of our love.

Nine – tenths of the serious controversies which arise in life result from misunderstanding from the fact that do not know the facts which to the other party seem to be important or otherwise fail to appreciate his point of view. We live a midst great divergences of temperaments and opinions. Therefore it is a most blessed thing to forgive. Little daily things of life cause friction and only forgiving love can overcome them.

"The kindest and the happiest pair will find occasion to for bear.
And something, every day they live to pity, and perhaps forgive".

**Pee Ku**

Taken from the book "Wells of wisdom" written by Rev.G.P Charles. MA.D.D

# " Let the Light of God shine through "

**Sheba Movin**

Jesus wants me for a sunbeam.
To shine for him each day
In every way try to please Him
At school at home at play
A sunbeam a sunbeam
Jesus wants me for a sunbeam
A sunbeam a sunbeam
I'll be a sunbeam for Him.

Jesus bids us shine with a pure clear light
Like a little candle burning in the night
In this world of darkness, so we must shine
You in your small corner, an I in mine.

The above Sunday School hymns were taught to us by our Sunday School teachers from St.John the Evangelist Church, Yangon. Our teachers were all elderly

ladies who committed their time, their faith and their desire to serve God to help young children like us to know God, to love God and to build us up as family members of God.

I would like to give my grateful thanks and tribute to my teachers Mrs. Po, Mrs. Smith, Mrs. Campbell and Sayamagyi Daw Ethel who had gone to their heavenly home years ago. That was in 1956 to 1958 when my father was a Parish Priest at St. John's Church.

Then my father was transferred to Maymyo in the early summer of (1958). My young brothers and sisters and I attended the Sunday School at St. Matthew's Church, Maymyo. My new Sunday School teachers were Sayamagyi Daw Shwe Su (Bp. Aung Khin Thein's grandmother), teacher Emma Vardon and Mrs. S. San Wa. After my confirmation I helped my Sunday School teachers in singing hymns and songs.

I enjoyed my Sunday School days very much especially in my tender age. I loved to listen to the stories about Jesus, mother Mary and Joseph the disciples of Jesus, the fishermen who followed Jesus without hesitation when they were called. The conversation of Paul, Peter who denied Jesus three times, Mary and Martha, the Good Samaritan, The Prodical Son, Matthew the tax collector and many other stories from the New Testament so also about David and Goliath, King Saul, Abraham, Issac, Jacob, Joseph, Samson, Ruth and many other stories from the Old Testament.

Sunday School days were the best part of my life that could not be substituted. As a young child of tender age when I sang the above hymns I tried to think as a child about Light. I knew that we could get light from the sun at daytime and the electricity light, Lamp and candle to help us see clearly in the dark. I knew very well that I could not give light since I was not the light. The thought of Light kept me thinking all the time up to my adult years. I heard many sermons on light but I couldn't bring myself to comprehend what light really was.

Everyday I read the Bible, studied it carefully and prayed about it so that God would reveal its meaning and what God wanted me to know and teach me. One Sunday as I was concentrating during the communion service I heard the Priest announced the Scripture verse on Mt 5:16 " Let your light so shine before men, that they may see your good works and glorify your father which is in heaven. " I have been hearing this scripture verse every Sunday before the offertory but it didn't strike me, only at that moment I received the revelation from God and I thanked God for the answer.

How are we to shine for the Lord? By doing good works in kind words and deeds. Can we shine out our light in this world of darkness for all to see Christ in our lives? It is not at all easy because we were born with two natural desires to do good and bad works. The evil forces or desires within us always urge us to do and say bad things that shut out the light and become a disgrace and dishoured our God.

As I continued to study and read the Bible I found a Scripture verse from Galatians 5:22 that helps me to understand the kind of fruits (works) that we should bear, the fruit of the Spirit. They are " Love, Joy, Peace, Patience, Gentleness,

Kindness, Faithfulness, goodness and Self Control. "

To be able to shine as a beacon for the Lord, we need God's Holy Spirit to control our lives to bear the fruit mentioned above. If we do not have the Spirit of God in us we cannot shine the Light that God wants us to.

So how do we hide or shut out the light for the Lord? We hide our light by being quiet when we should speak, by going along with the crowd, by letting sin dim our light, by ignoring the needs of others. " When someone lights a lamp does he put a box over it to shut out the light? Of course not. A lamp is placed on a stand to shine and be useful. " Mk 4:21 ( Life Application Bible).

If a lamp doesn't help people to see, it is useless. Do our lives show other people how to find God and how to live for him? If not, what boxes shut out our light? They are complacency, resentment, stubbornness of heart, disobedience that keep God's light from shining through us to others.

" John was not the light, he was only a witness of that light. " Jn 1:8 ( King James). Like John the Baptist we are not the source of God's light, we only reflect that light. Jesus Christ is the true light and he helps us to see the way to God and show us how to walk along the way. We are never to present ourselves as light to others but are always to point them to Christ, the Light.

The light of Jesus' truth is revealed to us, not hidden. But we may not be able to see or use all of that truth right now. Only as we put God's teachings into practice we will unstand all of it. The truth is clear, but our ability to understand is imperfect. As we obey we will sharpen our vision and increase our understanding.

It is important to know what God's Word say, but it is much more important to obey it. The effectiveness of our Bible study time can be measured by the effect it has on our behaviour and attitude.

To be able to shine for the Lord in this world of darkness we need God's power of Light in us. Our responsibility is to let people see God through us.

" May this message be a blessing to all those who want to shine for the Lord " Amen.

With Christian Love

Sheba Movin

Reff: Life Application Bible
King James Bible



# “Do not be worry”

## Gospel: Matthew 6:24-34

Rev. Salai David

Introduction

As a father I was worry about my children and their lives in future. I, as a pastor in Myanmar, have insufficient income and cost of living, but I thank to the Lord for providing me all charges are blessed by the grace of God. With this concept I long to past sixteen years in His ministry. I was reminded do not be worry in the scripture Matthew 6: 24-34 while I was carefully thinking about my children and family. This scriptural text made me stress-free, not to be worry in my life. When I observe the text, Jesus says the word “Don’t worry, be hopeful.” In Matthew 6: 25-34, Jesus uses the word “worry” six times and He says, “Don’t worry” for three times. It can be said that Jesus against high anxiety and harmful worry.

1. Worry is Demonstration of Faithlessness (Matt. 6: 31-34)

Accordingly, Jesus provides two reasons you shouldn’t worry. “First don’t worry doesn’t meant don’t plan. In King James Version, translates the phrase “do not be worried” as “take no thought.” This worry is misleading because it gives the impression that future

planning is unnecessary. Second, don't worry doesn't mean don't be concerned. The root idea of the verb "worry" means "to be pulled apart." There has a difference between concern and worry. Concern is when you can do something to help a situation, so you don't want to leave it up to God. You can spiritualize it all you want, but worry is a sin. If you are a worrying Christian, you are a sinning Christian. So don't worry, be hopeful. Jesus says; "is not life more than food and the body more than clothing?" God gave your life; He can surely sustain that life. If you're determined to worry, worry about that. We assume when we go to bed at night that we are going to wake up the next day.

2. Worry is exercise pointlessness (6:25-30)

Jesus promises to meet your needs because He cares for you. "For this reason I say to you, do not be worried about your life, as to what you will eat or what you will drink; nor for your body, as to what you will put on" ( 6:25). The phrase "do not worry" can be literally translated "stop worrying." Jesus wants His followers to stop worrying for food, drink, and clothes because He will meet your basic material needs.
Here, Paul the apostle wrote, "Do not begin worrying" in Phil 4:6. Two reasons are given for why you should not worry. First, "the Gentiles eagerly seek these entire things. In Jesus' day, the pagans trailed food, drink, and clothing because they didn't know God as a loving Father. They were persecuted by anxiety because they believed their future was in the hands of Fortune or luck meter. Thus, Jesus is saying that worry is practical atheism. When you and I worry, we are behaving just like unbelievers. The second reason not to worry is: "your heavenly father knows that you need all these things" (6:32). If my children worried about whether I was going to feed and clothe them, I would feel pretty bad about the way they thought of me as a father. When you worry, you are saying, "God, I don't really know about you. I'm not sure you are a caring God. I'm not sure you are providing God. You are good for the Church on Sunday, but I'm not sure about you. So I've got to take care of this myself.

Jesus says, "But seeks first His kingdom and His righteousness." This is present tense command. The word "seek" was used "to describe the activity of a hunter who hides in a blind to hunt birds. He is hunting for food, not just for sport. He focuses his whole mind on those birds. He keeps his bow and arrows ready. Just as a bird hunter makes birds the centre of his attention," you are to make God's kingdom your top priority. This means if you are to be anxious about anything, it should be the affairs of God's kingdom.

Jesus states that if you fulfil the condition of seeking first God's kingdom and His righteousness "all these things will be added to you." But this is not a license for laziness. One element of seeking first God's kingdom and His righteousness is working. Disciples are promised survival, not prosperity. In Psalm 37:25, King David said, "I have been young and now I am old, yet I have not seen the righteous forsaken or his descendants begging bread. In Matt. 6:28–30, Jesus says, "Just look at the flowers." At first glance, Jesus' words about

the lilies, like the birds, are lovely, but they are not very compelling. Sure, birds and lilies don't worry about life, but they also don't have mortgages, car payments, electric bills, and college tuitions to keep them awake at night." But you "Don't worry, be hopeful."

Each day has enough trouble of its own in 6:34. Jesus is saying something quite interesting: You won't sink under the burden of today's crisis, but tomorrow's agenda puts you over the weight limit. Have you ever tried to carry to many bags of groceries at the same time? It doesn't matter how many there are. Jesus tells you to carry today's bag today and make a fresh trip tomorrow. Leave tomorrow alone. At the present time, you have the grace and the strength He has given you for today. Your calendar gives each day its' own number. Live them in that order, just as God arranged them. Someone said, "worrying doesn't rob tomorrow of its sorrow, it robs today of its strength. Don't let this happen to you. Don't worry, be hopeful.

1.The Abundant Heart

Jesus somehow admits we have worries. We know that some worries are silly, about weather and what people think of us. Others are huge. People have huge fears about the future at the moment. The advice of Jesus is to be concerned, to help each other, but not to allow them take over. He has some examples like fashions and clothing, food and drink… he is suggesting we can get by on a lot less that we thought. Trying as well to balance the money tensions – first sentence was about money. How we can spend on a wedding – he might say – don't worry about your wedding day – set your hearts on love and all else will be given you. We are right to be concerned for the future but need also to live a day at a time.

Being grateful for what we have can help develop this attitude. Give a prayer of thanks for the ordinary and extraordinary in our lives each day. Why? The first reading… God does not forget us, like mothers never forget their children. Letting in the love of God can affect us deeply day to day. We have images for it… carved on the hand, branded on the forehead, names written in a book of life, and our names are 'tattooed' with love in the heart of Jesus.

2.For a chronic worrier!

However, here is the question, "Are there reasons to be worried today?" Most people would say there is. For the people in Myanmar Union Peace conference in the 21$^{st}$ century is our hope, for us we still worry high energy costs, a worsening economy, and rogue nuclear nations, threats of ISIS terrorism, widespread jobless, and tension in the nationwide all these make for uncertain times. Economic stress is taking its toll on Myanmar's emotional and physical health. If and when we survey the cost of living in our nation that most of us will say self-medicate by overeating or indulging in unhealthy foods, the money and economy topped the list of stressors for at least 80 percent of those surveys without sleep. I mean to

say that all of these are happen worry.

If you're a chronic worrier, here is a suggestion you might find helpful. First, find a box. Tape the lid on, and then cut a little hole in it. Call it your "*worry box*." Whenever you feel tempted to worry, write your worry on a piece of paper and drop it in the box. You can say, "*Lord, this is my concern, and it has the potential to become a worry. You have told me not to worry, so here is what I am going to do. I'm going to put it in in my worry box and let you take responsibility for it. Anything that I put in this box will be there because I can't handle it. Once it's in the box, I'm going to trust you to handle it for me, Lord.*"

Jesus admits we have worries. Being grateful for what we have can help develop this attitude. Give a prayer of thanks for the ordinary and extraordinary in our lives. God does not forget us, like mothers never forget their children. Letting in the love of God can affect us deeply day to day. We have images for it… branded on the forehead, and our names are 'written' with love in the heart of Jesus.

Conclusion

My daughter, Susan, loves to jump into my arms from the bed when she was young. She climbs onto our bed and says, Pa Pa, I'm going to jump into your arms and you're going to catch me. She demonstrates her trust in me. Do you think I've ever dropped her? I always catch her when she was jumping from the bed. My daughter Susan has no fear that her father won't catch her. Likewise, God asks you to take a jump of faith and trust in His ability to catch you. He is trustworthy and He alone can meet your needs and my needs. So trust Him today.
"Shalom be with you, all and God bless you, always."

Rev. Salai David
Holy Cross Theological College
Yangon
Date: 19th November, 2016



# ဘုရားသခင့်ကွဲပြားသော ရွေးကောက်တော်မူခြင်း

ဘုန်းတော်ကြီး အိုက်ငနောကာ
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

ဘုရားသခင့်အလိုတော်ကို ဖန်ဆင်းခံလူသားများသိရှိရန်၊ ဘုရားသခင့်သာသနာ့ အမှုတော်မြတ်ကို ဆက်ကပ်ထမ်းဆောင်ရန်နှင့် သခင်ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဖန်ဆင်းခံလူသားများကယ်တင်ခြင်းရမည့်သတင်းကောင်းကို ဟောကြားသက်သေခံရန်အတွက် ဖန်ဆင်းခံလူသားများအား ဘုရား သခင်ရွေးကောက်ခေါ်ယူအသုံးပြုခဲ့သည်ကို အသင်းတော်သမိုင်းတစ်လျှောက်တွင် မြင်တွေ့နိုင်ပေသည်။ ထို့ပြင်ဘုရားသခင်သည် ပစ္စုပ္ပန်ကာလ၌လည်း အမှုတော်မြတ်အတွက် လူသား များအားရွေးကောက်ခေါ်တော်မူကာ၊ အသုံးပြုနေသည်နှင့် အနာဂါတ်ကာလတွင်လည်း ဆက်လက်၍ ရွေးကောက်ခေါ်ယူအသုံးပြုနေဦးမည်ဟူသည့် အချက်ကို တိကျခိုင်မာစွာဖြင့် လက်ခံယုံကြည်ရမည်ဖြစ်သည်။

ယေဘုယျအားဖြင့် ဘုရားသခင့် အမှုတော်မြတ်၊ သာသနာတော်အတွက် ဘုရားသခင် ရွေးကောက်ခေါ်ယူတော်မူခြင်းခံရသည့်ပုဂ္ဂိုလ်များမှာ ယနေ့ခရစ်ယာန်များ၏အခေါ်အဝေါ်အားဖြင့်ဆိုပါက သာသနာပိုင်များ၊ ဘုန်းတော်ကြီး၊ သင်းထောက်၊ ဓမ္မဆရာများတို့သာလျှင် ဘုရားသခင့်အမှုတော်မြတ်နှင့် သာသနာတော်အတွက် ရွေးကောက်ခံရသူများဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပဲ၊ ယုံကြည်သူခရစ်ယာန် တစ်ဦးစီတိုင်းသည် မိမိတို့၌ရှိသော မတူညီသည့်ဆုကျေးဇူးများဖြင့် မိမိတို့ရှိသောနေရာ၊ ဒေသ၊ အလုပ်၊ ဌာနတို့၌ ဘုရားသခင့်အလိုတော်အတွက် အမှုတော်ဆောင်ရန် ရွေးကောက်ခံရသည့် အမှုတော်ဆောင်များဖြစ်ကြသည်ကိုလည်း ပြန်လည်သတိချပ်ရမည်။

သိက္ခာရဓမ္မအမှုတော်ဆောင်တစ်ဦးအနေဖြင့် အမှုတော်ဆောင်ရန်မှာမူ ဘုရားသခင်မှ ထူးခြားသောရည်ရွယ်ချက်၊ သီးသန့်လုပ်ငန်းတာဝန်တို့အတွက် သီးသန့်ရွေးကောက်ခေါ်ယူ တော်မူခြင်းဖြစ်သည်ဟု နားလည်ပါသည်။ အသင်းတော်၌ သိက္ခာရဓမ္မအမှုတော်ဆောင်တစ်ဦးအနေဖြင့် ဆက်ကပ်အသုံးခံနေကြသော သာသနာပိုင်၊ ဘုန်းတော်ကြီး၊ သင်းထောက်များတို့သည် မိမိတို့၏ဝါသနာများအရ (သို့မဟုတ်–

အချို့ဝါသနာမပါပဲ ဓမ္မအမှုတော်ဆောင်ဖြစ်နေ သူများ) ဓမ္မအမှုတော်ဆောင်ဘဝကို ရွေးချယ်ခြင်းဖြစ်သော်လည်း အဓိကမှာ ဘုရားသခင်မှရွေး ကောက်ခေါ်ယူအသုံးပြုခြင်းကြောင်းသာလျှင် ဖြစ်ပေသည်။ တနည်းအားဖြင့် မိမိတို့၏ကြိုးစားအား ထုတ်မှုများ၊ အစွမ်းအစများ၊ အရည်အသွေးများကြောင့်မဟုတ်ပဲ ဘုရားသခင်မှရွေးကောက်ခေါ်ယူအသုံးပြုခြင်းသာလျှင် ဖြစ်ပေသည်။

သို့သော် ယနေ့အသင်းတော်ထဲတွင်သော်လည်းကောင်း၊ အသင်းသူ၊ အသင်းသားကြား၌သော်လည်းကောင်း၊ အချို့သောအသင်း သူ/သားတို့သည် ဓမ္မအမှုတော်ဆောင်များ (ဘုန်းတော်ကြီးများ၊ သင်းထောက်များ၊ ဓမ္မ ဆရာ/မ များ၊ ကျမ်းစာကျောင်းသူ/သားများ)မှာ ''အကြိုကုန်ဂျွန်ဆားချက်များ'' သာဖြစ်ကြ သည်ဟုပြောခြင်းကို စာရေးသူတစ်ဦးအနေဖြင့် ခံစားတွေ့ကြုံခဲ့ရဖူးပါသည်။ စာရေးသူတစ်ဦးကဲ့သို့ပင် အခြားလုပ်ဖော်ဆောင်ဖက်မိတ်ဆွေများ လည်း ဤကဲ့သို့ပြောဆိုခြင်းမျိုးကို ခံရဖူးသူများလည်းရှိနိုင်ပါသည်။ တစ်နည်းအားဖြင့် ဆိုလိုချင်သည့်သဘောတရားမှာ အသင်းတော်ပြင်ပလောကတွင်လုပ်ကိုင်ရန်လုပ်ငန်းမရှိသဖြင့် (သို့မဟုတ်) ပြင်ပလောက၌ လုပ်ငန်းဆောင်တာများလုပ်ဆောင်၍ အဆင်မပြေသဖြင့် နောက်ဆုံးတွင် ဓမ္မအမှုတော်ဆောင်အဖြစ်လုပ်ဆောင်ခြင်းဖြစ်သည်ဟု နားလည်ခြင်းဖြစ်သည်။

ထူးခြားသောရည်ရွယ်ချက်၊ သီးသန့်လုပ်ငန်းများအတွက် ဘုရားသခင်၏ရွေးကောက်ခေါ်ယူတော်မူခြင်းခံရသည့် ဓမ္မအမှုတော်ဆောင်များအား ''အကြိုကုန်ဂျွန်ဆားချက်ကြသူများ''သာဖြစ်သည်ဟုပြောဆိုချက်များသည် စာရေးသူ တစ်ဦး၏ခံစားချက်၊ ယုံကြည်ချက်အရဆိုပါက (လုံးဝ)လွဲမှားသည့်သဘောသာဖြစ်သည်ဟု ခံယူပါသည်။ အမှန်စင်စစ် ဘုရားသခင့်အမှုတော်မြတ်၊ သာသနာတော်အတွက် ဘုရားသခင်ခေါ်ယူတော်မူခြင်းမှ လွတ်မြောက်ရန်မည် သူတစ်ဦးတစ်ယောက်မျှ ထွက်ပြေးတိမ်းရှောင် နိုင်ခြင်းမပြုနိုင်ပါ။ စိတ်ပါဝင်စားမှုမရှိ၍သော် လည်းကောင်း၊ ဝါသနာမပါ၍သော်လည်းကောင်း၊ ပညာအရည်အချင်းမရှိ၍သော်လည်းကောင်း၊ အားနည်းချက်များရှိ၍သော်လည်းကောင်း အမှုတော်မြတ်အတွက် ဘုရားသခင်မှ ရွေးကောက်ခေါ်ယူပါက ထိုဘုရားသခင့်ရွေး ကောက်ခေါ်ယူတော်မူခြင်းမှ မည်သူတစ်ဦး တစ်ယောက်မျှ ထွက်ပြေးတိမ်းရှောင်၍မရနိုင်ပေ။ ထွက်ပြေးတိမ်းရှောင်ရန်ကြိုးစားခဲ့သော်လည်း နောက်ဆုံးတွင်မူ ဘုရားသခင့်ရွေးကောက်တော်မူခြင်းကို လက်ခံရခြင်းသာလျှင်ဖြစ်သည်။

ယနေ့ဘုရားသခင့်အမှုတော်မြတ်(ဝါ) သာသနာတော်အတွက် သိက္ခာရဓမ္မအမှုတော်ဆောင်များအဖြစ် ရွေးကောက် ခေါ်ယူတော်မူခြင်း ခံရသူများထဲတွင် ငယ်ရွယ်၍အတွေ့ကြုံနည်းပါးသူများ၊ ပညာအရည်အချင်းမပြည့်စုံသူများ (လောက စံနှုန်းသတ်မှတ်ချက်အရ)၊ အသိုင်းအဝန်း၏ပြစ်ပယ်ခြင်းကိုခံရသူများ (အတိတ်က)၊ ဆိုးသောသူများ (အတိတ်က)၊ ရှိသကဲ့သို့ပင် ပညာအရည်အချင်းရှိသူများ၊ အတွေ့အကြုံရှိသူများ၊ လူတော်များ၊ ချမ်းသာကြွယ်ဝသူများလည်း ရှိနိုင်ပေသည်။ ဓမ္မအမှုတော်ဆောင်များတို့၏ အသက်တာ၊ အခြေအနေ၊ နောက်ခံကြောင်းတရားများ၌ မည်မျှပင်ကွဲပြားခြားနားစေကာမူ ၎င်းသည် ''အကြိုကုန်ဂျွန်ဆားချက်များ'' မဟုတ်ဘဲ၊ ဘုရားသခင်၏ကွဲပြားသောရွေးကောက်ခေါ်ယူတော်မူခြင်းသာလျှင် ဖြစ်ပေသည်။ ထို့ပြင်ဘုရားသခင့်အမှုတော်မြတ်အတွက် ဘုရားသခင်မှဖန်ဆင်းခံလူသားများအား ရွေးကောက်ခေါ်ယူတော်မူခြင်း၌ ကွဲပြားခြားနားမှု များရှိသည်ကို သမ္မာကျမ်းစာထဲတွင်သော်လည်းကောင်း ယနေ့ခေတ်အမှုတော်ဆောင်များ၏ အသက်တာများ၌သော်လည်းကောင်း မြင်တွေ့ နိုင်သည်။

ပရောဖက်ယောနသည် နိနဝေမြို့ သူ/ သားများအား ဘုရားသခင်ပြောခိုင်းသည့် သတင်းစကားအား ဟောကြားသက်သေခံရန် အတွက် ဘုရားသခင်ရွေးကောက်တော်မူခြင်းခံရသူဖြစ်သည်။ သို့သော်

သူသည်ထိုဘုရားသခင်၏ ရွေးကောက်တော်မူခြင်း၊ ဘုရားသခင့်စေလွှတ် ခြင်းမှလွတ်မြောက်နိုင်ရန်အလို့ငှါ တာရှုမြို့သို့ သင်္ဘောဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ သို့သော်ပရောဖက်ယောနသည် ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း၊ စေလွှတ်ခြင်းမှ ထွက်ပြေးတိမ်းရှောင်နိုင်ခြင်းမရှိပဲ ဘုရားသခင်စေခိုင်းသည့်အမှုတော်မြတ်(ဝါ) တာဝန်ကို ထမ်းဆောင်ရ ပေသည်။ ထို့နည်းတူပင် ဣသရေလလူမျိုးအား အီဂျစ်ပြည်မှထုတ်ဆောင်ရာ၌ ခေါင်းဆောင်တစ်ဦးအနေဖြင့် ဦးဆောင်ပေးရန် ရွေးကောက်ခေါ်ယူ တော်မူခြင်းခံရသည့်မောရှေသည်လည်း ဘုရားသခင့်ရွေးကောက်တော်မူခြင်း(ဝါ) ပေးအပ်သည့် ပေးအပ်သည့်တာဝန် ကိုထမ်းဆောင်ရန် ဆန္ဒမရှိခဲ့ပေ။ ဘုရားသခင်အားဆင်ခြေဆင်လက် များပေး၍ ငြင်းဆိုခဲ့သည်။ သို့သော် ဘုရားသခင်ရွေးကောက်တော်မူခြင်း(ဝါ) ပေးအပ်သည့် တာဝန်တို့မှ ထွက်ပြေးတိမ်းရှောင်ခြင်း မပြုနိုင်ခဲ့ပေ။

ထို့ပြင် ငယ်ရွယ်သည့်အချိန်မှစ၍ ရွေးကောက်ခေါ်ယူတော်မူခြင်းခံရသူများရှိသကဲ့သို့ပင် အတွေ့အကြုံများစွာ ကြွယ်ဝပြီးအသက်အရွယ်ကြီးရင့်သူများအားလည်း ရွေးကောက်ခေါ်ယူတော်မူခြင်းလည်းရှိပါသည်။ ယုတ်စွအဆုံး ကျွန်ုပ်တို့မမွေးဖွားမီကတည်းကပင် ဘုရားသခင်မှရွေး ကောက်ခေါ်ယူတော်မူပြီးဖြစ်သည်ကိုလည်း ပြန်လည်သတိချပ်သင့်ပေသည်။ (ယေရမိ ၁း၅၊ ဟေရှာယ ၄၉း၁)။ ပရောဖက်ရှမွေလသည် ငယ်ရွယ်သည့်အရွယ်ကတည်းကပင်ဘုရားသခင့် အမှုတော်၊ သာသနာတော်အတွက် ရွေးကောက် တော်မူခြင်းခံရသည့်သူဖြစ်သည်။ သို့သော် ရှင်ပေါလုသည် ဘုရားသခင်ကို ယုံကြည်သူ ခရစ်ယာန်များတို့အား ဆန့်ကျင်သတ်ဖြတ်သူအဖြစ်မှ တမန်တော်အရာအဖြစ်သို့ အသက်တာပြောင်းလဲကာ အတွေ့အကြုံ၊ ပညာအရည်အချင်းရှိမှ ရွေးကောက်တော်မူခြင်းခံရသူဖြစ်သည်။

သမ္မာကျမ်းစာထဲမှဖော်ပြသွားသည့် အထက်ပါသာဓကများမှ ကျွန်ုပ်တို့အတွက်ပြန်လည်သတိချပ်ရန်ကောင်းသည့်အချက်မှာ ဘုရားသခင်သည် အမှုတော်မြတ်အတွက် ဖန်ဆင်းခံ လူသားများအား ရွေးကောက်ခေါ်ယူတော်မူရာတွင် ကွဲပြားခြားနားမှုရှိခြင်းပင်ဖြစ်သည်။ ထို့ပြင် ဘုရားသခင့်အမှုတော်မြတ်နှင့် သာသနာတော်အတွက် ဘုရားသခင်ရွေးကောက်ခေါ်ယူတော်မူခြင်းခံရပါက ထိုအရာမှမည်သူတစ်ဦးတစ်ယောက်မျှ ထွက်ပြေးတိမ်းရှောင်နိုင်ခြင်း မပြုနိုင်ပေ။ ယနေ့အသင်းတော်၌လည်း သိက္ခာရဓမ္မအမှုတော်ဆောင်များအနေဖြင့် အမှုတော်ဆောင်နေကြသူများ၊ ဓမ္မဆရာများ၊ အမှုတော်/သာသနာတော်အတွက် ကျမ်းစာကျောင်းများ(သို့) ဓမ္မကောလိပ်တို့၌ ဓမ္မပညာဆည်းပူးကာ အသက်တာကိုပြင်ဆင်ကြသူများအပေါ် ဘုရားသခင်၏ ရွေးကောက်ခေါ်ယူတော်မူခြင်းမှာလည်း သမ္မာကျမ်းစာထဲရှိအထက်ဖော်ပြပါ ပုဂ္ဂိုလ်များကဲ့သို့ပင် တူညီသောသူများလည်းရှိနိုင်ပေသည်။

ထို့ကြောင့် ယနေ့အသင်းတော်၌ သိက္ခာရဓမ္မအမှုတော်ဆောင်တစ်ဦးအနေဖြင့် အမှုတော်ဆောင်နေကြသူများ၊ ဓမ္မဆရာများ၊ ကျမ်း စာကျောင်းသူ/သားများတို့သည် သာသနာတော်၊ အသင်းတော်ထဲသို့ မည်သို့မည်ပုံဖြင့် ဓမ္မအမှုတော်ဆောင်တစ်ဦးအနေဖြင့် ရောက်ရှိအမှုတော်ဆောင်နေစေကာမူ ထိုသူများတို့သည် အကြံကုန် ၍ဂျုန်ဆားချက်နေ သူများမဟုတ်ကြဘဲ ဘုရားသခင်မှအမှန်တကယ်ပင် အမှုတော်နှင့် သာသနာတော်အတွက် ရွေးကောက်ခေါ်ယူအသုံးပြုတော်မူခြင်းခံရသူများဖြစ်သည်ကို သတိချပ် လက်ခံသင့်ပေကြောင်း ဖော်ပြအပ်ပါသည်။



# နောက်ဆုံးနှစ်ကျောင်းသား/သူများ၏ ကွင်းဆင်းလေ့လာမှုမှတ်တမ်း

ပြီးဆုံးခဲ့သည့် (၂၀၁၅–၂၀၁၆) ပညာသင်နှစ်တွင် ဘုရားသခင်၏ပို့ဆောင်လမ်းပြခြင်းကြောင့် နွေရာသီတွင်ကွင်းဆင်းလေ့လာခြင်း ခရီးစဉ်ကို လွယ်လင့်တကူ ဖြတ်သန်းနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့ နောက်ဆုံးနှစ်ကျောင်းသား/သူများသည် နွေရာသီတွင် မန္တလေးသာသနာပိုင်နယ်ရှိ အင်းတော်နှင့် ကသာဘုန်းကြီးပိုင်နယ်သို့ သွားရောက်ကွင်းဆင်းလေ့လာနိုင်ခဲ့ပါသည်။

၎င်းကွင်းဆင်းလေ့လာမှု အဆင်ပြေစေရန် ဝိုင်းဝန်းကူညီပေးကြသော အလှူရှင်အသီးသီး အားလည်းကောင်း၊ ကွင်းဆင်းလေ့လာနိုင်ရန် စီစဉ်ပေးကြသော ကျောင်းအုပ်ဆရာတော်ကြီးနှင့်တကွ တာဝန်ရှိ ပုဂ္ဂိုလ်များကို အထူးတလည် ကျေးဇူးတင်ရှိပါသည်။ လက်ခံကြိုဆိုပေးသော နယ်စီးဘုန်းတော်ကြီးနော်ဆန်နှင့် ဘုန်းတော်ကြီးဇော်ခွန်တကွ ပျူငှာစွာကြိုဆိုကြသော အသင်းသူ/သား များကိုလည်း ကျေးဇူးဥပကာရ တင်ရှိပါသည်။

သွားရောက်ခဲ့သည့် အချိန်ကာလမှာ(၁၂. ၃. ၂၀၁၆ မှ ၁၈. ၄. ၂၀၁၆)အထိ တစ်လကျော် ကာလပင်ဖြစ်သည်။ ထိုကာလအတွင်း ဓမ္မပညာသင်ကြားခြင်း၊ လက်တင်မင်္ဂလာသင်ကြားခြင်း၊ သမ္မာကျမ်းစာလေ့လာ

သင်ကြားခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာတွင် ဘုရားကျောင်းမြေဖို့ခြင်း၊ မိလ္လာကျင်းတူးခြင်း၊ လူငယ်သင်တန်းအတွက် အဆောက်အဦးဆောက်လုပ်ခြင်းများကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်ခဲ့သည်။ မိတ်သဟာရဖွဲ့ခြင်းကို တစ်အိမ်ဆင်းတစ်အိမ်တက် ဘုရားရှိခိုးခြင်းအားဖြင့်လည်းကောင်း၊ မိတ်သဟာရကစားခြင်းဖြင့်သော်လည်းကောင်း၊ သင်ကြားခြင်းဖြင့်လည်းကောင်း နည်းလမ်းအဖုံဖုံဖြင့် ပြုလုပ်နိုင်ခဲ့ပါသည်။

သွားရောက်ခဲ့သည့် နေရာတိုင်းတွင် နွေးထွေးပျူငှာစွာ ကြိုဆိုတတ်သော တိုင်းရင်းသူ/သား များ၏ ပင်ကိုယ်ဖြူစင်မှုကို တွေ့ရှိရပါသည်။ ဝိညာဉ်ရေးဖက်တွင်လည်းအားမသန်သော်လည်း အားမပျော့သောသူများဖြစ်ကြပေသည်။ မဏ္ဍိုင်ကြီး(၄)ခု စလုံး၏ ပါဝင်လှုပ်ရှားမှုရှိသော အသင်းတော်များဖြစ်သောကြောင့် ဘုရားသခင်၏ အကြံအစည်တော်ကို ပိုမိုသိရှိရပါသည်။

ခရီးစဉ်နှင့်ပတ်သက်၍ သုံးသပ်ကြည့်မည်ဆိုပါက အမှုတော်ဆောင်အသက်တာတွင် အသင်းတော်ကို မည်ကဲ့သို့ ကိုင်တွယ်ကြည့်ရှုရမည်ကို သင်ယူရရှိကြသည်။ မဏ္ဍိုင်ကြီး(၄)ခု စလုံးကို မည်ကဲ့သို့ ပြိုင်တူ ရွေ့လျားမည်ကိုလည်း လမ်းညွှန်မှုပေးပါသည်။ အသင်းတော်ကြီးတစ်ခုလုံးကို တိုးတက်ဖို့ အသင်းတော်တစ်ခုလုံးပါဝင်ဖို့ရန် လိုအပ်သည်ကိုလည်း မီးမောင်းထိုးပြနေပါသည်။ ထို့ကြောင့် နယ်သို့ကွင်းဆင်းလေ့လာခြင်းမှ ရရှိသော သင်ခန်းစာများသည် မိမိတို့ လက်တွေ့အမှုတော်ဆောင်ခြင်း အသက်တာတွင် များစွာအထောက်အကူပြုသော အရာများဖြစ်ပေတော့သည်။

# ပုံနှိပ်မှတ်တမ်း

တာဝန်ခံစာတည်း
စောအယ်ဒီစိုး

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း
စောခလေးစော (မောင်ကောင်းကြီး)

ပုံနှိပ်တိုက်
ကိုမျိုးသန်း

ခုနှစ်
၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ရန်ကုန်။

အုပ်ရေ – ၄၀၀



တတိယနှစ် ကျောင်းသူကျောင်းသားများ



နောက်ဆုံးနှစ် ကျောင်းသူကျောင်းသားများ



ပထမနှစ် ကျောင်းသူကျောင်းသားများ



ဒုတိယနှစ် ကျောင်းသူကျောင်းသားများ